# ကြေးမုံ

The Mirror Daily

Established in 1957

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday 13 November 2019 ၆၈၃၂


**ကုသိုလ်ကောင်းမှုလျှင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှန့်နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

လောကဝင်(ဓမ္မပဒ-၁၁၆)

# မိတ္ထီလာ၌ (၂၇) ကြိမ်မြောက် တန်ဆောင်တိုင်မီးကြာမျှောပူဇော်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ

**မိတ္ထီလာ နိုဝင်ဘာ ၁၂**

မိတ္ထီလာ၌ အန္တကူမိုးကောင်းဆုတောင်းပြည့်ရေလယ်စေတီတော်၏ (၂၇) ကြိမ်မြောက် တန်ဆောင်တိုင်မီးကြာမျှောပူဇော်ပွဲကို နိုဝင်ဘာ ၁၀ မှ ၁၂ ရက်အထိ သုံးရက်တိုင်စည်ကားသိုက်မြိုက်စွာကျင်းပကြောင်း သိရသည်။

"အန္တကူမိုးကောင်းဆုတောင်းပြည့်ရေလယ်စေတီတော်ရဲ့ (၂၇) ကြိမ်မြောက် တန်ဆောင်တိုင်မီးကြာမျှောပူဇော်ပွဲကို နိုဝင်ဘာ ၁၀ ရက်ကနေ ၁၂ ရက်အထိ သုံးရက်တိုင်ကျင်းပတာဖြစ်ပါတယ်။ နှစ်စဉ် တန်ဆောင်မုန်းလပြည့်နေ့ဆိုရင် မီးကြာမျှောပွဲက အစည်ကားဆုံးနေ့ဖြစ်ပြီး ဒီနှစ်လည်း မီးကြာမျှောပူဇော်ပွဲ

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❍



မိတ္ထီလာ၌ (၂၇) ကြိမ်မြောက် တန်ဆောင်တိုင်မီးကြာမျှောပူဇော်ပွဲ ကျင်းပစဉ်။

# ထိုင်းနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများ မြန်မာနိုင်ငံသို့ ပြောင်းရွှေ့လုပ်ကိုင်ရန် လာရောက်ဆွေးနွေး

**ရန်ကုန် နိုဝင်ဘာ ၁၂**

လုပ်ခလစာ မြင့်တက်မှုကြောင့် ထိုင်းနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများ မြန်မာနိုင်ငံသို့ ပြောင်းရွှေ့လုပ်ကိုင်ရန် လာရောက်ဆွေးနွေးကြကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန (DICA) ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က ပြောသည်။

လက်ရှိ မြန်မာနိုင်ငံသို့ ထိုင်းနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်ဝင်ရောက်လျက်ရှိပြီး ထိုင်းနိုင်ငံ၏ စီးပွားရေးလုပ်ငန်းရှင်များကလည်း လုပ်အားခ သက်သာသည့်အတွက် မြန်မာနိုင်ငံသို့ ပြောင်းရွှေ့လိုခြင်းဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

"ထိုင်းရဲ့ ရင်းနှီးမြှုပ်နှံမှုကလည်း တိုးလာပါတယ်။ ကျွန်တော်တို့ဆီကို ထိုင်းနိုင်ငံ အတွင်းမှာရှိနေတဲ့ လုပ်ငန်းတွေရဲ့ လုပ်ခလစာကြောင့် မြန်မာနိုင်ငံကို ရွှေ့မယ်ဆိုပြီး လာဆွေးနွေးနေကြတာတွေ ရှိပါတယ်" ဟု ဦးသန့်စင်လွင်က ပြောသည်။

စာမျက်နှာ ၄ ကော်လံ ၅ သို့ ❂


KBZ BANK

(6) CONSECUTIVE YEARS

'BANK OF THE YEAR IN MYANMAR 2018'

Awarded by Financial Times (The Banker)

## ကြေးမုံ

# ပြည်သူများ လူမှုစီးပွားဘဝတိုးတက်ရေး

ပြည်သူ့အစိုးရ၏ အဓိကရည်မှန်းချက်များတွင် ပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်ရေးဟူသော အချက်လည်းပါသည်။ ပြည်သူဟုဆိုရာ၌ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများ၊ နိုင်ငံသားများ အားလုံးပါဝင်ပြီး ပြည်သူအားလုံး တစ်ပြေးညီမျှတစွာ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရမည့်တာဝန်များကို ဦးလည်မသုန်ဆောင်ရွက်နေသည်။

မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသည့် အများစုသော ပြည်သူလူထုမှာ နိုင်ငံ၏လူဦးရေ ၇၀ ရာခိုင်နှုန်းရှိသော ကျေးလက်နေပြည်သူများဖြစ်သည်။ နိုင်ငံ၏အဓိကစီးပွားရေးလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ ပြည်သူအများစု၏လူမှုဘဝကို မြှင့်တင်လိုလျှင် လယ်ယာစိုက်ပျိုးရေးကဏ္ဍကို မြင့်မားတိုးတက်လာအောင် မြှင့်တင်ရမည်ဖြစ်သည်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေလိုလျှင် စိုက်ပျိုးရေးကဏ္ဍ၏အဓိက လိုအပ်ချက်ဖြစ်သည့် လယ်ယာမြေပိုင်ဆိုင်မှုနှင့် အငြင်းပွားမှုပြဿနာများကို အမြန်ဆုံးဖြေရှင်းပေးရန် လိုအပ်မည်ဖြစ်သည်။

ထို့ကြောင့် ပြည်သူ့အစိုးရက လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီကိုဖွဲ့စည်းပြီး နေပြည်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် လယ်ယာမြေနှင့် အခြားမြေများစိစစ်ရေး ကော်မတီများအပြင် ခရိုင်နှင့် မြို့နယ်ကော်မတီများတွင်လည်း သက်ဆိုင်ရာ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးစီတို့ကို ထပ်မံဖြည့်စွက်တာဝန်ပေးခြင်းဖြင့် ပြည်သူလူထုအကျိုးစီးပွားကာကွယ်စောင့်ရှောက်မှုကို မြှင့်တင်ဆောင်ရွက်ပေးနေသည်။

နိုင်ငံတော်အဆင့် ဗဟိုကော်မတီဝင်များသည် နေပြည်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ကော်မတီများ၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ တစ်ပတ်တစ်ကြိမ် အစည်းအဝေးများကျင်းပပြုလုပ်ကာ အထောက်အကူ ပေးလျက်ရှိသည်။ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံထားရသူများ၏ နစ်နာမှုကို မူဝါဒ၊ လုပ်ငန်းစဉ် ၅၂ ချက်နှင့်အညီ စိစစ်ဆောင်ရွက်ခြင်း ရှိ/မရှိ၊ နစ်နာသူကာယကံရှင်(တိုင်ကြားသူ)၏ ဖြစ်စဉ်တင်ပြချက်များ မှန်ကန်မှု ရှိ/မရှိ၊ တင်ပြချက်မှန်ကန်ပါက အကျိုးစီးပွားနစ်နာမှုအတွက် ငွေကြေး သို့မဟုတ် မြေလျော်ကြေးပေးလျော်မှုများကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ပေးခြင်း ရှိ/မရှိ တို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

လက်ရှိတွင် ဝန်ကြီးဌာနများနှင့် တပ်မတော်က အသုံးပြုရန်မလိုအပ်သည့်မြေများကို ပြန်လည်စွန့်လွှတ်ပေးလျက်ရှိသည်။ စွန့်လွှတ်သည့် ရည်ရွယ်ချက်မှာ မူလပိုင်ရှင်ထံ ပြန်လည်ပေးအပ်ရန်၊ ပိုလျှံ၍စွန့်လွှတ်သည့် မြေများကို နိုင်ငံတော်ပိုင်မြေ (နိုင်ငံတော်အရန်မြေ) အဖြစ်ထားရှိရန်နှင့် ဝန်ကြီးဌာနအချင်းချင်းသို့ လွှဲပြောင်းပေးရန်ဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ရာ တစ်ချိန်သောကာလက အကြောင်းအမျိုးမျိုးဖြင့် သိမ်းဆည်းခံထားရသော မြေများသည် ယခုအခါ မူလပိုင်ရှင်များနှင့် နိုင်ငံတော်၏လက်ဝယ်သို့ ပြန်လည်ရောက်ရှိနေပြီဖြစ်၍ မြေမှန်၊ နေရာမှန်ရောက်ရှိလာပြီဟု ဆိုရမည်ဖြစ်သည်။

သို့သော် လွှဲပြောင်းပေးရမည့်မြေများနှင့်ပတ်သက်၍ အချိန်ကြန့်ကြာနေမှုများနှင့် အခက်အခဲပြဿနာများလည်း ရှိနေသေးသည်။ ပိုလျှံအပ်နှံသော နိုင်ငံတော်ပိုင်မြေများကို အများပြည်သူအကျိုးရှိအောင် အသုံးပြုရန်နှင့် အသုံးမပြုပါက သေချာစွာစာရင်းရေးသွင်း ထိန်းသိမ်းထားရှိရမည်ဖြစ်ကြောင်း လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက အသိပေးထားသည်။ မူလပိုင်ရှင်သို့ ပြန်လည်လွှဲပြောင်းထားသည့်မြေများတွင် အချို့မှာသက်ဆိုင်ရာဝန်ကြီးဌာနက စွန့်လွှတ်ထားပြီးဖြစ်သော်လည်း ကာယကံရှင်လက်ဝယ်သို့ရောက်ရှိရန် အချိန်ကြန့်ကြာမှုများ၊ ကာယကံရှင်လက်ဝယ်သို့ရောက်ရှိခြင်းမရှိဘဲ အခြားသူများထံသို့ပေးထားခြင်းများနှင့် မူလလက်ငုတ်နှင့် လက်ရှိလက်ငုတ် အငြင်းပွားနေမှုများကြောင့် အမှုတွဲများပြီးပြတ်မှုမရှိဘဲ နှောင့်နှေးကြန့်ကြာနေသေးသည်။

သို့ဖြစ်ရာ နိုင်ငံတော်က အလေးထားဆောင်ရွက်နေသော စွန့်လွှတ်လယ်ယာမြေနှင့် အခြားမြေများအရေးသည် တိုင်းပြည်၏လူအများစုဖြစ်သည့် လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်သူများနှင့်သက်ဆိုင်နေသဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားတိုးတက်ရေးကို မြှင့်တင်အားပေးဆောင်ရွက်ရာ၌ မြေပိုင်သူများ မြေပိုင်ခွင့်ရရှိရေး၊ နိုင်ငံပိုင်မြေများ နိုင်ငံတော်လက်ဝယ်တွင် ရောက်ရှိရေးအတွက် ပြည်သူ့အစိုးရ၏လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးလုပ်ငန်းစဉ်များ အောင်မြင်အောင် ဝိုင်းဝန်းလက်တွဲ ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်၌ မသန်စွမ်းအားကစားသမားများနှင့် တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၂**

မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်မြောက်ပိုင်းရှိ မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်၌ မသန်စွမ်းအားကစားသမားများနှင့် တွေ့ဆုံသည်။



တွေ့ဆုံစဉ် မသန်စွမ်းအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌကအဖွဲ့ချုပ်မှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၊ အိုလံပစ် မသန်စွမ်းအားကစားပြိုင်ပွဲ၊ အာရှမသန်စွမ်း အားကစားပြိုင်ပွဲနှင့် အရှေ့တောင်အာရှ မသန်စွမ်းအားကစားပြိုင်ပွဲများအတွက် ကြိုတင်ပြင်ဆင်နေမှုများ၊ ဥဩဏ်ရည်မသန်စွမ်းအားကစားအဖွဲ့ချုပ်အသစ် ဖွဲ့စည်းထားမှုနှင့် (၁၀)ကြိမ်မြောက် ဖိလစ်ပိုင် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ သွားရောက်ယှဉ်ပြိုင်ရန် ပြင်ဆင်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဝန်ကြီးဌာနအနေဖြင့် မသန်စွမ်းသူများအတွက် ဥပဒေ၊ နည်းဥပဒေများရေးဆွဲထားပြီး မသန်စွမ်းသူများအတွက် အခွင့်အရေးများကိုလည်း အမျိုးသားကော်မတီဖွဲ့စည်း၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မသန်စွမ်းသူများ၏ ရပ်တည်မှုနှင့်ဖွံ့ဖြိုးတိုးတက်မှုအတွက် မဟာဗျူဟာများချမှတ်ခြင်း၊ မသန်စွမ်းအမျိုးအစား ခွဲခြားခြင်းနှင့် အဆင့်သတ်မှတ်ခြင်း လုပ်ငန်းများ အကောင်အထည်ဖော် လျက်ရှိကြောင်း၊ ထို့ပြင် ရန်ပုံငွေထူထောင်၍ စီမံချက် များချမှတ်ပြီး အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုလာရောက်ခြင်းသည် မြန်မာနိုင်ငံ မသန်စွမ်း အားကစားအဖွဲ့ချုပ်၏ လုပ်ငန်း ဆောင်ရွက်နေမှုများကို လေ့လာပြီး လိုအပ်ချက်များကို ကူညီရန်လာ ရောက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အားကစားသမားများ အတွက် အာဟာရနို့များ ထောက်ပံ့ပေးခဲ့ပြီး မသန်စွမ်း အားကစားသမားများကို အာဟာရ ပိုမိုပြည့်ဝရေး ပံ့ပိုးကူညီနိုင်မည့် နည်းလမ်းများကို ဆွေးနွေးသည်။


**သတင်းစဉ်**

## Facebook ၏ လူမှုကွန်ရက်ဆိုင်ရာ စံနှုန်းများ

### (၁) အကြမ်းမဖက်ရ၊ မခြိမ်းခြောက်ရ

လုံခြုံရေးသည် ကျွန်ုပ်တို့ Facebook ၏ အဓိက ဦးစားပေး တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှု သို့မဟုတ် အများပြည်သူ၏ လုံခြုံမှုကို ထိခိုက်နိုင်သည်ဟု ယူဆရသော အကြောင်းအရာကို ဖယ်ရှားပြီး လိုအပ်ပါက သက်ဆိုင်ရာမှ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။





### (၂) မိမိကိုယ်မိမိ ထိခိုက်စေမှုကို ရှောင်ပါ

ကျွန်ုပ်တို့ Facebook မှ မိမိကိုယ်ကို ထိခိုက်နာကျင်အောင် ပြုလုပ်ခြင်းနှင့် သက်ဆိုင်သော အကြောင်းအရာများကို သေသေချာချာကိုင်တွယ်ပါသည်။ မိမိကိုယ်ကို နာကျင်စေမှု၊ အစားအသောက်မမှန်သော ရောဂါ သို့မဟုတ် မူးယစ်ဆေးဝါး သုံးစွဲမှု စသည်တို့ကို အားပေးအားမြှောက်ပြုသော အကြောင်းအရာများ သို့မဟုတ် ကြော်ငြာများကို ဖယ်ရှားသွားမည် ဖြစ်ပါသည်။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

သင့်စီးပွားရေး အောင်မြင်ဖို့
ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ကြေးမုံ
စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဦးကိုမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
၁၉၅၇ ဖေ ၁၆ တွင် စတင်တည်ထောင်သည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၈၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၈၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ရန်ကုန် – ပြည် – မကွေးလမ်းပြုပြင်ထိန်းသိမ်းထားရှိမှုနှင့် ဧရာဝတီတံတား (သရက် –အောင်လံ) တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၁၂**
ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန် – ပြည် – မကွေးလမ်း ပြုပြင်ထိန်းသိမ်းထားရှိမှုကို လမ်းတစ်လျှောက်ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြည် – မကွေးလမ်းပိုင်းပေါ်ရှိ ဘွက်ကြီးတံတားသို့ရောက်ရှိပြီး တံတားကြံ့ခိုင်မှုအတွက် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ၊ တံတားကမ်းကပ်ခုံ ရေတိုက်စားမှုမရှိရန် ကာကွယ်ထိန်းသိမ်းထားရှိမှု၊ ရေလမ်းကြောင်းအခြေအနေနှင့် တံတားရေလယ်တိုင်များ ကြံ့ခိုင်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မကွေးတိုင်းဒေသကြီး သရက်ခရိုင်၌ တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၃)မှ တည်ဆောက်နေသော ဧရာဝတီတံတား (သရက်–အောင်လံ) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးသည်။

ဧရာဝတီတံတား(သရက်–အောင်လံ)သည် မကွေးတိုင်းဒေသကြီး သရက်ခရိုင်တွင် တည်ရှိပြီး ဧရာဝတီမြစ်အရှေ့ဘက်ကမ်း အောင်လံမြို့နှင့် အနောက်ဘက်ကမ်း သရက်မြို့တို့ကို ဆက်သွယ်တည်ဆောက်ထားကာ စုစုပေါင်း တံတားအရှည် ၂၂၇၂ ဒသမ ၅ မီတာ၊ ယာဉ်သွားလမ်း အကျယ် ၈ ဒသမ ၅ မီတာ၊ လူသွားလမ်းတစ်ဖက်လျှင် တစ်မီတာစီပါရှိပြီး တံတားအောက် ရေလမ်းကင်းလွတ်အကျယ် မီတာ ၁၃၀၊ အမြင့် ၁၆ မီတာရှိ၍ တံတားအမျိုးအစားမှာ သံမဏိသံပေါင်ခုံး တံတားအမျိုးအစားဖြစ်ပြီး တံတား၏ ခံနိုင်ဝန်မှာ AASHTO HS 25 – 44 Loading ဖြစ်သည်။

အဆိုပါတံတားသည် ကျောက်ဖြူအထူးစီးပွားရေးဇုန်မှ သရက် – အောင်လံ – နေပြည်တော်ဖြတ်ပြီး ရွှေလီအထိ ဆက်သွယ်နိုင်သော စီးပွားရေးစင်္ကြံလမ်းမကြီးပေါ်ရှိ အရေးပါသော တံတားတစ်စင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ပြည်တွင်းလူငယ်မိတ်သဟာရအဖွဲ့ တိုင်းရင်းသားလူငယ်များနှင့်တွေ့ဆုံပွဲ တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၁၂**
ပြည်တွင်းလူငယ်မိတ်သဟာရအဖွဲ့ (Internal Youth Fellowship – IYF)မှ ကြီးမှူးကျင်းပသော တိုင်းရင်းသားလူငယ်များ တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ Myanmar Convention Centre ၌ ကျင်းပသည်။



**ဖျော်ဖြေ**

အခမ်းအနားတွင် တိုင်းရင်းသားရိုးရာအက၊ တေးသီချင်း၊ ကိုရီးယားရိုးရာအကတို့ဖြင့် ဖျော်ဖြေကြပြီး ပြည်တွင်းလူငယ်မိတ်သဟာရအဖွဲ့၏ လှုပ်ရှားမှတ်တမ်းဗီဒီယိုကို ပြသ၍ Jindallae Choir အဖွဲ့က အလင်းဖြစ်စေပြဇာတ်ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မိမိတို့နိုင်ငံအနေဖြင့် နည်းပညာများ၊ လူသားအရင်းအမြစ်များ၊ အဆောက်အဦ၊ လမ်း၊ တံတားများ၊ လျှပ်စစ်စသည့် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းရာတွင် အချိန်ယူရပါကြောင်း၊ သို့သော် စိတ်ကိုလူသားတစ်ဦးချင်းက ပိုင်ဆိုင်ထားသည့်အတွက် ချက်ချင်းတိုးတက်အောင် ကိုယ်တိုင်ဖြည့်ဆည်းဆောင်ရွက်၍ ရပါကြောင်း၊ မိမိတို့နိုင်ငံသည် တိုင်းရင်းသားပေါင်းစုံ စုပေါင်းနေထိုင်သည့် ပြည်ထောင်စုနိုင်ငံဖြစ်သည့်အတွက် ပြည်ထောင်စုစိတ်ဓာတ်ရှိရန် အရေးကြီးပါကြောင်း၊ ငြိမ်းချမ်းရေးသည် အရေးကြီးပြီး ငြိမ်းချမ်းမှ ဖွံ့ဖြိုးတိုးတက်နိုင်သကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှ ငြိမ်းချမ်းရေးရရန်လွယ်ကူမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးရရှိရန် လူတစ်ဦးချင်းစီ၏ စိတ်ထဲတွင် ငြိမ်းချမ်းချင်စိတ်ရှိရမည်ဖြစ်ကြောင်း၊ မိမိတို့၏စိတ်တွင် စွဲငြိနေသော သံသယစိတ်များ၊ အာဃာတတရားများ၊ အမုန်းတရားများ ကင်းစင်သွားရန် စိတ်ဓာတ်ရေးရာ ပြောင်းလဲနိုင်ရေးအတွက် စိတ်ဓာတ်ရေးရာ အသိပညာပေး(Mind Education)သည် အရေးကြီးပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်တွင်းလူငယ်မိတ်သဟာရအဖွဲ့၏ တည်ထောင်သူ ဒေါက်တာအုပ်ဆွန်းပတ်က Mind Lecture ကို ရှင်းလင်းပို့ချသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြည်တွင်းလူငယ်မိတ်သဟာရအဖွဲ့၏ တည်ထောင်သူ ဒေါက်တာအုပ်ဆွန်းပတ်နှင့်တွေ့ဆုံ၍ လူငယ်များကို Mind Education ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများ ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးကြသည်။ **သတင်းစဉ်**

**❂ ကမ္ဘာ့ရွှေဈေးကျဆင်းမှုမှ**

ပြီးခဲ့သည့် လေးလက ရွှေဈေးကို ပြန်ကြည့်ပါက ဇူလိုင်လတွင် ပြည်တွင်းရွှေဈေးမှာ အနိမ့်ဆုံးနှုန်း ငွေကျပ် ၁၀၉၉၀၀၀ (ဇူလိုင် ၁ ရက်) အမြင့်ဆုံးနှုန်း ငွေကျပ် ၁၁၄၉၄၀၀ (ဇူလိုင် ၃၁ ရက်)၊ ဩဂုတ်လတွင် ပြည်တွင်း ရွှေဈေးမှာ အနိမ့်ဆုံးနှုန်း ငွေကျပ် ၁၁၄၂၀၀၀ (ဩဂုတ် ၁ ရက်)နှင့် အမြင့်ဆုံးနှုန်း ငွေကျပ် ၁၂၆၀၅၀၀ (ဩဂုတ် ၂၉ ရက်)၊ စက်တင်ဘာလတွင် ပြည်တွင်းရွှေဈေးမှာ အနိမ့်ဆုံးနှုန်း ငွေကျပ် ၁၂၃၈၀၀ (စက်တင်ဘာ ၁၄ ရက်) နှင့် အမြင့်ဆုံးနှုန်း ငွေကျပ် ၁၃၀၇၀၀၀ (စက်တင်ဘာ ၅ ရက်)နှင့် အောက်တိုဘာလတွင် ပြည်တွင်းရွှေဈေးမှာ အနိမ့်ဆုံးနှုန်း ငွေကျပ် ၁၂၁၁၅၀၀ (အောက်တိုဘာ ၁ ရက်)နှင့် အမြင့်ဆုံးနှုန်း ငွေကျပ် ၁၂၂၉၀၀၀ (အောက်တိုဘာ ၁၀ ရက်) တို့ဖြစ်ကြောင်း ရွှေရောင်းဝယ်သူများထံမှ သိရသည်။ **ငြိမ်းငြိမ်း**

# တန်ဆောင်မုန်းလပြည့်ည၌ နတ်မောက်မြို့ ဗိုလ်ချုပ်ကြေးရုပ်ပန်းခြံတွင် အပန်းဖြေသူများဖြင့် စည်ကား

**နတ်မောက် နိုဝင်ဘာ ၁၂**
မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ ဗိုလ်ချုပ်ကြေးရုပ်ပန်းခြံတွင် နိုဝင်ဘာ ၁၁ ရက် တန်ဆောင်မုန်းလပြည့်ည၌ မြို့ပေါ်ရှိ ပြည်သူများနှင့် ကလေးငယ်များ ညချမ်းအချိန်တွင် အပန်းဖြေမှုများဖြင့် စည်ကားလျက်ရှိသည်။



"ဒီနေ့က တန်ဆောင်မုန်းလပြည့်ညဖြစ်တဲ့အတွက် ဗိုလ်ချုပ်ကြေးရုပ်ပန်းခြံကို ကလေးတွေနဲ့ အလည်လာရင်း အပန်းဖြေထွက်လာတာပါ။ ဒီလို LED ရောင်စုံမီးလုံးထွန်းထားတော့ ဗိုလ်ချုပ်ကြေးရုပ်ပန်းခြံက အရင်ကထက် ပိုလှပါတယ်။ အခုဆိုရင် မြို့ပေါ်ရှိ ကလေး၊ လူငယ်တွေက ရောင်စုံမီးလုံးတွေရှေ့မှာ မိမိဖုန်းလေးတွေနဲ့ အလှဓာတ်ပုံလေးတွေ ရိုက်ကြတယ်။ ကလေးတွေက ဗိုလ်ချုပ်ကြေးရုပ်ပန်းခြံအတွင်းမှာ ဒန်းလေးစီးရင်း၊ လျှောစီးရင်း ကစားကြရင်းနဲ့ ကျွန်မတို့ မိသားစုလာရောက်အပန်းဖြေရတာ ပျော်ရပါတယ်"ဟု တမာပင်ရပ်ကွက်နေသူ ဒေါ်လှတင်က ပြောသည်။

နတ်မောက်မြို့ တန်ဆောင်မုန်းလပြည့်ညတွင် မြို့ပေါ်ရှိ လူကြီး၊ လူငယ်၊ ကလေးငယ်များက ဗိုလ်ချုပ်ကြေးရုပ်ပန်းခြံတွင် ခေတ္တအပန်းဖြေခြင်းနှင့် အလှဓာတ်ပုံများ လာရောက်ရိုက်ကူးမှုများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**လှဝင်း(နတ်မောက်)**



# အီတလီဟင်းလျာ ရက်သတ္တပတ်လှုပ်ရှားမှုပွဲတော်နှင့် ကမ္ဘာကျော်ပန်းချီဆရာ လီယိုနာဒိုဒါဗင်ချီ ကွယ်လွန်ခြင်း နှစ်(၅၀၀) ပြည့် အထိမ်းအမှတ် ရန်ကုန်မြို့တွင် ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၂**

နိုဝင်ဘာ ၁၁ ရက်မှ ၁၇ ရက်အထိ ကျင်းပမည့် အီတလီဟင်းလျာ ရက်သတ္တပတ်လှုပ်ရှားမှုနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို နိုဝင်ဘာ ၁၁ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြား (၂) လမ်းရှိ မြန်မာနိုင်ငံ ဆိုင်ရာ အီတလီသံအမတ်ကြီး၏ နေအိမ်တွင် ကျင်းပခဲ့ သည်။

**အီတလီရိုးရာဓလေ့များကို မြှင့်တင်**

အီတလီဟင်းလျာရက်သတ္တပတ်လှုပ်ရှားမှုကို အီတလီနိုင်ငံခြားရေးဝန်ကြီးဌာနက ကြီးမှူး၍ တစ်ကမ္ဘာလုံးရှိ အီတလီသံရုံးများတွင် ကျင်းပမည်ဖြစ်ပြီး ရန်ကုန်မြို့ အီတလီသံရုံးမှလည်း အီတလီရိုးရာဓလေ့များအား မြှင့်တင်မည့်ပွဲတော်များကို ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ အီတလီသံအမတ်ကြီး မစ္စစ် အလက်ဇန္ဒရာ စကီရာဗိုထံမှ သိရသည်။

အီတလီဟင်းလျာ ရက်သတ္တပတ်လှုပ်ရှားမှုအပြင် အီတလီနိုင်ငံသား ကမ္ဘာကျော်ပန်းချီဆရာ လီယိုနာဒိုဒါဗင်ချီ(Leonardo da Vinci) ကွယ်လွန်ခြင်း နှစ် (၅၀၀) ပြည့်အထိမ်းအမှတ်အနေဖြင့် ၎င်း၏ ကမ္ဘာကျော်လက်ရာပန်းချီကားအစစ်အမှန်များနှင့် တစ်ထပ်တည်းကျသည့် ပုံစံတူ ဖန်တီးထားမှုများကို နိုဝင်ဘာ ၉ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ ရန်ကုန်မြို့ရှိ Rosewood Yangon ဟိုတယ်တွင် ဝင်ကြေးအခမဲ့ဖြင့် ပြသပေးလျက်ရှိကြောင်း အဆိုပါ သတင်းစာရှင်းလင်းပွဲမှ သိရသည်။

မြန်မာနိုင်ငံဆိုင်ရာ အီတလီသံအမတ်ကြီး မစ္စစ် အလက်ဇန္ဒရာစကီရာဗိုက "မြန်မာနိုင်ငံမှာ ကျင်းပတာကတော့ ဒီနှစ်က (၄) ကြိမ်မြောက်ပါ။ ဒီနှစ်မှာတော့ အီတလီနိုင်ငံသား စားဖိုမှူး Carlo Maria Ricca နဲ့ အီတလီအစားအစာအတွက် သင်တန်းပို့ချမယ့် စားဖိုမှူးလေးယောက်ရှိပါတယ်။ အဲဒီမှာ မြန်မာတစ်ယောက်ပါပါတယ်။ သူကတော့ မြန်မာနိုင်ငံက ပထမဆုံးလို့ ပြောလို့ရတဲ့ အီတလီနိုင်ငံ အချက်အပြုတ်သင်တန်း (ALMA) မှာ ချက်ပြုတ်နည်းသင်တန်း တစ်နှစ်သင်ခွင့်ရခဲ့တဲ့ မြန်မာစားဖိုမှူး ဦးရဲကိုနိုင်ပါ။ သူတို့က ကော့မှူးမှာရှိတဲ့ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ဖွင့်ထားတဲ့ Hospitality and Catering Training Academy (HCTA) ၊ နောက်တစ်ခုက မြန်မာနိုင်ငံခရီးသွားလုပ်ငန်းက ဖွင့်တဲ့ Myanmar Tourism Human Resources Development Association (MTHRDA)၊ မြန်မာနိုင်ငံရှိ အကြားအာရုံချို့ယွင်းသူ လူငယ်များအတွက် ရည်ရွယ်ဖွင့်လှစ်ထားသည့် Myanmar Deaf Chefs Association တို့မှာ အီတလီဟင်းလျာချက်ပြုတ်နည်း Master classes တွေ ပေးသွားမှာပါ"ဟု ပြောသည်။



အီတလီအစားအသောက်ဟင်းလျာများကို ချက်ပြုတ်ပြသနေစဉ်။

အီတလီနိုင်ငံ အချက်အပြုတ်သင်တန်း (ALMA) တွင် ဟင်းချက်နည်းသင်တန်းတက်ခဲ့သူ မြန်မာစားဖိုမှူး ဦးရဲကိုနိုင်က နိုဝင်ဘာ ၁၂ ရက်နှင့် ၁၄ ရက်တို့တွင် မြန်မာနိုင်ငံဆိုင်ရာ အီတလီသံအမတ်ကြီး မစ္စစ် အလက်ဇန္ဒရာစကီရာဗို၏ နေအိမ်တွင် သင်တန်းများ ပို့ချပေးသွားမည်ဖြစ်ကြောင်း အဆိုပါသတင်းစာရှင်းလင်းပွဲမှ သိရသည်။

**အထူးဟင်းလျာပွဲများ ရောင်းချပေးသွားမည်**

အီတလီဟင်းလျာရက်သတ္တပတ်အတွင်း ရန်ကုန်မြို့ရှိ L'Opera, E'Cucina, Casa Mai နှင့် Fratello အီတလီစားသောက်ဆိုင်များမှ လာရောက်စားသုံးသူအတွက် အီတလီအထူးဟင်းလျာပွဲများကို အထူးဈေးနှုန်းဖြင့် သတ်မှတ်ထားရှိရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခု နိုဝင်ဘာလအတွင်း ကျင်းပသည့် အီတလီအစားအသောက်ရက်သတ္တပတ်ပွဲတော်သည် တစ်ကမ္ဘာလုံးရှိ အီတလီသံရုံးထားရှိသော နိုင်ငံတိုင်းတွင် ကျင်းပခြင်းဖြစ်ပြီး သီးသန့်အနေဖြင့် လာမည့် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၂၃ ရက်တွင်လည်း အီတလီသံအမတ်ကြီး၏ နေအိမ်၌ အီတလီအစားအသောက်ပွဲတော်တစ်ခု ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲမှ သိရသည်။

"အဲဒီအခါကျရင် မြန်မာပြည်သူတွေ အပန်းဖြေ အနားယူစားသောက်နိုင်ဖို့အတွက် ရန်ကုန်မြို့မှာရှိတဲ့ အီတလီစားသောက်ဆိုင်တွေက အိမ်မှာလာဖွင့်ပါမယ်။ အများပြည်သူကို ဝင်ခွင့်ပေးမှာပါ။ မြန်မာ-အီတလီချစ်ကြည်ရေး တိုးမြှင့်လာဖို့ ရည်ရွယ်ပြီး သံအမတ်ကြီးနေအိမ်မှာပဲ ဖွင့်လှစ်မှာပါ။ သက်သက်သာသာဈေးနှုန်းနဲ့ အီတလီအစားအသောက်တွေ ရောင်းချမှာပါ"ဟု အီတလီသံအမတ်ကြီး မစ္စစ် အလက်ဇန္ဒရာစကီရာဗိုက ပြောသည်။

**သတင်း-ညွန့်ကိုကို၊ ဓာတ်ပုံ-လှမိုး**

## ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် နေပြည်တော်သို့ ရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၂**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms.Christine Schraner Burgener သည် ယနေ့ည ၇ နာရီ ၁၀ မိနစ်တွင် ထိုင်းနိုင်ငံမှ နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ရောက်ရှိသည်။

**ကြိုဆိုနှုတ်ဆက်**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အား နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချမ်းအေးနှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

အထူးကိုယ်စားလှယ်၏ မြန်မာနိုင်ငံ ခရီးစဉ်သည် နဝမအကြိမ်မြောက် ခရီးစဉ်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



❂ ထိုင်းနိုင်ငံမှ

ထိုသို့ ထိုင်းနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများ မြန်မာနိုင်ငံသို့ ပြောင်းရွှေ့လုပ်ကိုင်ရန် လာရောက်ဆွေးနွေးကြသည့်အထဲတွင် LED လုပ်ငန်း၊ မော်တော်ကားအပိုပစ္စည်းထုတ်လုပ်ရေးနှင့် မော်တော်ကားအလှဆင်ပစ္စည်း ထုတ်လုပ်ရေးတို့ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် အောက်တိုဘာလထဲတွင်လည်း ထိုင်းနိုင်ငံအခြေစိုက် Amata Group ဖြစ်သည့် Yangon Amata Smart and Eco City Ltd မှ Development and Operation of Smart and Eco City and Related Businesses ကဏ္ဍကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် အရှေ့ပိုင်းနှင့် တောင်ပိုင်းမြို့နယ် လေးထောင့်ကန်အနီးရှိ မြေဧရိယာ ဧက ၂၀၀၀ တွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုအားဖြင့် အမေရိကန်ဒေါ်လာသန်း ၂၇၄ ဒသမ ၆၈၀ ကို ရင်းနှီးမြှုပ်နှံထားကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA)၏ စာရင်းများအရ သိရသည်။

လက်ရှိ မြန်မာနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှာ ၁၉၈၈ ခုနှစ်မှ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၃၀ ရက်အထိ နိုင်ငံပေါင်း ၅၀ မှ လုပ်ငန်းပေါင်း ၁၈၃၇ ခု လာရောက်ရင်းနှီးမြှုပ်နှံထားပြီး စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၈၁ ဒသမ ၈၇၄ ဘီလီယံရှိကြောင်း၊ ယင်းအနက် ထိုင်းနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုပမာဏသည် အမေရိကန်ဒေါ်လာ ၁၁ ဘီလီယံကျော်ရှိပြီး တတိယမြောက် ရင်းနှီးမြှုပ်နှံမှုအများဆုံးနိုင်ငံဖြစ်ကြောင်း သိရသည်။ **ငြိမ်းငြိမ်း**

❍ ရွှေဖုံးမှ

လာရောက်လည်ပတ်သူကြည့်ရှုသူတွေ ၊ မီးကြာမျှောပူဇော်သူတွေနဲ့ ကြိတ်ကြိတ်တိုးစည်ကားပါတယ်။ အန္တကူမိုးကောင်းဆုတောင်းပြည့် ရေလယ်စေတီတော်အနီးက မိတ္ထီလာကန်ရေပြင်မှာ မီးကြာခွက်မျှောပြီး ဆုတောင်းပူဇော်ကြတဲ့ ဒေသခံတွေ၊ ရပ်ဝေးဒေသက လာတဲ့ဧည့်သည်တွေနဲ့ မိတ္ထီလာတန်ဆောင်တိုင်မီးကြာမျှောပူဇော်ပွဲက နှစ်စဉ်စည်ကားပါတယ်"ဟု အဆိုပါစေတီတော်ဂေါပကဥက္ကဋ္ဌ ဦးခင်ညိုက ပြောသည်။

မိတ္ထီလာတွင် ယမန်နှစ်က တန်ဆောင်တိုင်ဝက်ပါပွဲတော်ကျင်းပခဲ့သော်လည်း ယခုနှစ် ကျင်းပနိုင်ခြင်းမရှိဘဲ နဂါးရုံမဟာဗောဓိစေတီတော်၏ မသိုးသင်္ကန်းရက်ပြိုင်ပူဇော်ပွဲနှင့် ဆွမ်းသပိတ်လောင်းလှူပွဲ၊ အန္တကူမိုးကောင်းရေလယ်စေတီတော်၏ မီးကြာမျှောပူဇော်ပွဲများသာ ကျင်းပခဲ့သည်။ မိတ္ထီလာမြို့ရှိ သမိုင်းဝင် ရွှေစောလူးစေတီတော်၊ သမိုင်းဝင် ရွှေမြင်တင်စေတီတော်၊ ဓမ္မသုခရွှေစည်းခုံစေတီတော်၊ ဝမ်းတော်ပြည့်စေတီတော်နှင့် အခြားဘုရားပုထိုးစေတီတော်များတွင် တန်ဆောင်မုန်းလပြည့်နေ့က ဆီမီးပူဇော်သူ၊ ဘုရားဖူးလာရောက်သူများဖြင့် စည်ကားများပြားခဲ့ကြောင်း သိရသည်။ **ချမ်းသာ( မိတ္ထီလာ)**

## MMA ကမ္ဘာ့လက်ဝှေ့ချန်ပီယံ အောင်လအန်ဆန် ငါးသိုင်းချောင်းမြို့ ဒေသခံများနှင့်တွေ့ဆုံ

**ငါးသိုင်းချောင်း နိုဝင်ဘာ ၁၂**

မြန်မာ့သြဘာစိုက်ပျိုးရေးနည်းပညာ ဦးဆောင်ကုမ္ပဏီ၏ စီစဉ်မှုဖြင့် MMA ကမ္ဘာ့လက်ဝှေ့ချန်ပီယံ အောင်လအန်ဆန်နှင့် ဒေသခံတောင်သူများ တွေ့ဆုံပွဲကို နိုဝင်ဘာ ၁၂ ရက် မွန်းလွဲ ၂ နာရီခွဲက ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ ဘုရားလမ်းရှိ သိန်းထိုက်ဇော်ပွဲရုံခန်းမ၌ တွေ့ဆုံခဲ့ရာ လက်ဝှေ့ချန်ပီယံ အောင်လအန်ဆန်က ကမ္ဘာ့လက်ဝှေ့ချန်ပီယံတစ်ဦးအဖြစ် အောင်မြင်မှုရရှိအောင် ကြိုးပမ်းလေ့ကျင့်ဆောင်ရွက်ခဲ့ပုံများကို ရှင်းလင်းပြောကြားပြီး ဒေသခံတောင်သူများ၊ လူငယ်လူရွယ်များနှင့် ဒေသခံပြည်သူများကို တိုက်တွန်းအားပေးစကားပြောကြားခဲ့သည်။ အဆိုပါတွေ့ဆုံပွဲတွင် ငါးသိုင်းချောင်းမြို့ရှိ ဒေသခံတောင်သူ၊ ပြည်သူလူထုနှင့် လက်ဝှေ့ဝါသနာရှင်ပရိသတ်များ တွေ့ဆုံခဲ့ကြကြောင်း သိရသည်။

**စိုးမင်းဦး(ပြန်/ဆက်)**



**မနက်ဖြန် မွန်းတည့်ချိန်အထိခန့်မှန်းချက်**

**နေပြည်တော် နိုဝင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ **မိုး/ဇလ**

# ငွေတောင်ကျေးရွာ ရွှေဘုန်းပွင့်ဆုတောင်းပြည့်စေတီတော်တွင် မီးပုံးပျံနှင့် မီးရှူးတိုင် လွှတ်တင်ပူဇော်

**ဒီးမော့ဆို နိုဝင်ဘာ ၁၂**

တန်ဆောင်မုန်းလပြည့်နေ့ ညပိုင်းတွင် ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ငွေတောင်ကျေးရွာ ရွှေဘုန်းပွင့် ဆုတောင်းပြည့်စေတီတော်မြတ်ကြီးတွင် ကျေးရွာလူငယ်များ စုပေါင်း၍ မီးပုံးပျံလွှတ်တင်ပူဇော်ခြင်းနှင့် မီးရှူးတိုင် ထွန်းညှိပူဇော်ခြင်းကို အဆိုပါ စေတီတော်မြတ်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငွေတောင်ကျေးရွာ ရှမ်းပိုင်းရပ်ကွက် လူငယ်များက မီးပုံးပျံအသေးအလုံး ၂၀၀ ကို လွှတ်တင် ပူဇော်ပြီး ကျေးရွာအတွင်းရှိ အောင်မင်္ဂလာ၊ ရှမ်းပိုင်း၊ အောင်သီရိ၊ ရွှေဘုန်းပွင့်နှင့် ဘုရားဘုန်းရပ်ကွက်တို့မှ လူငယ်များက မီးပုံးပျံအကြီး လေးလုံး၊ မီးရှူးတိုင် နှစ်တိုင်တို့ကို လွှတ်တင်ပူဇော်ကြသည်။

ငွေတောင်ကျေးရွာသည် နှစ်စဉ်တန်ဆောင်မုန်း လပြည့်နေ့တွင် ရပ်ကွက်အလိုက် လူငယ်များ စုပေါင်း၍ မီးပုံးပျံလွှတ်တင်ပူဇော်ခြင်း၊ မီးရှူးတိုင် ထွန်းညှိပူဇော်ခြင်း တို့ကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပြီး ယခုနှစ်တွင် လာရောက်ကြည့်ရှုသူများဖြင့် စည်ကားလျက် ရှိကြောင်း သိရသည်။

ရီရယ်(ဒီးမော့ဆို)



# တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ



၂၀၁၉ ခုနှစ် တောင်ကြီးတန်ဆောင်တိုင်ပွဲတော် ညမီးကြီးပြိုင်ပွဲတွင် ပထမဆုရရှိသည့် တိမ်ယံမီးပုံးပျံ ယှဉ်ပြိုင်ခဲ့စဉ်။

**တောင်ကြီး နိုဝင်ဘာ ၁၂**

၂၀၁၉ ခုနှစ် တောင်ကြီးတန်ဆောင်တိုင်ပွဲတော် ပိတ်ပွဲနှင့်ဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၁၂ ရက် ညနေ ၅ နာရီက တောင်ကြီးမြို့ ကျောင်းကြီးစု ရပ်ကွက်ရှိ အဝေရာကုန်းသာယာမီးပုံးပျံကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းရင်းသားရိုးရာအဖွဲ့များက တိုင်းရင်းသား အကများဖြင့် ကပြဖျော်ဖြေညှော့ခံပြီး ဆုချီးမြှင့်ပွဲ ကျင်းပသည်။ တန်ဆောင်တိုင်ပွဲတော်စာပေပြိုင်ပွဲ(ဝတ္ထုတို) ပထမ၊ ဒုတိယ၊ တတိယ နှင့် နှစ်သိမ့်ဆုရရှိသူများ၊ စာပေပြိုင်ပွဲ(ဆောင်းပါး)ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူများ၊ စာပေပြိုင်ပွဲ(ကဗျာ)ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူများ၊ စာပေပြိုင်ပွဲ (ကာတွန်း )ပထမ၊ ဒုတိယ တတိယဆုနှင့် နှစ်သိမ့်ဆုရရှိသူများနှင့် မီးပုံးပျံပြိုင်ပွဲဆုရရှိသူများအား ဆုချီးမြှင့်ရာ ညမီးကြီး စိန်နားပန် စတုတ္ထ၊ ပဉ္စမ၊ ဂုဏ်ပြုဆုနှင့်နှစ်သိမ့်ဆု များ၊ နေ့လွှတ်ခြေနှစ်ချောင်း၊ ခြေလေးချောင်းအုပ်စု၊ မသိုးသင်္ကန်း ရက်လုပ်ပြိုင်ပွဲ၊ မြို့လုံးကျွတ်မဟာဘုံကထိန်လှည့်လည်ပွဲ၊ မီးပဒေသာ လှည့်လည်ပူဇော်ပွဲ၊ ခေတ်ပုံပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမဆုရရှိသူများနှင့် နှစ်သိမ့်ဆုရရှိသူများ၊ တန်ဆောင်တိုင်ဖွင့်ပွဲ၊ ပိတ်ပွဲသီချင်းပြိုင်ပွဲ ပထမနှင့်နှစ်သိမ့်ဆုရရှိသူများကို ပြည်နယ်ဝန်ကြီး များ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးဥက္ကဋ္ဌ၊ ပြည်နယ် ဝန်ကြီးချုပ်၏ဇနီး၊ ပြည်နယ်အဆင့်တာဝန်ရှိသူများ၊ အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့်ဇနီးတို့က ဆုများအသီးသီးချီးမြှင့်ပေးသည်။

ညမီးကြီးပထမဆုရရှိသော ရေအေးကွင်းရပ်ကွက်မှ တိမ်ယံမီး အား ငွေကျပ် ၇၅ သိန်း၊ ဒုတိယဆုရရှိသော မင်္ဂလာဦးရပ်ကွက်မှ ခေတ်ခဲ(A)မီးအား ငွေကျပ်သိန်း ၆၀၊ တတိယဆုရရှိသော မြို့မရပ်ကွက်မှ သွေးသစ်မီး အား ငွေကျပ်သိန်း ၅၀ နှင့် စိန်နားပန်ပထမဆုရရှိသော အေးသာယာ ရပ်ကွက်မှ ရောင်စုံမီးကို ငွေကျပ် ၃၅ သိန်း၊ ဒုတိယဆုရရှိသော ရွှေတောင်ရပ်ကွက်မှ ဒိန်ချဉ်မီးကို ငွေကျပ် ၂၅ သိန်း၊ တတိယဆုရရှိသော ကံသာရပ်ကွက်မှ မော်ကြည့်မီးကို ငွေကျပ် ၂၃ သိန်းတို့ကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်းတို့က ဆုများအသီးသီးချီးမ မြှင့်ပေးကြသည်။

ဆက်လက်၍ ရှမ်းပြည်နယ်ယဉ်ကျေးမှုအဖွဲ့က ကိန္နရီကိန္နရာ အက၊ လက်သိုင်းအကတို့ဖြင့် ဖျော်ဖြေပြီး တိုင်းရင်းသားယဉ်ကျေးမှု အဖွဲ့တို့က တန်ဆောင်တိုင်ပိတ်ပွဲသီချင်းဖြင့် ကပြဖျော်ဖြေကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က တောင်ကြီး တန်ဆောင်တိုင်ပွဲတော်အား ပိတ်သိမ်းကြောင်းကြေညာပြီး ပိတ်ပွဲ အထိမ်းအမှတ်မီးရှူးမီးပန်းများ ပစ်ဖောက်ကာ ညမီးကြီးမီးပုံးပျံ တစ်လုံး၊ စိန်နားပန်မီးပုံးပျံတစ်လုံးနှင့် မီကိုကော်ဖီမစ်ကုမ္ပဏီမှ မီးပုံးပျံငယ်အလုံး ၁၀၀၀ နှင့် နက်စ်ကော်ဖီမစ်ကုမ္ပဏီမှ မီးပုံးပျံငယ် အလုံး ၁၀၀၀ တို့ကို လွှတ်တင်ကြသည်။

အဆိုပါ တောင်ကြီးတန်ဆောင်တိုင်ပွဲတော်တွင် မီးပုံးပျံပြိုင်ပွဲဆု ချီးမြှင့်ငွေ စုစုပေါင်း ငွေကျပ် ၈၂၃၀၀၀၀ နှင့် မီးပဒေသာ လှည့်လည် ပြိုင်ပွဲတွင် ချီးမြှင့်ငွေစုစုပေါင်းမှာ ကျပ်သိန်း ၁၀၀ ဖြစ်ကြောင်း သိရ သည်။

မောင်မောင်သန်း(တောင်ကြီး)

## အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခု လှုပ်

**နေပြည်တော် နိုဝင်ဘာ ၁၂**

ယနေ့ မြန်မာစံတော်ချိန် ည ၉ နာရီ၊ ၅၄ မိနစ်၊ ၃၁ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက်မြောက်ဘက် မိုင် ၃၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (တိုက်ကြီးမြို့၏ အနောက်တောင်ဘက် ၁၃ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၁၇ ဒသမ ၁၇ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၈၃ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၄ ဒသမ ၁ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ ကြေးမုံ






# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ရွှေဘိုမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ရွှေဘို နိုဝင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ မြင့်နိုင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ရွှေဘိုမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးခဲ့ ကြောင်း သိရသည်။

**လမ်းညွှန်မှာကြား**

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရွှေဘိုမြို့ ရန်ကြီးအောင်ပန်းခြံအတွင်း အများပြည်သူ စိတ်ချမ်းသာစွာအပန်းဖြေရန် သတ်မှတ်နေရာအသီးသီး တို့၌ အသက်(၁၂)အောက် ကလေးကစားကွင်းနှင့် ရေပန်း ဥယျာဉ်ဆောင်ရွက်ထားရှိမှု၊ ကန်တော်မင်္ဂလာပန်းခြံကျုံး သန့်ရှင်းသာယာလှပမှုနှင့် ကျန်းမာရေးလျှောက်လမ်း ဆောင်ရွက်ထားရှိမှု၊ ပန်းမျိုးစုံအလှဥယျာဉ်နှင့် အမှတ်တရဓာတ်ပုံရိုက်ရန်နေရာများဆောင်ရွက်ထားရှိမှု၊ အမှတ်တရပစ္စည်းအရောင်းဆိုင်နှင့် ကဖေးဆိုင်တည်ဆောက် ပြီးစီးမှု၊ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ ဆောင်ရွက်ထားရှိမှုနှင့် ဗိုလ်ချုပ်ကြေးရုပ် ရင်ပြင်တိုးချဲ့ ဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ရွှေဘိုမြို့ အမှတ်(၁၀) မြတောင်ရပ်ကွက် ဂေါက်ကွင်းလမ်းဘေးအနီး သူနာပြုနှင့်သားဖွားသင်တန်း ကျောင်းဝင်းအတွင်း၌ ရွှေဘိုမြို့ သူနာပြုသင်တန်းကျောင်း သစ် အဆောက်အအုံများ ဆောက်လုပ်ပြီးစီးမှုအခြေအနေ ကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလအတွင်း ပြီးစီး ရေး၊ စံချိန်စံညွှန်းပြည့်မီရေးတို့ကို ဆောင်ရွက်သွားကြရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။


ထွန်းကိုကို(ယင်းမာပင်)

မြန်မာ့ရုပ်ရှင်နှစ်တစ်ရာပြည့် အထိမ်းအမှတ်

# ဦးပြည့်စုံနှင့် ရုပ်ရှင်စကားဝိုင်း (ဒုတိယပိုင်း)

**ဦးပြည့်စုံ** ။ ။ စွဲတာတွေ ကတော့ ကျွန်တော်တို့ကတော့ စတန့်ကားကြိုက်တာကိုး။ ဒါမှမဟုတ်ရင် သမိုင်းဆိုရင် ဦးချစ်ဖေရိုက်တဲ့ ကဝေမယ်တို့၊ ဘာတို့၊ ခင်ခင်ဥတို့ဆို ဥစ္စာစောင့်ကို ကောင်းတာ၊ ဘတင့်တို့၊ ခင်မေကြီးတို့၊ လွမ်းစေတီတို့ ဘာတို့ပေါ့။

**ကြည်စိုးထွန်း** ။ ။ ဆရာတို့ အဲဒီကားတွေ




ကြည့် ပြီးတော့ မကြောက်ဘူးလား။

**ဦးပြည့်စုံ** ။ ။ နည်းနည်းကြောက်တာ ပေါ့။ သရဲကားဆိုတော့ နည်းနည်းတော့လန့်တာပေါ့။ ဒါပေမယ့် လည်း လူက ကြောက်စရာမှ ကြည့်ချင်တယ် ဆိုတာ အဲဒီသဘောပေါ့။

**ကြည်စိုးထွန်း** ။ ။ ဆရာက အစုံကြည့်တာ ပေါ့နော်။ ခုနက ဆရာ ပြောတဲ့ မင်းအာဏာဆိုလည်း အလွမ်းကား လေးပေါ့ ဆရာ။

**ဦးပြည့်စုံ** ။ ။ Taste က အလွမ်းက ပိုထိတာပေါ့ဗျာ။ စတန့်ကားကတော့ လှုပ်ရှားတာပဲ ရှိတာပေါ့ဗျာ။

**ကြည်စိုးထွန်း** ။ ။ ဆရာ အလွမ်းကားနဲ့ ရယ်စရာကားဆို ဘယ်ဟာ ပိုသဘောကျလဲ။

**ဦးပြည့်စုံ** ။ ။ အလွမ်းကားက ပိုထိတာ ပေါ့။ ရယ်စရာက ခဏ ရယ်လိုက်ရတာပဲ။ ဦးရွှေရိုးဆို ခဏမေ့သွားတာပဲ။ ဒါပေမယ့် ဝေလွင်လွင်တို့ ဘာတို့ ကျတော့ ကောင်းပြန်ရော။ လော့ဒ်တင်နီဆင် (Lord Tennyson) ရဲ့ ကဗျာကို ပြန်ရိုက်တာ။

**ဦးပြည့်စုံ** ။ ။ အဲဒီမှာ ကင်မရာမန်းက ဦးသိန်းမောင်ပေါ့။ ပုသိမ်ဘက်မှာ သွားရိုက်တာ ဇာတ်ညွှန်းကျန်ရစ်ခဲ့လို့ ကားမရိုက်နိုင်ဘူး။ ဇာတ်ညွှန်းဆရာ ဆရာဟန်က ကျပ် By heart ရတယ်ဆိုလို့ တော်သေးတယ်။ သူက title က အရေးကြီးတာကိုး။ ဆရာကသိပ်တော်တာ။ ဦးဘကလေးကလည်း ဒေါ်ခင်ခင်ကို သိပ်မြတ်နိုးတာ။ ကွဲချင်လို့သာ ကွဲတာ။

**ကြည်စိုးထွန်း** ။ ။ ဆရာအသံတိတ်ခေတ်မှာ စွဲခဲ့တဲ့ကားတွေကို ပြောပါဦး ဆရာ။

**ဦးပြည့်စုံ** ။ ။ စွဲခဲ့တဲ့ ကားကတော့ ကျွန်တော်တို့က မြဂနိုင်ဆို အတော်ကြိုက်တာကိုး။ မြဂနိုင်က စတန့်လည်းပါတယ်၊ မြွေတွေဘာတွေ၊ နောက်ပြီးတော့ မီးပုံးပျံစီးတာတွေ အဲဒါလေးတွေ တော်တော်ကောင်းတယ်။

**ကြည်စိုးထွန်း** ။ ။ အဲဒါကတော့ အရင်တစ်ပတ် ကလည်း ကျွန်တော် ဆရာဦးမြင့်စိုးနဲ့ ပြောထားတယ်။ ဒီကားလေးက ကျွန်တော့်ဆီမှာရှိတော့ မြန်မာ့ရုပ်ရှင်နေ့ အောက်တိုဘာလ ၁၃ ရက်နေ့က မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှာ အဲဒီကားလေးပြပေးခဲ့ပါတယ်။ ဒါမှ ဒီခေတ်လူငယ်တွေလည်း အသံတိတ်ရဲ့အရသာ ဘယ်လိုရှိတယ်ဆိုတာလေး သိအောင်ပေါ့။ ဆရာပြောသလိုပေါ့။ ဆရာတို့ လူငယ်ဘဝတုန်းက စတန့်ကားတွေကို ဘာဖြစ်လို့ကြိုက်ခဲ့တယ်ဆိုတာလေးတွေ အဲဒါလေးတွေလည်း အရသာခံနိုင်အောင် အဲဒီကားလေးပြဖို့လည်း ကျွန်တော်ကြိုးစားနေပါတယ်။

**ဦးပြည့်စုံ** ။ ။ ကောင်းပါတယ်။ မြဂနိုင်က ဒါတောင်မှ အပိုင်းက မစုံတော့ဘူး။ ရှေးတုန်းက ဒီထက်စုံတာကိုး။ မြဂနိုင်ကတော့ အကောင်းဆုံးပေါ့၊

**ကြည်စိုးထွန်း** ။ ။ နောက်စွဲတဲ့ကား ဘာရှိသေးလဲ ဆရာ။

**ဦးပြည့်စုံ** ။ ။ အသံတိတ်ထဲက ဆိုရင် ခုနကပြောတဲ့ ပန်းစေတီတို့ ဘာတို့ ခင်ခင်နုတို့၊ ခင်မေကြီးတို့၊ ဘတင့်တို့ ဒါတွေက ကောင်းတယ်။

**ဦးပြည့်စုံ** ။ ။ နောက် စတန့်ကားပဲ


ခင်ခင်ဥ၊ ဦးချစ်ဖေ

တော်တော်ထူးဆန်းတာက ရဲသုံးဖော်ဆိုတဲ့ကား တိဘက်မှာ သွားရိုက်လာတယ်လေ။ တင်ဖေရယ် ၊ တင်ဆွေရယ် ၊ တင်ငွေရယ် သုံးယောက် သူတို့ဘုရားသွားခိုးတာတဲ့။ အဲဒီရှေးဘုရားကို ခိုးလို့ရှိရင် လေဖြတ်ထားတဲ့သူ ပျောက်တယ်ဆိုလို့။ ဒါပေမယ့် ဦးအောင်မြတ်က သိပ်တော်တာ၊ ဒီကနေပြီးတော့ ရုပ်သေဓာတ်ပုံဆရာပဲ ခေါ်သွားတာ။ ဟိုမှာ တိဘက်ဘုရားကျောင်းတွေ ဘာတွေ ရိုက်ခဲ့ပြီး ဒီမှာလုပ်ယူတာ။ အဲဒါလည်း ရုပ်ရှင်ပညာပဲပေါ့ဗျာ။ တကယ့်နေရာကို သွားရိုက်စရာ ဘာမှမလိုဘူး။ ကျွန်တော်တို့ဆို ရထားကို ဆက်တင်ထဲမှာပဲ ရထားလုပ်ရိုက်တာ ရတာပဲမဟုတ်လား။ ဘေးက Scene တွေကျတော့ ရိုက်လာခဲ့တာပေါ့။ အဲဒီလို လုပ်ရတာပဲ။ ရုပ်ရှင်ရဲ့ ပညာပဲပေါ့။

**ကြည်စိုးထွန်း** ။ ။ အဲဒီတော့ ဆရာ ရဲသုံးဖော် ပြီးတော့ နောက် ဘယ်ကားတွေ ဆရာကြိုက်သေးလဲ။

**ဦးပြည့်စုံ** ။ ။ ရဲသုံးဖော်ပြီးတော့ ကျွန်းငွေသောင် ဆိုတာက အင်မတန်ကောင်းတာပဲ။ ဒါ အင်္ဂလိပ်ကားပဲလေ။ ကျွန်းတစ်ကျွန်းမှာ သွားပြီးတော့ သင်္ဘောပျက်သွားတော့ သုံးယောက်ပေါ့။ ယောကျ်ားလေးနှစ်ယောက်နဲ့ မိန်းကလေးတစ်ယောက်။ ထွန်းသိန်း၊ ဘတင့်၊ ကျော်မိုး၊ ခင်စန်းတို့နဲ့ အဲဒီလိုဇာတ်မျိုးတောင် ဆရာခန့်က ရိုက်ခဲ့တာ။ ဆရာခန့်က တကယ် Genius ပဲ။ တွံတေးက ကျောင်းဆရာ။

**ကြည်စိုးထွန်း** ။ ။ ဩော် ဘယ်အဆက်အသွယ်နဲ့ ရောက်လာတာလဲ။

**ဦးပြည့်စုံ** ။ ။ သူက အပြသိပ်တော်တဲ့သူ၊ ပြဇာတ်မှာလည်း အင်မတန်တော်တာကိုး။ ပြတဲ့နေရာက ခမ်းနားတာ။ အဲဒါကြောင့် အသံထွက်မှာ သူ့ကို ဘယ်သူမှမမီဘူး။ သူက အက်ရှင်ရိုက်တော့လည်း ကောင်းတာပဲ။ ရဲခေါင်တို့၊ မဲခေါင်တို့ဆိုတာ ဗြိတိသျှဘားမားကို ကယ်ခဲ့တာ။ ဗုဒ္ဓဝင်မှာ ဒုက္ခရောက်သွားတော့ ရဲခေါင် မဲခေါင် ဆိုပြီးစရိုက်တာ။ မောင်မောင်အေးနဲ့ရိုက်တာလေ။ မောင်မောင်အေးဆိုတာ ကလန်ကလားကြီး၊ ဘယ်မြင်းစီးနိုင်မလဲ။ လူစားနဲ့ ရိုက်တာပေါ့။

**ကြည်စိုးထွန်း** ။ ။ ဩော် ဆရာခန့်က တော်တော်ကိုအိုင်ဒီယာကောင်းတာပေါ့။

**ဦးပြည့်စုံ** ။ ။ ကျွန်တော်တို့ စာရေးဆရာ အသင်းမှာဆို ဆရာခန့်က နှစ်တိုင်းလာကူတာ။ စာဆိုတော် ပြဇာတ်ဆို သူအမြဲလာတယ်။

**ကြည်စိုးထွန်း** ။ ။ လူပုံက ဘယ်လိုလဲ ဆရာ ဆရာခန့်က။

**ဦးပြည့်စုံ** ။ ။ ဆရာခန့်က သျှောင်ကြီးနဲ့ တော်တော်လေးကို ခန့်ခန့်ညားညားပဲ။ ပတ်ပေါင်းလေးနဲ့ ဦးအောင်ဇံတို့၊ ဘာတို့ နောက်တော့မှ ဗိုလ်ကေတွေ ညှပ်ပစ်ကြတာ။

**ကြည်စိုးထွန်း** ။ ။ ဦးအုန်းမောင်ကတော့ ဗိုလ်ကေညှပ်လား။

**ဦးပြည့်စုံ** ။ ။ ဦးအုန်းမောင်က မညှပ်ဘူး ဒီအတိုင်းပဲ။ စစ်ပြီးတော့ ကျွန်တော့်ဦးလေးက ဓာတ်ပုံဆရာကိုး၊ ကျွန်တော်လိုက်လိုက်သွားတာ လန်ဒန်အတ်ကို။ သူက စတိုင်နဲ့ သူ့ဒွေးဂိုက်တောင် မပျောက်သေးဘူး၊ ဘွတ်နဲ့ ရှုတ်နဲ့ ခေါင်းပေါင်းနဲ့ ဆေးတံနဲ့ အဲဒီလိုနေတာ။ သူ့ဒွေးညဉ်ကတော့ မပျောက်ဘူး သူက။







စာမျက်နှာ ၇ သို့ ❖

❖ စာမျက်နှာ ၆ မှ

အဲဒီလန်ဒန်အတက်က ဦးဘဖေကလည်း ရုပ်ရှင်ဝါသနာအိုးကြီး၊ "ဥမ္မာဒန္တီ" ရိုက်ဆိုတော့ ဦးဘဖေပြောတာ မဆိုးဘူးဆိုပြီးတော့ ပုသိမ်တင်တင်ကို ရေးခိုင်းတာ၊ ပုသိမ်တင်တင်ဆိုတာ အကော်ဒီယံတီးတာ သိပ်တော်တယ်။ ပုသိမ်ဒေါ်တင်တင်က ဥမ္မာဒန္တီ သူရေးတာ။ ဖိုးပါကြီးနဲ့ မေရီမြင့်နဲ့ ဇေယျက စစ်ဗိုလ်ကြီးလေ။



ဦးအောင်ဇံ

**ကြည်စိုးထွန်း** ။ ။ ဆရာ အဲဒါဆို အသံထွက်သွားပြီပေါ့ ဆရာ။

**ဦးပြည့်စုံ** ။ ။ အသံထွက် မဟုတ်ဘူး။ အသံတိတ်။ နောက်မှ ပြန်ရိုက်တာ။

**ကြည်စိုးထွန်း** ။ ။ ကျွန်တော်က နောက်မှ ပြန်ရိုက်တဲ့ ဟာကို ကြည့်ဖူးတာကိုး ဆရာ။

**ဦးပြည့်စုံ** ။ ။ ဦးဘဖေကနေ ရိုက်ပါလားဆိုတာကို ရိုက်တာပေါ့။ ဒါရိုက်တာက ဦးချင်းစိန်။

**ကြည်စိုးထွန်း** ။ ။ ကျွန်တော်တို့ ရုပ်ရှင်စတယ်ဆိုတာ အသံတိတ်နဲ့ စတာပဲနော် ဆရာ။ အသံတိတ်နဲ့ စခဲ့ရပြီးတော့ စာတန်းတွေထိုးတာပေါ့။ ရုပ်ရှင်စတာက နိုင်ငံတကာမှာ ၁၈၉၅ ခုနှစ်က ပေါ်ပြီးတော့မှ ၁၉၂၈-၂၉ ခုနှစ်လောက်ကျမှ



မောင်မောင်အေး

အသံထွက်တာကိုး။ Jazz Singer တို့ ဘာတို့။ အဲဒီတော့ ကမ္ဘာမှာ ရုပ်ရှင်မှာ အသံစထွက်တာက ၁၉၂၈ ခုနှစ်ပတ်ဝန်းကျင်ပေါ့နော် ဆရာ။ အဲဒီတော့ တစ်ခါ ကျွန်တော်တို့ ဒီဘက်ကို ရောက်လာတာ အသံဘယ်တော့ထွက်လဲဆိုတော့ "ငွေပေးလို့မရ" တို့ဆို ၁၉၃၂ ခုနှစ် ကမ္ဘာမှာ အသံထွက်တာက လေးနှစ်လောက်ကြာတော့ ကျွန်တော်တို့လည်း အသံထွက်တယ်။ လေးနှစ်ပဲ နောက်ကျတယ် ဆရာ။ တရုတ်ပြည်လည်း အဲဒီလောက်ပဲ ဆရာ။ ထိုင်းလည်း အဲဒီလောက်ပဲ ကျွန်တော် သိသလောက်တော့။

**ဦးပြည့်စုံ** ။ ။ ကျွန်တော်တို့က သိပ်နောက်မကျဘူး။

**ကြည်စိုးထွန်း** ။ ။ နောက်မကျဘူး၊ ဒါပေမယ့် ဆရာ ကျွန်တော်ဆိုရင် ၁၉၄၅ ခုနှစ်မှာ မွေးတယ်။ ဒါပေမယ့် ကျွန်တော် အသံတိတ် ကြည့်ဖူးတယ် ဆရာ။ ကျွန်တော်တို့ မြန်မာကားတွေက အသံတိတ်ကို ဘယ်ခေတ်အထိ ပြသလဲ ဆရာ။

**ဦးပြည့်စုံ** ။ ။ အသံတိတ်က Used to ဖြစ်တာကိုး။ ရုံတိုင်းရုံတိုင်းမှာ ပြလို့ရတယ်။

**ကြည်စိုးထွန်း** ။ ။ ကျွန်တော် ထင်တယ်။ ၁၉၅၆ ခုနှစ်လောက်ထိအောင် အသံတိတ်ရှိတုန်းပဲ။ တကယ်တော့ ၁၉၃၂ ခုနှစ်မှာ အသံထွက်ကားတွေပေါ်ပြီ။ ဒါပေမယ့် ဆယ်နှစ် ဆယ့်သုံးလေးနှစ်လောက်ထိအောင် အသံတိတ် ဆက်ရိုက်နေတုန်းပဲ။

**ဦးပြည့်စုံ** ။ ။ အဲဒါက ခုနကပြောသလိုပေါ့ဗျာ။ ကျွန်တော်တို့က ဒုတိယကမ္ဘာစစ်နဲ့တွေ့လိုက်တော့ ရုပ်ရှင်က တန့်သွားတာပေါ့။ သဘောက စစ်ပြီးတော့ အစကနေပြန်စရတာ။ အခုတောင် ဆရာတို့ နိုင်ငံခြားတွေ ဘာတွေထွက်လို့ အမြင်ကျယ်လာလို့၊ ဒါတောင်မှ တချို့က တိတ်နဲ့ ရိုက်ပြီးမှ ဖလင်ကူးတာတို့ လုပ်နေတယ်။ ကျွန်တော်မေးကြည့်တော့ ကုန်ကျစရိတ်အများကြီး ကျတာပဲတဲ့။

**ကြည်စိုးထွန်း** ။ ။ ခေတ်အဆက်ဆက်မှာတော့ အပြောင်းအလဲတွေက ရှိလာတာပေါ့နော် ဆရာ။ ခုနလို အသံတိတ်ကနေပြီးတော့ အသံထွက်ပြောင်းလာတယ်။ နောက်တစ်ခါကျတော့ ရိုးရိုး screen တွေက မြင်ကွင်းကျယ် ပြောင်းလာတယ်။







(ဆက်လက်ဖော်ပြပါမည်)



## ပွင့်ဖြူမြို့နယ်၌ ရှင်ဥပဂုတ္တမထေရ်မြတ် ဆီမီး ၃၀၀၀ မီးမျှောပူဇော်ပွဲကျင်းပ

ပွင့်ဖြူ နိုဝင်ဘာ ၁၂

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ရှင်ဥပဂုတ္တမထေရ်မြတ် ဆီမီး ၃၀၀၀ မီးမျှောပူဇော်ပွဲကို နိုဝင်ဘာ ၁၁ ရက် ည ၈ နာရီက ပွင့်ဖြူမြို့ အနောက်ပိုင်းရပ်ကွက်အနီး မုန်းချောင်းအတွင်း၌ စည်ကားစွာ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ရှင်ဥပဂုတ္တမထေရ်မြတ် ဆီမီး ၃၀၀၀ မီးမျှောပူဇော်ပွဲကို ယခုနှစ်တွင် (၂၆) ကြိမ်မြောက်အဖြစ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများက မုန်းချောင်းသို့လာရောက်ပြီး ဆီမီးများ ထွန်းညှိပူဇော်၍ ရေဘေး၊ လေဘေး၊ မီးဘေး ကပ်ကြီးသုံးပါးကင်းဝေးစေရန် ဆုတောင်း၍ ရှင်ဥပဂုတ္တမထေရ်မြတ်အား ပွင့်ဖြူမြို့ အနောက်ပိုင်းရပ်ကွက်မှ သရက်အုပ်ကျေးရွာအထိ မီးမျှောပူဇော်ခဲ့ကြပြီး သရက်အုပ်ကျေးရွာနေ ပြည်သူများက ရှင်ဥပဂုတ္တမထေရ်မြတ် ဆီမီး ၃၀၀၀ မီးမျှောဖောင်တော်ကို တစ်ရက်တာထားရှိ အပူဇော်ခံမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့မြို့နယ်မှာ ရှင်ဥပဂုတ္တမထေရ်မြတ် ဆီမီး ၃၀၀၀ မီးမျှောပူဇော်ပွဲကျင်းပလာတာ အခုနှစ်ဆိုရင် (၂၆)ကြိမ်မြောက်ရှိသွားပါပြီ။ ရှင်ဥပဂုတ္တမထေရ်မြတ် ဆီမီး ၃၀၀၀ မီးမျှောပူဇော်ပွဲ ကျင်းပရတဲ့ ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့ မြို့နယ်မှာရှိတဲ့ ဒေသခံပြည်သူတွေ (ရေဘေး၊ လေဘေး၊ မီးဘေး) ကပ်ကြီးသုံးပါး ကင်းဝေးစေဖို့ ဆောင်ရွက်ခြင်းဖြစ်ပြီး အခုလိုကျင်းပနိုင်ရေးအတွက် မြို့ပေါ်ရပ်ကွက်နေပြည်သူတွေ၊ စေတနာအလှူရှင်တွေက စေတနာသဒ္ဓါတရားထက်သန်စွာနဲ့ အလှူငွေတွေ ထည့်ဝင်လှူဒါန်းကြပါတယ်။ နောက်ပြီး ကျွန်တော်တို့ အနောက်ပိုင်းရပ်ကွက်မှာရှိတဲ့ လူငယ်မောင်မယ်တွေကလည်း မီးမျှောပူဇော်ပွဲအတွက် လိုအပ်သမျှ တက်တက်ကြွကြွနဲ့ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါတယ်။ အခုနှစ်မှာဆိုရင် ရှင်ဥပဂုတ္တမထေရ်မြတ် ဆီမီး ၃၀၀၀ မီးမျှောပူဇော်ပွဲ ကျင်းပဖို့အတွက် ငွေကျပ် ၂၅ သိန်းကျော်ခန့် ကုန်ကျခဲ့ပါတယ်"ဟု ပွင့်ဖြူမြို့ ရှင်ဥပဂုတ္တမထေရ်မြတ် ဆီမီး ၃၀၀၀ မီးမျှောပူဇော်ပွဲ ဖြစ်မြောက်ရေးအဖွဲ့မှ အဖွဲ့ဝင်တစ်ဦးက ပြောကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ဆုတောင်းပြည့်သမိုင်းဝင်ဆံတော်ရှင် ဒေးစွန်ပါစေတီတော်မြတ်ကြီး ရင်ပြင်တော်၌ ဆေးပေါင်းခပွဲတော် အထူးစည်ကား



**ပဲခူး နိုဝင်ဘာ ၁၂**
ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဝမ်းဘဲအင်းကျေးရွာအနီး တည်ထားကိုးကွယ်သော ဆုတောင်းပြည့်သမိုင်းဝင် ဆံတော်ရှင် ဒေးစွန်ပါစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်တွင် တန်ဆောင်မုန်းလပြည့်နေ့ (နိုဝင်ဘာ ၁၁ ရက်) ညက ဆေးပေါင်းခပွဲတော် လာရောက်ပြုလုပ်သူများနှင့် အထူးစည်ကားခဲ့ကြောင်း ဂေါပကအဖွဲ့မှ သိရသည်။

ဒေးစွန်ပါဘုရားတည်ထားကိုးကွယ်ရာ ဒေးစွန်ပါတောင်တန်းသည် တောင်နိမ့်ပေါင်း ၂၀ ကျော် သွယ်တန်းလျက်ရှိပြီး အခွန်လွတ်သာသနာ့မြေ ၂၃၆ ဒသမ ၀၂ ဧက ကျယ်ဝန်းကာ တောတောင် လျှိုမြောင် ချိုင့်ဝှမ်းငယ်များဖြင့် သာယာလှပလျက် ဆေးပင်၊ ဆေးမြစ်များ၊ ဆေးဥများ ပေါက်ရောက်လေ့ရှိသောကြောင့် အနယ်နယ်အရပ်ရပ်မှ ဆေးမြစ်တူးဖော်သူများ လာရောက်လေ့ရှိကြပြီး ဆေးဖက်ဝင်အပင်များ တူးဖော်ကြကြောင်း သိရသည်။

တန်ဆောင်မုန်းလဆန်း ၁၄ ရက်၊ လပြည့်နေ့နှင့် လပြည့်ကျော် ၁ ရက်နေ့တို့တွင် တန်ဆောင်တိုင်ပွဲတော် ကျင်းပခြင်း၊ ဆေးပေါင်းခပွဲတော် ကျင်းပခြင်းများ လာရောက်ပြုလုပ်လေ့ရှိရာမှ ဒေးစွန်ပါစေတီတော်မြတ်ကြီးသည် နှစ်စဉ် စည်ကားလေ့ရှိသည်။

လပြည့်နေ့ ည ၁၂ နာရီမတိုင်မီ ဆေးကြိတ်သူဘိုးတော်များသည် ဒေးစွန်ပါတောင်တန်းရှိ လူစည်ကားရာအရပ်နှင့် အနည်းငယ်ကွာဝေးသော တောင်တန်းများ၌ ဆေးကြိတ်မှုများပြုလုပ်လေ့ရှိရာ ယခုနှစ်တွင် ပိတ်ဖြူဝတ် လူပုဂ္ဂိုလ် ၁၀၀ ကျော်သည် တောင်တန်းအသီးသီး၌ ဆေးမြစ်ဆေးဖတ်များကြိတ်၍ ည ၁၂ နာရီအချိန်၌ ဆေးပေါင်းခရန် လာရောက်စောင့်ဆိုင်းကြသူများအား ပေးဝေခဲ့ကြောင်း သိရသည်။

တန်ဆောင်မုန်းလပြည့် အခါသမယသည် နက္ခတ်ကြယ်တာရာ စုံညီစွာထွက်ပေါ်တတ်ပြီး အပင်၊ အသီးအရွက်နှင့် ဆေးမြစ်ဆေးဥများသည် အာနိသင်နိုးကြွထက်မြက်သည်ဟု ဆိုသည်။ ဒေးစွန်ပါစေတီတော်မြတ်ကြီးတွင် တန်ဆောင်မုန်းလဆန်း ၁၄ ရက်ညက ရက်ကန်းရက်ပြိုင်ပွဲကိုလည်း စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်းလည်း သိရသည်။

**တင်စိုး(ပဲခူး)**



# ဆောမြို့၌ မြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

**ဆော နိုဝင်ဘာ ၁၂**
ဆောမြို့၌ နှစ်စဉ် ကျင်းပလေ့ရှိမြဲဖြစ်သော မြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို နိုဝင်ဘာ ၁၁ ရက် မွန်းလွဲ ၃ နာရီက စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဆောမြို့နယ် ရပ်ကွက်၊ ကျေးရွာများအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများမှ ရဟန်းသာမဏေများ၊ ပင့်ဖိတ်ထားသည့် သီလရှင်အပါး ၂၉၀ တို့က ဆောမြို့ ဒက္ခိဏာရာမရွှေစေတီကျောင်းရှေ့မှ မြို့တွင်းလမ်းများသို့ လှည့်လည်ကြွရောက် အလှူခံခဲ့ကြပြီး ဌာနဆိုင်ရာများ၊ စေတနာရှင်ပြည်သူများက ဆွမ်းဆန်စိမ်းနှင့်တကွ လှူဖွယ်ဝတ္ထုအစုစုကို လောင်းလှူကြသည်။

အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဆောမြို့၌ နှစ်စဉ် ကျင်းပလာသည်မှာ ၁၂၉ ကြိမ်ရှိပြီဖြစ်ကြောင်း သိရသည်။

**စိန်ကျော်**

# ကော့သောင်းမြို့တွင် နှစ်ကျိပ်ရှစ်ဆူဘုရားများ လှည့်လည်ပူဇော်

**ကော့သောင်း နိုဝင်ဘာ ၁၂**
ကော့သောင်းမြို့၌ နှစ်စဉ် ကျင်းပမြဲဖြစ်သည့် တန်ဆောင်မုန်းလပြည့်ည နှစ်ကျိပ်ရှစ်ဆူဘုရားများ ဒေသစာရီ လှည့်လည်ပူဇော်ပွဲကို နိုဝင်ဘာ ၁၁ ရက် တန်ဆောင်မုန်းလပြည့်နေ့ ညနေ ၆ နာရီက စုရပ်ဖြစ်သည့် (၇)မိုင်ကျေးရွာမှ စတင်ကာ ကော့သောင်းမြို့တွင်းသို့ ဒေသစာရီ လှည့်လည်အပူဇော်ခံသည်။

နှစ်ကျိပ်ရှစ်ဆူ ဘုရားလှည့်လည်ပူဇော်ပွဲသည် တန်ဆောင်မုန်းလဆန်းပိုင်းမှစတင်ကာ စံကျောင်းတော်ဖြစ်သည့်ကော့သောင်းမြို့ ပြည်တော်အေးသာသနာ့ဗိမာန်တော်မှ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများ၊ အသင်းအဖွဲ့များ၊ မိမိတို့ ရပ်ကွက်/ကျေးရွာများတွင် သီတင်းနှစ်ပတ်မျှ ယာယီကိန်းဝပ်စံပယ် အပူဇော်ခံကာ ဗုဒ္ဓပူဇနိယပွဲတော်ကို ဆင်ယင်ကျင်းပကြသည်။

**စည်ကား**

တန်ဆောင်မုန်းလပြည့်ညတွင် ပွင့်စဉ်အလိုက် စီတန်းကာ မြို့တွင်းသို့ ဒေသစာရီ လှည့်လည်အပူဇော်ခံကြရာ ရပ်ကွက်အလိုက် ပြည်သူများက ဖူးမြော်ကြည်ညိုကြပြီး အလှူငွေများ လှူဒါန်းခြင်း၊ မီးရှူးမီးပန်းများ ပစ်ဖောက်ပူဇော်ခြင်း၊ စတုဒိသာ ကျွေးမွေး လှူဒါန်းခြင်းများဖြင့် တန်ဆောင်မုန်း လပြည့်ညတွင် တစ်မြို့လုံး ခြိမ့်ခြိမ့်သဲစည်ကားကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**



# မဒေါက်တန်ဆောင်တိုင် မီးမျှောပူဇော်ပွဲနှင့် ရေပွဲသဘင်အခမ်းအနား ကျင်းပ

**မဒေါက် နိုဝင်ဘာ ၁၂**
မဒေါက်မြို့ တန်ဆောင်တိုင် မီးမျှောပူဇော်ပွဲနှင့် ရေပွဲသဘင်အခမ်းအနားကို ယနေ့ နံနက်ပိုင်းက စည်ကားစွာ ကျင်းပသည်။

ရေပွဲသဘင်ဖွင့်ပွဲကို မွန်းလွဲ ၁ နာရီတွင် မဒေါက်မြို့ စစ်တောင်းမြစ်ကမ်းနံဘေးရှိ ဗဟိုမဏ္ဍပ်တွင် ကျင်းပပြီး ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး မြင့်ထွန်းနိုင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်းမြင့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးနော်မိုင်လှကြည်၊ ညောင်လေးပင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသိန်းနိုင်နှင့် ပွဲတော်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဦးမျိုးကျော်တို့ တက်ရောက်ဖွင့်လှစ်ပေးသည်။


(၄၇)ကြိမ်မြောက် မဒေါက်တန်ဆောင်တိုင် မီးမျှောပူဇော်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပစဉ်။

ဆက်လက်၍ စစ်တောင်းမြစ်အတွင်း ရေပွဲသဘင်၌ ပါဝင်ယှဉ်ပြိုင်သည့် တက်ပျံယိမ်း၊ တက်ခုတ်ယိမ်း၊ ယိမ်းအကအဖွဲ့ စုစုပေါင်းယိမ်းအဖွဲ့ ၁၁ ဖွဲ့တို့၏ ယှဉ်ပြိုင်မှုမှာလည်း ကိုယ်ရောစိတ်ပါနှစ်၍ ပြိုင်ပွဲဝင်နေကြသကဲ့သို့ ကြိုးစားယှဉ်ပြိုင်သူများကိုလည်း ပွဲတော်ကျင်းပရေးကော်မတီနှင့် တာဝန်ရှိသူများက ဆုကြေးငွေများ ချီးမြှင့်ပေးခဲ့ရာ မဒေါက်မြို့ တန်ဆောင်တိုင်မီးမျှောပွဲမှာ လွတ်လပ်မှုများ၊ တက်ကြွမှုများဖြင့် တစ်နှစ်ထက်တစ်နှစ် ပို၍စည်ကားလာသည်။

ညနေ ၆ နာရီတွင် ရှင်ဥပဂုတ္တမထေရ်မြတ်အား ဒေသခံပြည်သူများ၊ ပွဲတော်လာပရိသတ်များက ရောင်စုံမီးကြာခွက် ၄၅၀၀၀ ဖြင့် မီးမျှောပူဇော်ကြသည်။

ညောင်လေးပင်မြို့နယ် မဒေါက်မြို့တန်ဆောင်တိုင်ကာလ မီးမျှောပူဇော်ပွဲသည် မြန်မာနိုင်ငံရှိ ပွဲတော်များအနက် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ စုဝေးလာရောက်ကြသော လူသိများထင်ရှားသည့် ဒေသတွင်းပွဲတော်တစ်ခု ဖြစ်သည်။

**သတင်း-ရန်အောင်ထွန်း၊ ဓာတ်ပုံ-ရဲသိန်း**

# တန်ဆောင်တိုင်ရုံးပိတ်ရက်များတွင် မန္တလေးမြို့ရှိ ရွှေနန်းတော်ကျောင်း(ရွှေကျောင်း) အား ပြည်တွင်း၊ ပြည်ပခရီးသွားများ လာရောက်လည်ပတ်လေ့လာမှု များပြား

**မန္တလေး နိုဝင်ဘာ ၁၂**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ မြန်မာအနုပညာ ဗိသုကာလက်ရာများ စံပြကျောင်းဖြစ်သော ရွှေနန်းတော်ကျောင်း(ရွှေကျောင်း)သို့ တန်ဆောင်တိုင်ရုံးပိတ်ရက်ကာလများတွင် ပြည်တွင်း၊ ပြည်ပ ခရီးသွားများ လာရောက်လည်ပတ်လေ့လာမှု များပြားလျက်ရှိကြောင်း သိရသည်။

"တန်ဆောင်တိုင်ရုံးပိတ်ရက်မှာ မိသားစုလိုက် မန္တလေးမြို့ကို လာရောက်လည်ပတ်တာပါ။ မန္တလေးမြို့မှာရှိတဲ့ မန္တလေးတောင်၊ ကုသိုလ်တော်ဘုရား၊ ကျောက်တော်ကြီးဘုရားနဲ့ စန္ဒာမုနိဘုရားများကို လည်ပတ်ခဲ့ပြီးပါပြီ။ အခု ရွှေကျောင်းကြီးကို လာရောက်လည်ပတ်တာပါ။ ဒါပြီးရင် ဦးပိန်တံတား ဝင်မယ်။ အချိန်ရရင် ကျောက်စိမ်းစေတီတော်ကိုလည်း ဝင်ရောက်ဖူးမြော်မှာပါ'' ဟု စစ်ကိုင်းမြို့မှ ခရီးသွားဧည့်သည် တစ်ဦးက ပြောသည်။

"ကျွန်မတို့အဖွဲ့မှာ ဂျာမနီနိုင်ငံမှ ခရီးသွား ၁၁ ဦးပါတယ်။ ကလောမြို့မှာ နှစ်ရက်လည်ခဲ့ပြီးပြီ။ ဒီနေ့ မန္တလေးမြို့ကို လိုက်ပို့ပေးတာပါ။ ကုသိုလ်တော်ဘုရားကိုတော့ ပို့ပြီးပါပြီ။ ညနေပိုင်း မန္တလေးတောင်ကို တက်မယ်။ မနက်ဖြန်မှာ ဦးပိန်တံတားကို ပို့ဆောင်ပေးသွားမှာပါ။ သူတို့အနေနဲ့ ဒီသစ်သား ကျောင်းကြီးကို လာရောက်လေ့လာရတဲ့အတွက် ကျေနပ်နှစ်သက် သဘောကျကြပါတယ်။ ဒီကျောင်းကြီးရဲ့ အတွင်းရောအပြင်မှာ ပြုလုပ်ထားတဲ့ အနုစိတ် အနုပညာလက်ရာတွေကို စိတ်ဝင်တစားလေ့လာကြပါတယ်။ ပန်းချီ ပန်းပု အနုပညာ ဗိသုကာလက်ရာတွေကို အနီးကပ်လေ့လာရတဲ့အတွက် သဘောကျကြတယ်။ သစ်သားကျောင်းကြီး တည်ဆောက်ပုံနဲ့ အနုပညာလက်ရာတွေမှာ စနစ်ကျတယ်။ ရှေးခေတ်ပညာရှင်တွေနဲ့ အနုပညာလက်ရာမှာ မြန်မာလူမျိုးတွေအတွက် ဂုဏ်ယူဖွယ်တစ်ခုအဖြစ် တည်ရှိနေပါတယ် ''ဟု ဂျာမန်ခရီးသွားဧည့်လမ်းညွှန် မသင်းသင်းစိုးက ပြောသည်။

ရွှေကျောင်းဟု လူသိများသော ရွှေနန်းတော်ကျောင်းသည် နှစ်ပေါင်း (၁၃၀) ကျော် သက်တမ်းရှိပြီး ကုန်းဘောင်ခေတ်(၁၉) ရာစု မြန်မာအနုပညာ ဗိသုကာလက်ရာစံပြကျောင်းကြီးဖြစ်သည်။ ရွှေနန်းတော်ကြီးမှာ အမိုးသုံးဆင့်၊ လယ်ပေါ်နှစ်ထပ်၊ စမြင်ပါသော ဇေတဝန်ဆောင်ဖြစ်သည်။ ကျောင်းကြီးတစ်ဆောင်လုံးတွင် အရှေ့အနောက်တိုင် ၁၅ လုံးတန်းနှင့် တောင်မြောက် ၁၀ လုံးတန်းရှိခြင်းကြောင့် တိုင်ပေါင်း ၁၅၀၊ နရားရုပ်ထောက်တိုင်ပေါင်း ၅၄ တိုင်နှင့် သရက်ကင်းအုတ်လှေကားငါးစင်းဖြင့် တည်ဆောက်ထားသည်။ ကျောင်းကြီးတစ်ခုလုံးတွင် မြန်မာမှုသစ်သားပန်းပုအခြေခံ ခြူးပန်းခြူးနွယ်၊ အပြောက်အမွမ်းများ၊ ရုပ်လုံးရုပ်ကြွများ၊ ကျေးငှက်တိရစ္ဆာန်ရုပ်များ၊ နံရံကပ်ရုပ်ကြွများနှင့် အတွင်းမာရဘင် အရှေ့ပိုင်းကွန်းစင်တိုင်အခြေတွင် ဇာတ်ကြီးဆယ်ဘွဲ့၊ တောထွက်ခန်း၊ မဟာပဒုမဇာတ်၊ ဥတေနဇာတ်တော်များကို စိတ်ဝင်စားဖွယ်လက်ရာမြောက်စွာ အနုစိတ်တပ်ဆင်ထားကြောင်း မှတ်တမ်းများအရ သိရသည်။



**သန်းဇော်မင်း(ပြန်/ဆက်)**



# ညောင်လေးပင်မြို့တွင် ဆီမီးတစ်သောင်းပူဇော်ပွဲ၊ စတုဒိသာနှင့် နိဗ္ဗာန်ဈေးပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ညောင်လေးပင် နိုဝင်ဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ရှိ မြို့ကျက်သရေဆောင် မဟာတိလောကသယမ္ဘူ ဘုရားကြီးဝင်းအတွင်း၌ နိုဝင်ဘာ ၁၁ ရက် တန်ဆောင်မုန်းလပြည့်နေ့က ဆီမီးတစ်သောင်းပူဇော်ပွဲ၊ စတုဒိသာနှင့် နိဗ္ဗာန်ဈေးပွဲတော်ကို ဒုတိယအကြိမ်မြောက် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပွဲတော်ကို ညောင်လေးပင်မြို့ပေါ်ရှိ စိတ်ပါဝင်စားသူများက ဦးဆောင်ကျင်းပခြင်းဖြစ်ပြီး နံနက် ၆ နာရီတွင် ဆွမ်းတော်ကြီးတင်၍ သံဃာတော်အရှင်သူမြတ်များအား ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ညနေ ၅ နာရီတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်သိန်းနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်းမြင့်တို့က ပွဲတော်ကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး စေတနာရှင်အလှူရှင်များက စတုဒိသာကျွေးမွေးဧည့်ခံသည်။

**ဆီမီးတစ်သောင်း ထွန်းညှိပူဇော်**

ထို့နောက် နိဗ္ဗာန်ဈေးတွင် ဆိုင်ခန်းပေါင်း ၁၀၅ ဆိုင်မှ ငွေကျပ်သိန်း ၆၀ ကျော်တန်ဖိုးရှိ အသုံးအဆောင်ပစ္စည်းအမျိုးမျိုးကို ဧည့်ပရိသတ်အား ပေးကမ်းလှူဒါန်းခဲ့ပြီး ဘုရားကြီးဝင်းအတွင်းရှိ အသောကလာဘမုနိ ကိုးနဝင်းဘုရားရင်ပြင်၌ ဆီမီးတစ်သောင်းထွန်းညှိပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ကြောင်း သိရသည်။

**သက်လွင်(ညောင်လေးပင်)**

# မန္တလေးမြို့၌ တန်ဆောင်မုန်းလပြည့်နေ့တွင် ရိုးရာဓလေ့အဖြစ် မုန့်ပျားသလက်စတုဒိသာကျွေးမွေးခြင်းအလှူအား စည်ကားပျော်ရွှင်စွာ ကျင်းပ

**မန္တလေး နိုဝင်ဘာ ၁၂**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၁၂ လမ်းနှင့် ၇၇ လမ်းရှိ မြောက်ပြင် ထားဝယ်ရပ်၌ တန်ဆောင်မုန်းလပြည့်နေ့ ညပိုင်းတွင် ရိုးရာဓလေ့တစ်ခုအဖြစ် မုန့်ပျားသလက် စတုဒိသာကျွေးမွေးခြင်းအလှူအား စည်ကားပျော်ရွှင်စွာ ကျင်းပခဲ့သည်။

အဆိုပါ ထားဝယ်ရပ်သည် မန္တလေးမြို့တည်နန်းတည် မင်းတုန်းမင်းကြီးက ရတနာပုံရွှေနန်းတော်ရှိ မြောက်ထားဝယ်ဆောင် မင်းမှုထမ်းများအား စုစည်းနေထိုင်ရန် နေရာချပေးထားသည့် ရပ်ကွက်တစ်ခုဖြစ်ပြီး ၎င်းထားဝယ်ရပ်၌ သမိုင်းအစဉ်အလာအရ တန်ဆောင်မုန်းလပြည့်နေ့တွင် မုန့်ပျားသလက်ပြုလုပ်၍ စတုဒိသာကျွေးမွေးခြင်းအလှူကို ရိုးရာဓလေ့တစ်ခုအဖြစ် ကျင်းပလာခဲ့သော်လည်း လွန်ခဲ့သည့် ငါးနှစ်ခန့်မှစ၍ ပျောက်ကွယ်လုနီးဖြစ်ခဲ့ရာမှ ယခုနှစ်တွင် ပြန်လည်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ပျောက်ကွယ်လုနီးပါးဖြစ်ခဲ့**

''မန္တလေးမြို့ရဲ့ တန်ဆောင်တိုင် လပြည့်နေ့မှာ ထိန်ထိန်သာနေတဲ့ လမင်းကြီးနဲ့အပြိုင် အများစုက မုန့်လုံးရေပေါ်လုံးပြီး စတုဒိသာအဖြစ် ကျွေးမွေးလှူဒါန်းကြပေမယ့် ကျွန်တော်တို့ ထားဝယ်ရပ်ကတော့ ထူးထူးခြားခြားပဲ မုန့်ပျားသလက်စတုဒိသာလုပ်ပြီး လှူဒါန်းပါတယ်။ တန်ဆောင်တိုင် အဖိတ်နေ့ကတည်းက အိမ်တိုင်းမှာ မုန့်ကြိတ်ပြီး ပြင်ဆင်ထားကြပါတယ်။ လပြည့်နေ့ညပိုင်းမှာတော့ ကိုယ့်အိမ်ရှေ့ အသီးသီးမှာ အိုးကင်းလေးတွေ၊ မုန့်ရည်အိုးလေးတွေ၊ မီးဖိုလေးတွေ၊ စားတော်ပဲပြုတ်လင်ပန်းလေးတွေနဲ့ မုန့်ပျားသလက်လုပ်ပြီး ဘယ်သူ့ကိုမှ လာစားပါလို့ ဖိတ်ကြားခြင်းမပြုဘဲ ဘယ်သူမဆို ကြိုက်သလောက် ဝင်ရောက်စားနိုင်ပါတယ်။ ဒါက ကျွန်တော်တို့ မြောက်ပြင်ထားဝယ်ရပ်ရဲ့ ချစ်စရာကောင်းတဲ့ ဓလေ့တစ်ခုပါပဲ။ ဒါပေမယ့် လွန်ခဲ့တဲ့ငါးနှစ်လောက်ကစပြီး အကြောင်းအမျိုးမျိုးကြောင့် ပျောက်ကွယ်လုနီးပါး ဖြစ်ခဲ့ရတယ်။ ရေရှည်တည်တံ့အောင် ထိန်းသိမ်းနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ'' ဟု ထားဝယ်ရပ်မှ ဒေသခံတစ်ဦးက ပြောသည်။

တန်ဆောင်မုန်းလပြည့်နေ့ ညတွင် အဆိုပါ ထားဝယ်ရပ်၌ ကျင်းပသည့် ရိုးရာဓလေ့ မုန့်ပျားသလက် စတုဒိသာကျွေးမွေးသည့်အလှူအား မန္တလေးမြို့တစ်ခွင်မှ စိတ်ဝင်စားမှုမြင့်တက်ကာ လာရောက်လေ့လာစားသုံးသူများဖြင့် စည်ကားလျက်ရှိပြီး လာရောက်လေ့လာသူများကလည်း မိမိတို့၏ လူမှုကွန်ရက် စာမျက်နှာများတွင် ဂုဏ်ယူစွာ ဖော်ပြပေးခဲ့ကြသည့်အပြင် အဆိုပါရိုးရာဓလေ့ပွဲတော် ရေရှည်တည်တံ့စေရန်အတွက်လည်း ထိန်းသိမ်းစောင့်ရှောက်စေလိုကြောင်း အကြံပြုတိုက်တွန်းခဲ့ကြကြောင်း သိရသည်။



**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၁၂**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းသည် နိုဝင်ဘာ ၁၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ လှော်ကားသဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံကို ကြည့်ရှုစစ်ဆေးသည်။

**မှာကြား**

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက ဓာတ်အားပေးစက်ရုံဆိုင်ရာ အချက်အလက်များ၊ နှစ်အလိုက် ဓာတ်အားထုတ်လုပ်နေမှုများ၊ ဓာတ်အားပေးစက်များ ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်ခဲ့မှုများ၊ နိုင်ငံတော်ဓာတ်အားစနစ်နှင့်ချိတ်ဆက်၍ ဓာတ်အားဖြန့်ဖြူးပေးနေမှုများ၊ ဓာတ်အားပေးစက်များအား Golden Green Energy Co., Ltd. မှ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုများနှင့် JICA ချေးငွေဖြင့် ဆောင်ရွက်နေသည့် ဓာတ်အားခွဲရုံ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားသည်။

ယင်းနောက် လှော်ကားသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံရှိ ဓာတ်အားထိန်းချုပ်ခန်းနှင့် ဓာတ်အားပေးစက်ကြီးများ မောင်းနှင်နေမှု၊ GIS E–house နှင့် 33 kV Switchyard ကို Gas Insulated Switchgear(GIS) ဖြင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ မဂ္ဂါဝပ် ၅၀ MCP ဓာတ်အားပေးစက်ရုံမှ ဓာတ်အားပေးစက်များ မောင်းနှင် ဓာတ်အားထုတ်လုပ်နေမှုနှင့် ဓာတ်အားဖြန့်ဖြူးပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။



**ကြည့်ရှုစစ်ဆေး**

ထို့နောက် အင်းစိန်မြို့နယ်ရှိ ရွာမသဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ၌ JICA ချေးငွေဖြင့် ဓာတ်အားခွဲရုံ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ အလုံမြို့နယ်ရှိ အလုံသဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ၌ ၁၅၁ မဂ္ဂါဝပ်ဓာတ်အားပေးစက်ရုံအသစ် တည်ဆောက်နေမှု၊ ကျောက်တန်းမြို့နယ်ရှိ သီလဝါသဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ၌ မဂ္ဂါဝပ် ၃၅၀ ဓာတ်အားပေးစက်ရုံအသစ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် JICA ချေးငွေဖြင့် ၂၅ မဂ္ဂါဝပ် (Combine Cycle Power Plant) တည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

**ဓာတ်အားပေးစက်ရုံအသစ် တည်ဆောက်**

ယင်းနောက် သာကေတမြို့နယ်ရှိသာကေတသဘာဝဓာတ်ငွေ့သုံးဓာတ်အားပေး စက်ရုံဝင်းအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နေသည့် မဂ္ဂါဝပ် ၄၀၀ (LNG to Power) ဓာတ်အားပေးစက်ရုံအသစ် တည်ဆောက်မည့်မြေနေရာနှင့် JICA ချေးငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် 66 kV GIS ဓာတ်အားခွဲရုံတည်ဆောက်ရေးလုပ်ငန်းခွင်တို့ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ဓာတ်အားပေးစက်ရုံများနှင့် ဓာတ်အားပေးစက်ရုံ စီမံကိန်းအသစ်များသို့ ရောက်ရှိစဉ် ဒုတိယဝန်ကြီးက လာမည့်နွေရာသီကာလတွင် တိုးတက်သုံးစွဲလာမည့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို အချိန်မီဖြည့်ဆည်းပေးနိုင်ရေး ရည်ရွယ်၍ မကွေး၊ ရွှေတောင်၊ ကျွန်းချောင်း၊ အလုံ၊ ကျောက်ဖြူ၊ သန်လျင်နှင့် သာကေတတို့တွင် ဓာတ်အားပေးစက်ရုံ စီမံကိန်းအသစ် ခုနစ်ခုကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ လက်ရှိ ဓာတ်အားပေးစက်ရုံများမှ စက်စွမ်းအားပြည့်မောင်းနှင်ထုတ်လုပ်နိုင်ရေးအတွက် ဓာတ်အားပေးစက်များ ကြံ့ခိုင်ရေးကို စဉ်ဆက်မပြတ် စစ်ဆေးဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း မှာကြားသည်။

**သတင်းစဉ်**

# တန်ဆောင်မုန်းလပြည့်နေ့ ပလင်းကမ်းသာယာဆင်စခန်းရှိ ဆင်မကြီး ခင်ရှုမွှေးမှ ဆင်မလေးမွေးဖွား

**ညောင်ဦး နိုဝင်ဘာ ၁၂**


မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုလင်း(အနောက်)ကျေးရွာအနီးတွင်ဖွင့်လှစ်ထားရှိသည့် ပလင်းကမ်းသာယာဆင်စခန်းရှိ ဆင်မကြီး ခင်ရှုမွှေးသည် နိုဝင်ဘာ ၁၁ ရက် ည ၁၁ နာရီခွဲတွင် ဆင်ပေါက်လေးတစ်ကောင်မွေးဖွားခဲ့ကြောင်း လက်ထောက်အထွေထွေမန်နေဂျာ ဦးအောင်ဌေးက ပြောကြားသည်။

ဆင်စခန်းဖွင့်ပြီး တစ်နှစ်နှင့်ရှစ်လအကြာတွင် မွေးဖွားခဲ့ကြောင်း လက်ထောက်မန်နေဂျာ ဦးမျိုးမင်းကို ပလင်းကမ်းသာယာဆင်စခန်းတာဝန်ခံက ရှင်းပြသည်။ ဆင်များမီးဖွားရာတွင် အင်မတန်ခက်ခဲကြောင်း၊ ဆင်တစ်ကောင် ကိုယ်ဝန်လွယ်ရာတွင် ၂၂ လကြာမြင့်ကြောင်းနှင့် ဆင်မကြီး ခင်ရှုမွှေး ကိုယ်ဝန်စရှိပြီဆိုကတည်းက ဆင်ဦးစီး၊ ဆင်ပွဲချိတ်များက အမြဲဂရုစိုက်ခဲ့ကြောင်း၊ လေးပင်သည့်အလုပ်များ မလုပ်ခိုင်းတော့ဘဲ ဆင်မကြီးအား သီးခြားခွဲထားကာ လေဝင်လေထွက်ကောင်းပြီး သန့်ရှင်းလတ်ဆတ်သည့် လေကောင်းလေသန့်ရှူနိုင်ရန် ပလင်းကမ်းသာယာဆင်စခန်းဝင်းအတွင်း ဧရာဝတီမြစ်ကမ်းဘေးတွင်ထားရှိ၍ အမြဲစောင့်ကြည့်ခဲ့ရကြောင်း ဆင်စခန်းတာဝန်ခံက ရှင်းပြသည်။

တန်ဆောင်မုန်းလပြည့်နေ့တွင် မွေးဖွားသောကြောင့် ဆင်မလေးအား ခင်လပြည့်ဟု ယာယီနာမည်ပေးထားကြောင်းသိရပြီး ဆင်မကြီးခင်ရှုမွှေးသည် အသက် ၂၇ နှစ်ရှိပြီဖြစ်ကာ ခင်လပြည့်ဆင်မလေးနှင့် စွယ်စုံဆင်ထီးလေး စည်ထွန်းဘို(ခေါ်)မြင့်မွှေးဦး ဆင်ပေါက်နှစ်ကောင် မွေးဖွားပြီးဖြစ်ကြောင်း သိရသည်။ စွယ်စုံဆင်ထီးလေး စည်ထွန်းဘို(ခေါ်)မြင့်မွှေးဦး၏ အသက်မှာ သုံးနှစ်ရှစ်လရှိပြီဖြစ်ကြောင်းနှင့် ယခုမွေးဖွားသည့် ဆင်မလေး ခင်လပြည့်မှာ ကျန်းမာသန်စွမ်းလျက်ရှိကြောင်းနှင့် ဆင်ဆရာဝန်များ ဖြင့် အနီးကပ်စောင့်ရှောက်ပေးလျက်ရှိကြောင်း သိရသည်။



**ကိုထိန်(ငါ့သရောက်)**



❖ **ကျောဖုံးမှ**

ကရင်ပြည်နယ်အသင်းမှ တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိကြောင်း သိရသည်။

ပြိုင်ပွဲအပြီးဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အကောင်းဆုံးဂိုးသမားဆုရရှိသော ကျောနံပါတ်(၁) ပန်းအိဖြူ(မွန်ပြည်နယ်)၊ အကောင်းဆုံးနောက်တန်းကစားသမားဆုရရှိသော ကျောနံပါတ်(၈) နှင်းထက်ထက်ဝေ(ကရင်ပြည်နယ်)၊ အကောင်းဆုံးအလယ်တန်းကစားသမားဆုရရှိသော ကျောနံပါတ်(၆) ခင်ဖုံး(ဧရာဝတီတိုင်းဒေသကြီးအသင်း)၊ အကောင်းဆုံးရှေ့တန်းကစားသမားဆုရရှိသော ကျောနံပါတ်(၁၀) ယုယနိုင်(ရှမ်းပြည်နယ်)နှင့် ပွဲစဉ်တစ်လျှောက်အကောင်းဆုံးကစားသမားဆုရရှိသော ကျောနံပါတ်(၂) ကြယ်စင်(ရှမ်းပြည်နယ်)တို့က ရရှိသွားသည်။

တတိယဆုရရှိသွားသော ကရင်ပြည်နယ်အသင်းအား ငွေသားဆုနှင့် တစ်ဦးချင်းဆုတံဆိပ်များကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးသီဟဇော်ကလည်းကောင်း၊ ဒုတိယဆုရရှိသွားသော ဧရာဝတီတိုင်းဒေသကြီးအသင်းအား ငွေသားဆုနှင့် တစ်ဦးချင်းဆုတံဆိပ်များကို အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးကလည်းကောင်း၊ ပထမဆုရရှိသွားသော ရှမ်းပြည်နယ်အသင်းအား ငွေသားဆုနှင့် တစ်ဦးချင်းဆုတံဆိပ်များအပြင် ပထမဆုဖလားကို အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးကလည်းကောင်း ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အား/ကာ**

❒ **တရုတ်ခြေစမ်းခရီးစဉ်မှ**

ပုံ့ပုံ့ပြည့်မောင်၊ နုနု၊ လွဲ့လွဲ့လှိုင်၊ မေသူကျော် နှင့် စန်းသော်သော်တို့ကို အသုံးပြုခဲ့ပြီး ပွဲချိန်အတွင်း သင်းသင်းယု၊ ဂျူလိုင်ကျော်၊ ဖြူဖြူဝင်း၊ ခင်မိုမိုထွန်း၊ မြတ်နိုးခင်၊ခင်မိုးဝေ၊သန္တာဦး၊ခိုင်သဇင်ဦးတို့ကိုလဲလှယ်အသုံးပြုခဲ့သည်။ မြန်မာအသင်းအတွက်အနိုင်ဂိုးများကို ၂၈၊၄၅မိနစ်တွင် နုနု၊ ၆၄၊ ၇၈ မိနစ်တွင်ဂျူလိုင်ကျော်တို့က သွင်းယူခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် တရုတ်ခြေစမ်းခရီးစဉ် နောက်ဆုံးပွဲအဖြစ် နိုဝင်ဘာ ၁၄ ရက်တွင် တရုတ်လူငယ်အသင်းနှင့် ထပ်မံခြေစမ်းမည်ဖြစ်သည်။

**သတင်း–ရှိုင်းထက်ဇော်၊ ဓာတ်ပုံ–MFF**

# မိုးမြ မွှေးရီ ရောဝတီစာပေပွဲတော်

## တောင်တွင်း မောင်သင်းကျော်

**စာပေခရီးသည်များ**

မြောက်ပြန်လေကို ဆန်တက်လာသော ရောဝတီစာပေပွဲတော်သွား ခရီးသွား မော်တော်ယာဉ်ကြီးသုံးစီးသည် ရန်ကုန်မှ မန္တလေးဆီ နတ်မြင်းပျံသို့ မြူးမြူးကြွကြွ ဦးတည်ပျံသန်းနေပါသည်။ အမြန်လမ်းမကြီးဝယ် ဆောင်းဖူးသစ်စ သဇင်ရနံ့ဦးသည် သင်းပျံ့လှသမို့ အားရပါးရရှူရှိုက်မိသည်။ "တော်သလင်းမိုး ကန်သင်းကျိုး" ဟူသော ဆိုရိုးစကားကို သတိလွတ်မှောက်မှားကာ သီတင်းကျွတ်မိုး စံချိန်ကျိုးခဲ့ပြီး နောက်အားမရနိုင်သေးထင့်...တန်ဆောင်မုန်းမိုး ရေလျှံ ထိုးတော့မည့်အလား အံ့ကာလေ တဖွဲဖွဲရွာလေ တသည်းသည်းဖြစ်နေသည်။

မြေပြင်ဝယ် ကဏန်းကျစ်စာ မပိတ်သေး၊ ကဏန်းတွင်း မပိတ်သေးသဖြင့် "မိုး" ကျန်သေးသည်ဆိုသော ရှေးလူကြီးသူမများ၏ ရာသီသင်္ကေတကို မှတ်သားထားသဖြင့် ဩော်... မိုးရွာဦးမှာပါလား၊ မုန်တိုင်းမိုးသို့ ရွာလေမည်လား၊ သီတင်းကျွတ်၊ တန်ဆောင်တိုင်ပွဲရက်များ မိုးဖျက်လေမလား ပူပန်ခဲ့မိပါသည်။ နိုဝင်ဘာလ ၇ ရက်နေ့ ညဦးက ရန်ကုန်မြို့ပြကြီးကို နှုတ်ဆက်ပြီး ထွက်ခွာလာခဲ့သော ကျွန်တော်တို့၏ ဦးခေါင်းများပေါ်သို့ မန္တလေးရင်ခွင်ကို တိုးဝင်ထွေးဖက်စ စကားအင်း အဝိုင်းအရောက်တွင် မိုးစက်မိုးပေါက်တို့က အေးမြလျက် စိပ်စိပ်ပျစ်ပျစ်လေး ရွာသွန်းလာသည်။ အို... အေးမြသော မိုးစက်မြားတံများ။

စာပေခရီးသွားများသည် ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၉ ရက်မှ ၁၁ ရက်နေ့အထိ မန္တလေးတောင်ခြေအနီးရှိ မာကျူရာ (Mercure) ဟိုတယ်တွင် ကျင်းပမည့် ပဉ္စမအကြိမ်မြောက် ရောဝတီစာပေပွဲတော်ကို ဆင်နွှဲရန် ရန်ကုန်မြို့ကြီးမှ မန်းရွှေမြို့ကြီးဆီ ခရီးနှင်လာခဲ့ခြင်းဖြစ်ပါသည်။ ပွဲတော်ဖြစ်မြောက်ရေးနာယက ဂုဏ်ထူး ဦးသိန်းနိုင်၊ ဥက္ကဋ္ဌ ဦးနေအုပ်(စိန်ပေါလ်)၊ ပြန်ကြားရေးတာဝန်ခံ ဒေါက်တာတင်အောင်ရွှေတို့နှင့် ဒုတိယဥက္ကဋ္ဌ ဒေါက်တာအောင်မြင့် (မန္တလေး) တို့ ပူးပေါင်း၍ စာပေပွဲတော်ကြီးဖြစ်မြောက်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါသည်။

**စာပေပွဲတော်ပန်းဥယျာဉ်ကြီးဖွင့်**

နိုဝင်ဘာလ ၉ ရက်နေ့ နံနက်ဦးကား ရောဝတီမြစ်ကြီး၏ အရှေ့ဘက်ကမ်းအနီးရှိ မန္တလေးမြို့၌ မိုးကြွင်းမိုးကျန် ရနံ့များဖြင့် အေးမြမွှေးရီနေပါသည်။ ထိုနေ့နံနက် ၈:၄၅ နာရီတွင် မန်းတောင်ခြေက Mercure Mandalay Hill Resort ဟိုတယ်၏ Conference Centre တွင် ရောဝတီစာပေပွဲတော် ဖွင့်ပွဲကျင်းပခဲ့ကြပါသည်။ ရှေးဦးစွာ မန္တလေး ကိုယ်ပိုင်အထက်တန်းကျောင်းများအသင်းနှင့် ပုဂ္ဂလိကကျောင်းများမှ ကျောင်းသူ ကျောင်းသားလေးများက ရောဝတီစာပေပွဲတော်ကို ဂုဏ်ပြုသည့်အနေဖြင့် သံစုံတီးဝိုင်း၊ သံပြိုင်သီဆိုမှုနှင့် တေးသရုပ်ဖော်တို့ဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်မှာ ဝေဝေဆာဆာ မြိုင်မြိုင်ဆိုင်ဆိုင် ရှိလှ၏။ ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံမှ ရောဝတီစာပေပွဲတော်သို့ ပေးပို့သည့် နှုတ်ခွန်းဆက်စကား ဗီဒီယိုဖိုင်ကို ပြသသည်။ ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဗြိတိန်နိုင်ငံဆိုင်ရာ ဟောင်ကောင် ကောင်စစ်ဝန်ချုပ် Mr. Andrew Richard Heyn နှင့် ရောဝတီစာပေပွဲတော်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးနေအုပ် (စိန်ပေါလ်)တို့က အဖွင့်အမှာ



ရောဝတီစာပေပွဲတော် နိုဝင်ဘာ ၉ ရက်(ပထမနေ့)တွင် စာအုပ်အရောင်းဆိုင်များ၌ လေ့လာဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

စကားများ အသီးသီးပြောကြားခဲ့ကြပါသည်။

**စာပေပန်းရနံ့များမွှေးကြိုင်**

အဆိုပါ ဟိုတယ်ဝင်းအတွင်းရှိ နေရာငါးနေရာတွင် စာပေဆိုင်ရာ စကားဝိုင်းများ၊ ဟောပြောပွဲများ၊ Paper Reading များ၊ ကဗျာရွတ်ဆိုပွဲများ ဆက်လက်ကျင်းပခဲ့ရာ စာပေရနံ့များ မွှေးကြိုင်နေတော့၏။ ဂုဏ်ထူး ဦးသိန်းနိုင်၊ ကဗျာဆရာကြီး သူရဇော်၊ မြမဉ္ဇူဝေ၊ တိုးထက်တို့၏ "မြန်မာကဗျာ၏အလှ" စကားဝိုင်း၊ ကဗျာဆရာများဖြစ်ကြသော မြေလတ်မောင်မြင့်သူ၊ တောင်တွင်း မောင်သင်းကျော်၊ စလင်းဘုန်းကျော်၊ ဘုန်းဝေတို့၏ "မြန်မာကဗျာ၏ ရှေ့ခရီး" စကားဝိုင်း၊ ကြူကြူသင်း၊ မနှင်းဖွေး၊ မော်ဝန်းကြည်မြတ်၊ ပုသိမ်အောင်သန်းဦးတို့၏ "ရသဝတ္ထုများ၏ ကာလနရီ၊ ပန်းချီဆေးစက်" စကားဝိုင်း၊ နတ်မောက် အနီချို၊ ဒေါ်မမနိုင်၊ ကြူကြူသင်း၊ ဒေါက်တာဇော်ထွန်းတို့၏ "Our Literary Figure"(အင်္ဂလိပ်ဘာသာဖြင့်) စကားဝိုင်း၊ နေအုပ် (စိန်ပေါလ်)၊ ခင်မောင်ထွေး (ပညာရေး)၊ မြတ်ဝေတိုး (ပညာရေးတက္ကသိုလ်)၊ ဒေါက်တာတင်အောင်ရွှေ(သုတေသီ)တို့၏ "မြန်မာ့ပညာရေးအပြောင်းအလဲများ၏ ဦးတည်ရာ" စကားဝိုင်း၊ ကျော်ကျော်လှိုင်၊ လင်းသိုက်ညွှန့်၊ ဒေါက်တာကသရင်းကျော်၊ စိုးဟိန်းတို့၏ "ဇက်" မျိုးဆက် ("Z"generation)စကားဝိုင်း စသည့် စကားဝိုင်းများမှာ အထူးစိတ်ဝင်စားဖွယ်ရာစကားဝိုင်းများ ဖြစ်ကြပါသည်။

စာရေးဆရာမဂျူး၏ Creation of a Novel "ဝတ္ထုတစ်ပုဒ်ဖန်တီးခြင်း"နှင့် Why I Write "ဘာကြောင့်စာရေးတာလဲ" ဟောပြောမှုမှာ ပရိသတ်စာချစ်သူများ အားရကျေနပ်ဖွယ်ရာ ဖြစ်ခဲ့ပါ၏။ ပုညခင်၏ The Novel 'ဝတ္ထု' ဟောပြောမှုမှာလည်း စာဖတ်ပရိသတ်များ နှစ်သက်ကြသည်။ ကဗျာဆရာ နေမျိုး၏ "ကဝိဘာရတီကျမ်းမှ ထုတ်ယူရရှိသော ကဗျာဆိုင်ရာသင်ခန်းစာအချို့" စာတမ်းနှင့် အမေးအဖြေခန်းမှာ အထူးကောင်းမွန်လှပါ၏။ "အကယ်ဒမီစိန်မွတ္တား"စာတမ်း၊ သန်းစိုးအောင်၏ Truth of Poems စာတမ်း၊ မြနှောင်းညို၏ ဝတ္ထုတစ်ပုဒ် ဖန်တီးခြင်းအနုပညာ၊ ခင်လေးငယ်၏ ဘာသာပြန်စာတမ်း စသည့် စာတမ်းများမှာလည်း စိတ်ဝင်စားစရာ ကောင်းပါသည်။ နိုင်ငံခြားစာရေးဆရာများ၏ စကားဝိုင်း ဆွေးနွေးပွဲများလည်း ပါဝင်သဖြင့် စာပေပွဲတော်မှာ လှချင်တိုင်းလှနေလေသည်။

သူရဇော်၊ မြတ်ဝေတိုး(ပညာရေး)၊ ကိုမြင့်ထွန်း(Quality)၊ ဦးအေးချို(မဟာဝိဇ္ဇာ) တို့၏ "ဗုဒ္ဓစာပေကိုသင်ယူခြင်း"စကားဝိုင်း၊ လေးကိုတင်၊ ကြည်ခိုင်၊ မင်းချမ်းမွန်၊ ရွှေဒါးမောင်လေးရည်တို့၏"မြန်မာရသစာတမ်း၏ပုံပန်း"စကားဝိုင်း၊ သူရဇော်၊ မြေလတ်မောင်မြင့်သူ၊ စလင်းဘုန်းကျော်၊ မောင်စိမ်းနောင် (လယ်ဝေး)တို့၏ "ဧည့်ခန်းဆောင်ကပန်းအလင်္ကာ" စကားဝိုင်းတို့အပြင် ရုပ်ရှင်ပညာရှင်တို့၏ စကားဝိုင်းနှင့်၊ ကာတွန်းပညာရှင်တို့၏ "သတင်းကာတွန်း၊ နိုင်ငံရေးကာတွန်း၊ သရုပ်ဖော်ကာတွန်း" စသည့် စကားဝိုင်းများ၊ ကဗျာဆရာများ၏ ကဗျာရွတ်ဆိုပွဲများဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် စာပေပွဲတော်လတန်ဆောင်တိုင်၊ တန်ဆောင်မုန်းရောဝတီစာပေပွဲတော်ကြီးကား တန်ဆောင်မုန်းလဆန်း ၁၃ ရက်နေ့မှ လပြည့်နေ့တိုင် ခြိမ့်ခြိမ့်သဲသဲ ကျင်းပပြီးစီးခဲ့လေပြီ။

**အစဉ်အလာမပျက်**

ရောဝတီစာပေပွဲတော်ကို ယခင်နှစ်များက ကျင်းပနေကျအတိုင်း မြန်မာနိုင်ငံနှင့် နိုင်ငံတကာမှ စာရေးဆရာ၊ စာရေးဆရာမများ တက်ရောက်ခဲ့ကြပြီး ဘာသာရပ်အလိုက် စကားဝိုင်းများ၊ စာတမ်းဖတ်ပွဲများ၊ ဟောပြောပွဲများ၊ ကဗျာရွတ်ဆိုပွဲများအား နေ့စဉ် နံနက် ၉ နာရီမှ ည ၆ နာရီအထိ ကျင်းပပြုလုပ်ခဲ့ပါသည်။ ကာတွန်းလက်ရာများ ပြခန်းနှင့် စာအုပ်အရောင်းဆိုင်များလည်း ဖွင့်လှစ်ပြသရောင်းချခဲ့ပါသည်။

**ပွဲတော်ဖြစ်ပေါ်လာပုံအကျဉ်း**

ရောဝတီစာပေပွဲတော် ဖြစ်ပေါ်လာပုံမှာ ၂၀၁၃ ခုနှစ်က မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီးနှင့်ဇနီး ဂျိန်းဟန်း (Jane Heyn) တို့သည် စာပေကို အလွန်ဝါသနာပါသူများ ဖြစ်ကြပြီး နိုင်ငံတကာ စာပေအသိုင်းအဝိုင်းမှ စာရေးဆရာ၊ စာရေးဆရာမများနှင့်လည်း အလွန်ရင်းနှီးကြသူများဖြစ်ကြသည်။ ၎င်းတို့ ဇနီးမောင်နှံနှစ်ဦးသည် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ရင်းနှီးခင်မင်ကြသဖြင့် နိုင်ငံတကာမှ စာရေးဆရာ၊ စာရေးဆရာမများကို ဖိတ်ကြား၍ မြန်မာနိုင်ငံတွင် စာပေပွဲတော်တစ်ခု ကျင်းပရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ တိုက်တွန်းချက်အရ "ရောဝတီစာပေပွဲတော်" ဟူ၍ ဖြစ်ပေါ်လာခြင်းဖြစ်သည်။

**ရည်ရွယ်ချက်**

ရောဝတီစာပေပွဲတော် ကျင်းပရခြင်း၏ အဓိကရည်ရွယ်ချက်သုံးရပ်မှာ မြန်မာစာပေကို ကမ္ဘာသို့ ထိုးဖောက်ရန်၊ မြန်မာစာရေးဆရာ၊ စာရေးဆရာမများနှင့် နိုင်ငံတကာစာရေးဆရာ၊ စာရေးဆရာမများ တွေ့ဆုံဆွေးနွေးခွင့်ရရှိပြီး မိမိတို့ စာပေယဉ်ကျေးမှုနှင့် အနုပညာများ ဖလှယ်ကြစေရန်၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများ စာဖတ်ခြင်းအလေ့အထ ပိုမိုရှင်သန်ဖွံ့ဖြိုးတိုးတက်လာစေရန်တို့ ဖြစ်သည်။

**ကြိုးပမ်းဆောင်ရွက်**

အဆိုပါ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီးနှင့်ဇနီးတို့သည် ပထမအကြိမ် ရောဝတီစာပေပွဲတော်ကို ၂၀၁၃ ခုနှစ်တွင် စတင်ကျင်းပနိုင်ရန် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ တိုက်တွန်းကူညီထောက်ပံ့မှုနှင့် ဗြိတိသျှအစိုးရ၊ ဗြိတိသျှတက္ကသိုလ်၊ ကောလိပ်များ၏ ကူညီထောက်ပံ့မှုများဖြင့် ဖြစ်မြောက်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါသည်။

ပထမအကြိမ်ရောဝတီစာပေပွဲတော်ကို ရန်ကုန်မြို့ အင်းယားလိတ်ဟိုတယ်တွင် ကျင်းပခဲ့ရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ပြီး "စာဖတ်ခြင်း၏အကျိုး" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲ၌ ပါဝင်ဆွေးနွေးခဲ့သည်။ ဒုတိယအကြိမ် ရောဝတီစာပေပွဲတော်ကို မန္တလေးမြို့ Mercure ဟိုတယ်တွင် ကျင်းပသည့် အခါတွင်လည်း ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ပြီး တရုတ်စာရေးဆရာမ Jung Chang နှင့် ဗြိတိသျှစာရေးဆရာ Sergan Keane တို့နှင့်အတူ နိုင်ငံတကာရသဝတ္ထုတစ်ပုဒ်အကြောင်း ပါဝင်ဆွေးနွေးခဲ့ပါသည်။ တတိယအကြိမ်နှင့် စတုတ္ထအကြိမ် ရောဝတီစာပေပွဲတော်များကိုလည်း မန္တလေးမြို့၌ပင် ကျင်းပခဲ့ရာ ၂၀၁၇ ခုနှစ် စတုတ္ထအကြိမ် စာပေပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ၎င်း၏ လက်ရေးမူဖြင့် သဝဏ်လွှာပေးပို့ခဲ့ပါသည်။

**ဂုဏ်ပြုမော်ကွန်းတင်**

ရောဝတီစာပေပွဲတော်တွင် ဆွေးနွေးဟောပြောခဲ့ကြသည့် မြန်မာနှင့် နိုင်ငံတကာမှ စာရေးဆရာ၊ စာရေးဆရာမများ အနေဖြင့် အခကြေးငွေမယူဘဲ ပူးပေါင်းပါဝင်ခြင်းသည်လည်း ဤပွဲတော်၏ ထူးခြားသည့် ဝိသေသတစ်ခုဖြစ်ပါသည်။ နိုင်ငံတကာမှ စာရေးဆရာ၊ စာရေးဆရာမများ အပြင် ဓာတ်ပုံဆရာများနှင့် ယဉ်ကျေးမှု အနုပညာရှင်များကိုပါ တက်ရောက်စေခဲ့သဖြင့် ရောဝတီစာပေပွဲတော်တွင် နိုင်ငံအချင်းချင်း စာပေ၊ ယဉ်ကျေးမှုနှင့် အနုပညာများ ဖလှယ်နိုင်ခဲ့သည်ဖြစ်ရာ မြန်မာစာပေ၊ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့အနုပညာများကို ကမ္ဘာကသိရှိပြီး နောင်တွင် ကမ္ဘာသို့ ထိုးဖောက်နိုင်တော့မည်ဟု ယုံကြည်မိပါကြောင်း ပဉ္စမအကြိမ် ရောဝတီစာပေပွဲတော်ကို ဂုဏ်ပြုမော်ကွန်းတင်လိုက်ရပါသတည်း။

**ရောဝတီသက်သေတည်**

ဆောင်းဦးသစ်စ၊ တန်ဆောင်မုန်းလ<br>
မိုးစ မိုးမြ၊ စိုစွတ်လှ၏<br>
မန်း မန္တလာ၊ တိုင်းမဟာကား<br>
စာပေပန်းများ၊ ပွင့်ဝေမွှေးသွားသည်<br>
ရောဝတီ သက်သေတည်ပါသတည်း။

**ရောဝတီစာပေပွဲတော်တွင် ဆွေးနွေးဟောပြောခဲ့ကြသည့် မြန်မာနှင့် နိုင်ငံတကာမှ စာရေးဆရာ၊ စာရေးဆရာမများအနေဖြင့် အခကြေးငွေမယူဘဲ ပူးပေါင်းပါဝင်ခြင်းသည်လည်း ဤပွဲတော်၏ ထူးခြားသည့် ဝိသေသတစ်ခုဖြစ်ပါသည်။ နိုင်ငံတကာမှ စာရေးဆရာ၊ စာရေးဆရာမများအပြင် ဓာတ်ပုံဆရာများနှင့် ယဉ်ကျေးမှု အနုပညာရှင်များကိုပါ တက်ရောက်စေခဲ့သဖြင့် ရောဝတီစာပေပွဲတော်တွင် နိုင်ငံအချင်းချင်း စာပေ၊ ယဉ်ကျေးမှုနှင့် အနုပညာများ ဖလှယ်နိုင်ခဲ့**

# ယူရေနီယံသန့်စင်မှု အီရန် ပြန်လည်စတင်နေပြီဟု အိုင်အေအီးအေ အတည်ပြုပြောကြား

**တီဟီရန် နိုဝင်ဘာ ၁၂**
အီရန်နိုင်ငံသည် မြေအောက်နျူကလီးယားစက်ရုံတစ်ခုတွင် ယူရေနီယံသန့်စင်မှုများ ပြန်လည်စတင်နေပြီဖြစ်ကြောင်း နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ(အိုင်အေအီးအေ)က အတည်ပြုပြောကြားခဲ့သည်။

အီရန်နိုင်ငံသည် နိုင်ငံ၏ အလယ်ပိုင်းရှိ ဖော်ဒိုးနျူကလီးယားစက်ရုံတွင် ယူရေနီယံသန့်စင်မှုများကို နိုဝင်ဘာ ၉ ရက်တွင် စတင်ခဲ့ကြောင်း အီရန်နိုင်ငံ၏ နျူကလီးယားထုတ်လုပ်မှုနှင့်စပ်လျဉ်း၍ အိုင်အေအီးအေက နိုဝင်ဘာ ၁၁ ရက်တွင် ထုတ်ပြန်သည့် သတင်းထုတ်ပြန်ချက်တစ်ရပ်တွင် ပြောကြားခဲ့သည်။

၂၀၁၅ ခုနှစ် နျူကလီးယားသဘောတူစာချုပ်သည် ပြည်ပတိုက်ခိုက်မှုများမှ အကာအကွယ်ပေးရေးအတွက် မြေအောက်တွင် တည်ဆောက်ထားသည့် ဖော်ဒိုးနျူကလီးယားစက်ရုံ၌ ယူရေနီယံသန့်စင်မှုကို မပြုလုပ်ရန် အီရန်နိုင်ငံအား တားမြစ်ထားသည်။




အီရန်နိုင်ငံသည် အမေရိကန်နိုင်ငံနှင့် အခြားသော အင်အားကြီးနိုင်ငံများအား ဖိအားပေးရာတွင် သိသာသော လုပ်ဆောင်ချက်အနေဖြင့် ဖော်ဒိုးနျူကလီးယားစက်ရုံတွင် ယူရေနီယံသန့်စင်မှုများ ပြန်လည်လုပ်ဆောင်ခဲ့ကြောင်း ယခုလ အစောပိုင်းက အီရန်နိုင်ငံ၏ ကြေညာချက်ထွက်ပေါ်လာပြီးနောက် အိုင်အေအီးအေ၏ သတင်းထုတ်ပြန်ချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

အီရန်နိုင်ငံ၏ ယူရေနီယံသန့်စင်မှုကိစ္စအပေါ် ဖြစ်နိုင်သမျှ မကြာမီကာလအတွင်း ဖြေရှင်းနိုင်ရေး အိုင်အေအီးအေနှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်လုပ်ဆောင်ရန်မှာ အီရန်နိုင်ငံအတွက် မဖြစ်မနေအရေးကြီးကြောင်း အိုင်အေအီးအေ၏ ထုတ်ပြန်ချက်အရ သိရသည်။

အိုင်အေအီးအေသည် လာမည့် သီတင်းပတ် တနင်္လာနေ့တွင် ကျင်းပမည့် ၎င်း၏ အုပ်ချုပ်ရေးဘုတ်အဖွဲ့အစည်းအဝေးတွင် အစီရင်ခံစာတစ်ရပ် တင်သွင်းသွားရန်လည်း စီစဉ်လျက်ရှိသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**

# အီရတ်တွင် တစ်လကြာဖြစ်ပွားခဲ့သည့် ဆန္ဒပြမှုများအတွင်း သေဆုံးသူ ၃၀၀ ကျော်ရှိ

**ဘဂ္ဂဒက် နိုဝင်ဘာ ၁၂**
အီရတ်နိုင်ငံတွင် ဖြစ်ပွားနေသည့် အစိုးရဆန့်ကျင်ရေးဆန္ဒပြမှုများသည် အချိန်ကာလအားဖြင့် တစ်လခန့်ကြာမြင့်ခဲ့ပြီဖြစ်ပြီး ယင်းဆန္ဒပြမှုများအတွင်း၌ သေဆုံးခဲ့သူဦးရေမှာ ၃၀၀ ကျော်ရှိသွားပြီဖြစ်ကြောင်း အီရတ်နိုင်ငံဆိုင်ရာ လွတ်လပ်သော လူ့အခွင့်အရေးကော်မရှင် မဟာမင်းကြီးရုံးက နိုဝင်ဘာ ၁၁ ရက်တွင် ပြောကြားသည်။

အီရတ်နိုင်ငံတွင် အလုပ်လက်မဲ့ဦးရေ မြင့်မားနေမှုနှင့် အကျင့်ပျက်ခြစားမှုများအပေါ် ပြည်သူများက မကျေနပ်မှုများဖြစ်ပေါ်ခဲ့ပြီး လွန်ခဲ့သည့် အောက်တိုဘာလအစောပိုင်းတွင် မြို့တော်ဘဂ္ဂဒက်နှင့် နိုင်ငံတောင်ပိုင်းဒေသရှိ မြို့ကြီးများ၌ အစိုးရဆန့်ကျင်ရေးဆန္ဒပြမှုများ ပေါ်ပေါက်လာခဲ့သည်။

နိုဝင်ဘာ ၁၀ ရက်က ဘဂ္ဂဒက်မြို့လယ်သို့ ဦးတည်သွားသည့် တံတားများအနီး၌ ဆန္ဒပြသူများနှင့် ရဲတပ်ဖွဲ့ဝင်များအကြား ရုန်းရင်းဆန်ခတ်မှုများ ဖြစ်ပွားခဲ့ပြီး ဆန္ဒပြသူလေးဦး သေဆုံးခဲ့သည်။

ဘဂ္ဂဒက်မြို့လယ်ပိုင်း၌ အစိုးရရုံးအဆောက်အအုံများနှင့် နိုင်ငံခြားသံရုံးအဆောက်အအုံများ တည်ရှိသည်။

အီရတ်နိုင်ငံတွင် အစိုးရဆန့်ကျင်ရေးဆန္ဒပြမှုများ စတင်ဖြစ်ပွားခဲ့ချိန်မှ နိုဝင်ဘာ ၁၀ ရက်အထိ တစ်လကြာ ကာလအတွင်း၌ ဆန္ဒပြသမားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင် ၃၁၉ ဦး သေဆုံးခဲ့ပြီး အခြားလူ ၁၅၀၀၀ ခန့် ထိခိုက်ဒဏ်ရာရခဲ့သည်ဟု ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်က ပြောကြားသည်။

ယင်းနိုင်ငံအတွင်း၌ ဖြစ်ပွားနေသည့် ဆန္ဒပြပွဲများ အဆုံးသတ်မည့် အရိပ်အယောင်အား မမြင်တွေ့ရသေးဘဲ အီရတ်အစိုးရကမူ နိုင်ငံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများလုပ်ဆောင်ပြီး ဆန္ဒပြသမားများ၏ တောင်းဆိုမှုများကို တုံ့ပြန်သွားမည်ဟု ပြောကြားသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-ဇော်ဝင်း**

# အာဆီယံဈေးကွက်တွင် တရုတ်နှင့် မလေးရှား ကားကုမ္ပဏီနှစ်ခု ပူးပေါင်းပြီး လျှပ်စစ်ကားများ ထုတ်လုပ်မည်

**ကွာလာလမ်ပူ နိုဝင်ဘာ ၁၂**
အာဆီယံဈေးကွက်တွင် တင်သွင်းရန်ရည်ရွယ်ပြီး တရုတ်ဇွန်တောင်ဘတ်စ်ကားကုမ္ပဏီနှင့် မလေးရှား တရက်စ်မဂျူကားလုပ်ငန်းတို့အနေဖြင့် လျှပ်စစ်ကားများ ထုတ်လုပ်ရေးအတွက် သဘောတူလက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါသဘောတူညီချက်အရ ၎င်းကားကုမ္ပဏီနှစ်ခုအနေဖြင့် မလေးရှား ပြည်တွင်းဈေးကွက်နှင့် အာဆီယံဈေးကွက်တွင် ပါဝင်သော ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် မြန်မာနိုင်ငံသို့ တင်ပို့မည့်လျှပ်စစ်ကားများကို ပူးပေါင်းထုတ်လုပ်သွားရန်ရှိကြောင်း တရက်စ်မဂျူကားလုပ်ငန်း၏ အမှုဆောင်ဒါရိုက်တာ လိုကွက်စန်းက ပြောကြားသည်။

တရုတ်ပြည် ရှန်ဒေါင်းပြည်နယ်သို့ မိမိသွားရောက်စဉ်အတွင်း ဘတ်စ်ကားထုတ်လုပ်သောလုပ်ငန်းများကို မိမိအထင်ကြီးခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ကားထုတ်လုပ်ရေးလုပ်ငန်းများတွင် စွမ်းအင်ကို နည်းအမျိုးမျိုးဖြင့် အသုံးချနိုင်စေရန်နှင့် စွမ်းအင်ထုတ်လုပ်ရေးဆိုင်ရာ နည်းပညာများ တိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ တရုတ်နိုင်ငံထုတ် လျှပ်စစ်ကားများအတွက် နည်းပညာနှင့် အသုံးအဆောင်ပစ္စည်းများကို မိမိတို့ကုမ္ပဏီက မိတ်ဆက်ထုတ်လုပ်သွားရန်ရှိကြောင်း ၎င်းကပြောကြားသည်။

တရုတ်ဇွန်တောင်ဘတ်စ်ကားကုမ္ပဏီမှ အကြီးတန်းမန်နေဂျာဖြစ်သူ လီဂျီလူက မိမိတို့ကုမ္ပဏီအနေဖြင့် အစွမ်းထက်သော နည်းပညာများကို တရက်စ်မဂျူကုမ္ပဏီသို့ ပံ့ပိုးပေးသွားမည်ဖြစ်ပြီး မလေးရှား၏ ပြည်သူ့ သယ်ယူပို့ဆောင်ရေးလုပ်ငန်း အဆင့်မြှင့်တင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**



# ဩစတြေးလျနိုင်ငံ၌ တောမီးလောင်မှုအခြေအနေ ဆိုးရွားလာ၍ အရေးပေါ်အခြေအနေကြေညာ

**ဆစ်ဒနီ နိုဝင်ဘာ ၁၂**
အလွန်ဆိုးရွားပြင်းထန်သော တောမီးလောင်ကျွမ်းမှုများ ဆက်လက်ဖြစ်ပေါ်နေခြင်းကြောင့် နိုင်ငံ၏ အကြီးဆုံးမြို့ဖြစ်သည့် ဆစ်ဒနီအပါအဝင် နယူးဆောက်သ်ဝေးပြည်နယ် အရှေ့ပိုင်းဒေသအား နိုင်ငံတော်အရေးပေါ်အခြေအနေ ကြေညာထားကြောင်း သိရသည်။

ပူပြင်းခြောက်သွေ့သော ရာသီဥတုအခြေအနေနှင့် လေပြင်းများ တိုက်ခတ်နေခြင်းကြောင့် တောမီးလောင်မှုများ ကြီးထွားလာခဲ့၍ နယူးဆောက်သ်ဝေးပြည်နယ် အစိုးရက နိုဝင်ဘာ ၁၁ ရက်တွင် အရေးပေါ်အခြေအနေ ကြေညာခြင်းဖြစ်သည်။

ယင်းတောမီးများ လောင်ကျွမ်းမှုကြောင့် လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်း၌ လူသုံးဦးထိ သေဆုံးခဲ့ပြီး တောမီးများမှာ အဆိုးရွားဆုံးအနေအထားဖြင့် ခြိမ်းခြောက်နေသည်။

ဆစ်ဒနီမြို့နှင့် အနီးဝန်းကျင်ရှိ ဟန်တာ၊ အိုင်လာဝါဟာဟာနှင့် ရှိုလ်ဟေဗင်ဒေသများ၌ နိုဝင်ဘာ ၁၂ ရက်တွင် ဆိုးရွားသော တောမီးအန္တရာယ်ကျရောက်မည်ဟု သတိပေးချက်ထုတ်ပြန်ထားပြီး ၂၀၀၉ ခုနှစ်နောက်ပိုင်း၌ ဆစ်ဒနီမြို့သည် အမြင့်မားဆုံးသော တောမီးအန္တရာယ် ခြိမ်းခြောက်မှုနှင့် ရင်ဆိုင်နေရကြောင်း သတင်းတွင် ဖော်ပြသည်။

နယူးဆောက်သ်ဝေးပြည်နယ်သည် တောမီးလောင်မှုကို အဆိုးရွားဆုံးခံစားနေရပြီး လူနေအိမ်အလုံး ၁၅၀ မီးလောင်ဆုံးရှုံးကာ လူသုံးဦး သေဆုံးခဲ့ရကြောင်း ပြည်နယ်ဝန်ကြီးချုပ် ဂလဲဒီ ဘီရီဂျီကလင်က ပြောကြားသည်။

ယခုထုတ်ပြန်ခဲ့သည့် အရေးပေါ်အခြေအနေမှာ ခုနစ်ရက်ခန့် ကြာမြင့်မည်ဖြစ်ကြောင်းနှင့် ပြည်နယ်အစိုးရ၏ လုပ်ပိုင်ခွင့်များကို နယူးဆောက်သ်ဝေးပြည်နယ်အစိုးရထံမှ ကျေးလက်မီးသတ်တပ်ဖွဲ့ကော်မရှင်နာ မင်းကြီးထံ လွှဲအပ်ပေးခဲ့သည်ဟု ပြည်နယ်ဝန်ကြီးချုပ်က ပြောကြားသည်။

တောမီးအား ငြိမ်းသတ်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်ဦးရေ ၁၀၀၀ နှင့် မီးသတ်လေယာဉ်အစင်း ၇၀ ကို အသုံးပြုကာ ကြိုးပမ်းလုပ်ဆောင်နေကြောင်း သတင်းတွင် ဖော်ပြသည်။

နိုဝင်ဘာ ၁၂ ရက်တွင် လောင်နေသည့် တောမီးသည် ဆစ်ဒနီမြို့၏ ဆင်ခြေဖုံးဒေသထိ ကူးစက်ပျံ့နှံ့လာခြင်းကြောင့် မီးသတ်သမားများက မီးသတ်လေယာဉ်များနှင့် ရဟတ်ယာဉ်များကို အလျင်အမြန်သုံးစွဲကာ တောမီးလောင်သည့် အနီးဝန်းကျင်ဒေသများသို့ ရေများနှင့် မီးလောင်ကျွမ်းသူ လျှော့ချစေသည့် ဓာတုဆေးများကို အသုံးပြုကာ မီးငြိမ်းသတ်မှုများ လုပ်ဆောင်နေကြသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ဇော်ဝင်း**

# ဇင်ဘာဘွေနိုင်ငံ တောရိုင်းတိရစ္ဆာန်များ ကျက်စားရာနယ်မြေတွင် အစာရေစာပြတ်လပ်မှုကြောင့် ဆင် ၁၁၅ ကောင် သေဆုံး



**ဟာရာရီ နိုဝင်ဘာ ၁၂**
ဇင်ဘာဘွေနိုင်ငံ၏ အကြီးဆုံးဖြစ်သည့် တောရိုင်းတိရစ္ဆာန်များ လွတ်လပ်စွာ ကျက်စားရာနယ်မြေတွင် အစာရေစာပြတ်လပ်မှုကြောင့် ယခုနှစ် စက်တင်ဘာလနောက်ပိုင်း အနည်းဆုံးဆင်အကောင်ရေ ၁၁၅ ကောင် သေဆုံးခဲ့သည်။

ယခုနှစ်အတွင်း မိုးခေါင်ရေရှားမှုကြောင့် Hwange အမျိုးသားဥယျာဉ်အတွင်းရှိ ရေလှောင်ကန်များမှာလည်း ရေခန်းခြောက်လျက်ရှိကြောင်း ဇင်ဘာဘွေဥယျာဉ်နှင့် တောရိုင်းတိရစ္ဆာန်စီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ တီနာရှီဖာရာဝိုက ပြောကြားခဲ့သည်ကို Herald သတင်းစာက နိုဝင်ဘာ ၁၁ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

အလွန်ကျယ်ပြောသော တောရိုင်းတိရစ္ဆာန်များ လွတ်လပ်စွာ ကျက်စားရာနယ်မြေတွင် ယခုလအစောပိုင်းမှ စတင်ကာ လက်ရှိအချိန်အထိ ဆင် ၁၀ ကောင် သေဆုံးခဲ့ပြီး စက်တင်ဘာလနှင့် အောက်တိုဘာလအတွင်း ဆင် ၁၀၅ ကောင်သေဆုံးခဲ့ကြောင်း ဖာရာဝိုက ပြောကြားခဲ့သည်။ ယင်းသေဆုံးမှုမှာ စံချိန်တင်သေဆုံးမှုဖြစ်ပြီး လက်ရှိသေဆုံးမှုထက် မြင့်တက်လာနိုင်ကြောင်းလည်း ၎င်းက ပြောကြားခဲ့သည်။

Hwange အမျိုးသားဥယျာဉ်သည် ဇင်ဘာဘွေနိုင်ငံ၏ မိုးခေါင်ရေရှားသော အနောက်ပိုင်းဒေသတွင် တည်ရှိပြီး နိုင်ငံ၏ ဆင်ကောင်ရေအများဆုံးရှိရာ ဒေသလည်းဖြစ်သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# BRICS ထိပ်သီးအစည်းအဝေး တက်ရောက်ရန် အိန္ဒိယဝန်ကြီးချုပ် မိုဒီ ဘရာဇီးသို့ ထွက်ခွာ

**နယူးဒေလီ နိုဝင်ဘာ ၁၂**

အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီသည် နိုဝင်ဘာ ၁၃ ရက်မှ ၁၄ ရက်အထိ ဘရာဇီးနိုင်ငံ၌ ကျင်းပမည့် (၁၁)ကြိမ်မြောက် ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နှင့် တောင်အာဖရိကတို့ ပါဝင်သော BRICS ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ယနေ့ ထွက်ခွာသွားသည်။

မိုဒီသည် ဘရာဇီးနိုင်ငံ၌ ရှိနေစဉ် နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့်ပတ်သက်၍ ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် ဘရာဇီးသမ္မတ ဂျေးဘော်လ်ဆို နာရိုတို့နှင့်အတူ သီးသန့်တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားသည်။

ယခုနှစ်တွင် ကျင်းပသော BRICS ထိပ်သီးအစည်းအဝေး၏ အဓိကခေါင်းစဉ်မှာ "ဆန်းသစ်သော အနာဂတ်အတွက် စီးပွားရေးတိုးတက်မှု" ဟူ၍ ဖြစ်သည်။

ကျယ်ပြန့်သော နယ်ပယ်များ၌ အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် BRICS အဖွဲ့ဝင်နိုင်ငံခေါင်းဆောင်များနှင့် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ရန် ရည်ရွယ်ထားကြောင်း မိုဒီက အိန္ဒိယနိုင်ငံမှ မထွက်ခွာမီ မီဒီယာများအား ပြောကြားသည်။

BRICS အဖွဲ့ဝင်ငါးနိုင်ငံ ခေါင်းဆောင်များသည် ထိပ်သီးဆွေးနွေးပွဲအတောအတွင်း သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုနယ်ပယ်များ၌ အဖွဲ့ဝင်နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုကို သိသိသာသာ တိုးမြှင့်ရန်၊ ဒစ်ဂျစ်တယ်စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်နှင့် BRICS အဖွဲ့၏ မူဘောင်အတွင်း တန်ပြန်အကြမ်းဖက်နှိမ်နင်းရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအတွက် လုပ်ထုံးလုပ်နည်းတစ်ခု တည်ဆောက်ထားရန် အဓိကရည်ရွယ်ကြောင်း မိုဒီက ထပ်မံပြောကြားသည်။

BRICS အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန် ရည်ရွယ်ချက်ဖြင့် အဖွဲ့ဝင်နိုင်ငံခေါင်းဆောင်များနှင့်အတူ အမြင်ချင်းဖလှယ်ကြရန် မိမိအနေဖြင့် ရည်ရွယ်ထားကြောင်း မိုဒီက ဆက်လက်ပြောကြားသည်။

ယခုနှစ်တွင် ကျင်းပမည့် BRICS ထိပ်သီးအစည်းအဝေးသည် အဖွဲ့ဝင်နိုင်ငံခေါင်းဆောင်များနှင့်အတူ အကျိုးရှိရှိ အပြန်အလှန်ဆက်ဆံမှုများ ပြုလုပ်ရာ၌ မိုဒီအား အခွင့်အလမ်းကောင်းများ ပေးလိမ့်မည်ဖြစ်ကြောင်း အိန္ဒိယမီဒီယာများ၏ ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ**





# ဘင်္ဂလားဒေ့ရှ်၌ ရထားနှစ်စင်းတိုက်မိ ၁၅ ဦးထက်မနည်း သေဆုံး၊ ၅၀ ကျော် ဒဏ်ရာရ

**ဒါကာ နိုဝင်ဘာ ၁၂**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့အလယ်ပိုင်း ဗြမ္မာန်ဘာရီရာခရိုင်၌ ယနေ့နံနက်ပိုင်းက ခရီးသည်တင်ရထားနှစ်စင်း မျက်နှာချင်းဆိုင်တိုက်မိခဲ့ရာ လူ ၁၅ ဦးထက်မနည်း သေဆုံးခဲ့ပြီး ၅၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း မီဒီယာသတင်းများအရ သိရသည်။

ဆိုင်လ်ဟက်မြို့မှ စစ်တကောင်းမြို့သို့ ဦးတည်မောင်းနှင်နေသည့် အမြန်ရထားတစ်စင်းနှင့် ဒါကာမြို့တော်သို့ သွားရောက်သည့် ခရီးသည်တင်ရထားတစ်စင်းတို့ ယနေ့နံနက် ၃ နာရီခွဲခန့်တွင် ဗြမ္မာန်ဘာရီရာခရိုင်ရှိ မန်ဒေ့ါဟတ်ဘ်ဘူတာရုံအနီး၌ မျက်နှာချင်းဆိုင်တိုက်မိခဲ့ကြောင်း ခရိုင်အုပ်ချုပ်ရေးမှူး ဒိုလာခန်း၏ ပြောပြချက်ကို ကိုးကား၍ ဒါကာထရီဗြူး သတင်းစာက ရေးသားဖော်ပြခဲ့သည်။ ရထားမောင်းနှင်သူများက အချက်ပြစနစ်များကို မလိုက်နာသောကြောင့် တိုက်မိခဲ့ခြင်းဟု ၎င်းက ဆိုသည်။ ရထားတိုက်ရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးရန် သီးခြားစုံစမ်းစစ်ဆေးရေးကော်မတီသုံးခု ဖွဲ့စည်းခဲ့ကြောင်း မီးရထားဝန်ကြီးဌာနမှ အတွင်းဝန် မိုဖက်ဇယ်ဟော့စိန်၏ ပြောပြချက်ကို ကိုးကား၍ သတင်းများက ဖော်ပြသည်။

ဘူတာရုံတစ်ခုအနီးတွင် ရထားတစ်စင်းက လမ်းကြောင်းပြောင်းလိုက်သောကြောင့် အခြားရထားတစ်စင်းနှင့် ခေါင်းချင်းဆိုင်တိုက်မိခဲ့ခြင်းဖြစ်ကြောင်း သည်ဒေလီစတားသတင်းစာက ဖော်ပြခဲ့သည်။ သေဆုံးသူများ မည်သူမည်ဝါဆိုသည်ကို မစိစစ်ရသေးကြောင်း သတင်းများက ဆိုသည်။ လူ ၁၂ ဦးမှာ အခင်းဖြစ်ရာနေရာ၌ သေဆုံးခဲ့ပြီး သုံးဦးမှာ ဆေးရုံများ၌ သေဆုံးခဲ့ကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းကို ဆောင်ရွက်နေပြီး ပျက်စီးသွားသော ရထားတွဲများအောက်၌ လူအများအပြား ပိတ်မိနေသောကြောင့် သေဆုံးသူအရေအတွက် မြင့်တက်လာဖွယ်ရှိကြောင်း မီးရထားတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါဖြစ်ရပ် ဖြစ်ပွားပြီးနောက် ဒါကာ-စစ်တိုဂရမ်၊ ဒါကာ-နိုခါလီနှင့် စစ်တိုဂရမ်-ဆိုင်လ်ဟက် ရထားခရီးစဉ် ပြေးဆွဲမှုများကို ရပ်ဆိုင်းခဲ့သည်။ ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရန် အခင်းဖြစ်ရာနေရာသို့ ရထားနှစ်စင်း ရောက်ရှိလာခဲ့သည်။

**ကိုးကား-ပီတီအိုင်**
**ဘာသာပြန် - ကျော်ထိုက်စိုး**

# တရုတ်နိုင်ငံရှိ မူကြိုကျောင်းတွင် ဓာတုပစ္စည်းဖြင့် တိုက်ခိုက်ခံရသဖြင့် ကလေး ၅၁ ဦး ဒဏ်ရာရ

**ပေကျင်း နိုဝင်ဘာ ၁၂**

တရုတ်နိုင်ငံတောင်ပိုင်းရှိ မူကြိုကျောင်းတစ်ကျောင်းအတွင်းသို့ လူတစ်ယောက်က ဝင်ရောက်၍ ကလေးငယ်များကို တိုက်စားတတ်သည့် အရည်ဖြင့်ဖျန်းပက်သဖြင့် ကလေးငယ်အများစုအပါအဝင် လူပေါင်း ၅၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း ဒေသအာဏာပိုင်များက အင်္ဂါနေ့က ပြောကြားသည်။ မျိုးရိုးအမည် ခေါင်ဟုခေါ်သည့် အသက် ၂၃ နှစ်အရွယ် အမျိုးသားသည် နံရံကို ကျော်တက်၍ မူကြိုကျောင်းအတွင်းသို့ ဝင်ရောက်ပြီး ကလေးငယ်များကို ဆိုဒီယမ်ဟိုက်ဒရောဆိုက်ဖြင့် ဖျန်းပက်ခဲ့ခြင်းဖြစ်ကြောင်း ယူနန်ပြည်နယ် ခိုင်ယွန်မြို့ရှိ ဒေသအာဏာပိုင်များက ပြောကြားသည်။

ယင်းတိုက်ခိုက်မှုသည် နိုဝင်ဘာ ၁၁ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီ ၃၅ မိနစ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အာဏာပိုင်များက ဝီဘို အကောင့်တွင် ရေးသားသည်။ ကလေးငယ် ၅၁ ဦးနှင့် ဆရာသုံးဦးကို ဆေးကုသမှု ခံယူစေရန်အတွက် ဆေးရုံသို့ပို့ဆောင်ခဲ့ပြီး နှစ်ဦးမှာ ဒဏ်ရာပြင်းထန်သည်ဟု ဆိုသည်။

ရဲတပ်ဖွဲ့က တိုက်ခိုက်မှုဖြစ်ပွားပြီး တစ်နာရီမကြာမီ ခေါင်ကို ဖမ်းမိခဲ့သည်။ ခေါင်၏မိဘများသည် ၎င်း ကလေးဘဝက ကွာရှင်းပြတ်စဲခဲ့ကြရာ မိသားစုနွေးထွေးမှုမရရှိခဲ့သဖြင့် ၎င်းသည် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားခဲ့ရကြောင်း၊ ၎င်း၏ အလုပ်နှင့် ဘဝမှာလည်း ကျေနပ်ဖွယ်ရာမရှိကြောင်း ဒေသအာဏာပိုင်များက ပြောသည်။ ၎င်းအခြင်းအရာများသည် လူ့အသိုင်းအဝိုင်းကို လက်စားချေလိုသည့် အဆိုးမြင်စိတ်နှင့် အတွေးများကို ဖန်တီးပေးခဲ့ကြောင်း အာဏာပိုင်များက ပြောသည်။

ကျောင်းသား ကျောင်းသူများကို ပစ်မှတ်ထား၍ အကြမ်းဖက်တိုက်ခိုက်မှုသည် တရုတ်နိုင်ငံတွင် ဖြစ်လေ့ဖြစ်ထမရှိသည့် ဖြစ်ရပ်မျိုးမဟုတ်ကြောင်း၊ လွန်ခဲ့သည့်နှစ်အနည်းငယ်အတွင်း ဓားဖြင့်တိုက်ခိုက်မှုအပါအဝင် သေစေလောက်သည့် တိုက်ခိုက်မှုများကို ကြုံတွေ့ခဲ့ရကြောင်း သိရသည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-အောင်ဇော်လင်း**

# အစ္စရေးတပ်ဖွဲ့၏ တိုက်ခိုက်မှု၌ ပါလက်စတိုင်း အစ္စလာမ္မစ်ဂျီဟာတ်အုပ်စု၏ အကြီးတန်းတပ်မှူး သေဆုံး

**ဂျေရုဆလင် နိုဝင်ဘာ ၁၂**

အစ္စရေးတပ်ဖွဲ့က ဂါဇာကမ်းမြောင်ဒေသအား ယနေ့အစောပိုင်းက တိုက်ခိုက်ခဲ့ရာ အစ္စလာမ္မစ် ဂျီဟာတ်အုပ်စု၏ တပ်မှူးတစ်ဦး သေဆုံးခဲ့ကြောင်း အစ္စရေးတပ်မတော်က ပြောကြားသည်။

ပါလက်စတိုင်း အစ္စလာမ္မစ် ဂျီဟာတ်အုပ်စု၏ အကြီးတန်းတပ်မှူး ဘာဟာအာဘူ အယ်လ်အက်တာဆိုသူသည် ဂါဇာကမ်းမြောင်ဒေသ ရှီဂျိုင်ယာခရိုင်တွင် တည်ရှိသော ၎င်း၏ နေအိမ်ကို အစ္စရေးတပ်ဖွဲ့က တိုက်ခိုက်ခဲ့ပြီးနောက် သေဆုံးခဲ့ခြင်းဖြစ်သည်။

အဆိုပါ တိုက်ခိုက်မှုတွင် အမျိုးသမီးတစ်ဦးနှင့် အမျိုးသားတစ်ဦး အပါအဝင် လူနှစ်ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ဂါဇာမီဒီယာအရာရှိများက ပြောကြားသည်။

အစ္စရေးတပ်ဖွဲ့သည် ဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟု၏ ခွင့်ပြုချက်ဖြင့် ဂါဇာကမ်းမြောင်ဒေသရှိ ပါလက်စတိုင်း အစ္စလာမ္မစ် ဂျီဟာတ်အုပ်စု၏ အကြီးတန်းတပ်မှူး၏ နေအိမ်ကို တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အစ္စရေးတပ်မတော်က ဆိုသည်။

ပါလက်စတိုင်း အစ္စလာမ္မစ် ဂျီဟာတ်အုပ်စုသည် ၎င်းတို့၏တပ်မှူး သေဆုံးခဲ့ပြီးနောက် အစ္စရေးကို လက်တုံ့ပြန်ရန် ကတိကဝတ်ပြုခဲ့ကြောင်း သိရသည်။

အစ္စရေးအစိုးရသည် ဂါဇာကမ်းမြောင်ဒေသမှ တန်ပြန်တိုက်ခိုက်မှုများ ပြုလုပ်လာမည်ကို စိုးရိမ်သောကြောင့် နိုင်ငံ၏တောင်ဘက် ဂါဇာကမ်းမြောင်ဒေသနှင့် နယ်စပ်အနီးအနားတွင် အရေးအပေါ် အခြေအနေတစ်ရပ် ထုတ်ပြန်ကြေညာထားပြီး ယင်းဒေသရှိ စာသင်ကျောင်းများကို ပိတ်ပင်ကာ ရထားခရီးစဉ်များကိုလည်း ရပ်ဆိုင်းထားသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ**

# လုပ်သားရှားပါးမှုပြဿနာဖြေရှင်းရန် စက်ရုပ်များအသုံးပြုရေး ဂျပန် ဆောင်ရွက်

**တိုကျို နိုဝင်ဘာ ၁၂**

တိုင်းပြည်၏ လုပ်သားရှားပါးမှုများ ပြဿနာဖြေရှင်းရာတွင် စက်ရုပ်များအသုံးပြုမှု တိုးမြှင့်ဆောင်ရွက်ရန် ဂျပန်စက်မှုဝန်ကြီးဌာနနှင့် တက္ကသိုလ်နှင့် စီးပွားရေးလုပ်ငန်း ၂၀ ကျော်တို့က လက်တွဲလျက်ရှိသည်။

အဆိုပါ အစိုးရ-ပုဂ္ဂလိက အထူးလုပ်ငန်းအဖွဲ့၌ တိုယိုတာမော်တော်ကားကုမ္ပဏီ၊ လက်လီဖြန့်ချိရေးလုပ်ငန်း Aeon၊ စားသောက်ကုန်လုပ်ငန်း Kewpie နှင့် အိမ်ခြံမြေလုပ်ငန်း Mitsubishi Estate တို့ကဲ့သို့သော စက်ရုပ်များအသုံးပြုနေသည့် ကုမ္ပဏီများ ပါဝင်မည်ဖြစ်သည်။ ဂျပန်လက်လီဖြန့်ချိရေးလုပ်ငန်းများ၊ စားသောက်ဆိုင်လုပ်ကိုင်သူများနှင့် အခြားစီးပွားရေးလုပ်ငန်းအများအပြားမှာ လုပ်သားရှားပါးမှုများဖြင့် ရုန်းကန်နေရပြီး စက်ရုပ်များအသုံးပြုရန် ကြိုးပမ်းလာခြင်းဖြစ်သည်။ စက်ရုပ်များအသုံးပြုရာတွင် အလွန်ရှုပ်ထွေးပြီး အကုန်အကျများသည်ဟု ဂျပန်ကုမ္ပဏီများက ယုံကြည်ကြသည်။

အထူးလုပ်ငန်းအဖွဲ့က လက်လီနှင့် စားသောက်ဆိုင်လုပ်ငန်းများ၊ စားသောက်ကုန်လုပ်ငန်းများနှင့် အဆောက်အဦစီမံခန့်ခွဲမှု နယ်ပယ်သုံးခုတွင် လာမည့်နှစ် မတ်လ၌ စီမံချက်များပြုစုရန် စီစဉ်နေသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - ကျော်ထိုက်စိုး**



# မြောက်ဥက္ကလာပမြို့နယ်၌ နေအိမ်နှစ်လုံးနှင့် ဆိုင်တစ်ဆိုင် မီးလောင်မှုဖြစ်ပွား



**ရန်ကုန် နိုဝင်ဘာ ၁၂**

မြောက်ဥက္ကလာပမြို့နယ် (ဆ)ရပ်ကွက် ၌ နေအိမ်နှစ်လုံးနှင့် ဆိုင်တစ်ဆိုင် ယနေ့နံနက်အစောပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

**မီးလောင်ဆုံးရှုံး**

ဖြစ်စဉ်မှာ ယနေ့နံနက် ၃ နာရီခွဲ ဝန်းကျင်ခန့်က မြောက်ဥက္ကလာပမြို့နယ် (ဆ) ရပ်ကွက် အကျယ်အဝန်း (၃၀x၂၀)ပေရှိ တစ်ထပ်နေအိမ် တစ်လုံး၊ (၂၀x ၆၀)ပေရှိ လူနေအိမ်တစ်လုံး၊ (၁၀x၂၀) ပေရှိပုလင်း အဟောင်းအရောင်း ဆိုင်တစ်ဆိုင် စုစုပေါင်း နေအိမ်နှစ်လုံးနှင့် ဆိုင်တစ်ဆိုင် မီးလောင်ဆုံးရှုံးခဲ့ရကြောင်း သိရသည်။

အခင်းဖြစ်ပွားသော မီးလောင်ရာနေရာသို့ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူးဦးမျိုးဝင်း၏ အနီးကပ် ကြီးကြပ်ကွပ်ကဲမှုဖြင့် မြောက်ဥက္ကလာပမြို့နယ်မီးသတ် စခန်းမှ မီးငြှိမ်းသတ်ယာဉ် သုံးစီးအပါအဝင် အခြားမြို့နယ် အသီးသီးမှ မီးငြှိမ်းသတ်ယာဉ် ၁၃ စီး၊ ရေသယ်ယာဉ် ငါးစီး၊ အထောက်အကူပြုယာဉ် သုံးစီးနှင့် ကွပ်ကဲမှုယာဉ် လေးစီးတို့ဖြင့် သန္နေမီးသတ်တပ်ဖွဲ့ဝင် ၁၀၀ နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၄၃ ဦးတို့ဖြင့် မီးငြှိမ်းသတ်ခဲ့ကြရာ နံနက် ၄ နာရီတွင် မီးထိန်း နိုင်ခဲ့ပြီး နံနက် ၄ နာရီ ၅ မိနစ်တွင် မီးငြှိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်မှုဖြစ်စဉ်နှင့်စပ်လျဉ်း၍ စုံစမ်းဆဲဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးမှ သိရသည်။

**သတင်း - ပွင့်သစ္စာ၊ ဓာတ်ပုံ - မြတ်မိုးအောင်**

# မအီမြို့၌ ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိ၍ တစ်ဦးသေဆုံး

**မအီ နိုဝင်ဘာ ၁၂**

မအီမြို့၌ နိုဝင်ဘာ ၁၁ ရက်က မအီတံတားထိပ်တွင် ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မှုကြောင့် တစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မအီမြို့ အမှတ်(၁)ရပ်ကွက်နေ မောင်ညီညီချေ(ခ) မဲမဲလုံး မောင်းနှင်လာသည့် ဆိုင်ကယ်သည် မအီတံတားထိပ်အရောက်တွင် သိမ်ကျောင်းပြင်ကျေးရွာနေ မောင်ဖြိုးမြတ်သူနှင့် ဆိုင်ကယ်နောက်မှလိုက်ပါလာသူ တစ်ရွာတည်းနေ မောင်ခင်မောင်သန်းတို့ စီးနင်းလာသည့် ဆိုင်ကယ်နှင့် မျက်နှာချင်းဆိုင် ယာဉ်တိုက်မှုဖြစ်ပွားခဲ့ရာ မောင်ညီညီချေ(ခ)မဲမဲလုံးနှင့် မောင်ဖြိုးမြတ်သူတို့တွင် ဒဏ်ရာများရရှိပြီး မအီမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကာ ဆေးကုသမှုခံယူစေခဲ့သည်။ ယင်းနောက် မောင်ညီညီချေ(ခ) မဲမဲလုံးမှာ ဒဏ်ရာပြင်းထန်သဖြင့် မအီဆေးရုံမှ အမ်းမြို့ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပြီး ဆေးကုသမှုခံယူနေစဉ် သေဆုံးသွားခဲ့သည်။

အဆိုပါ ယာဉ်တိုက်မှုနှင့်ပတ်သက်၍ ဆိုင်ကယ်ကို မဆင်မခြင်မောင်းနှင်သူ မောင်ဖြိုးမြတ်သူနှင့်မောင်ညီညီချေ(ခ)မဲမဲလုံးတို့နှစ်ဦးအား မအီနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်မောင်ဌေး(ပြန်/ဆက်)**

# ကျောက်ပန်းတောင်းမြို့တွင် ယာဉ်မတော်တဆမှုဖြစ်ပွား တစ်ဦးသေ၊ ခြောက်ဦးဒဏ်ရာရ

**ကျောက်ပန်းတောင်း နိုဝင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကျောက်ပန်းတောင်း-မိတ္ထီလာသွားကားလမ်းမှ ကျောက်ပန်းတောင်းမြို့အထွက် သီရိမင်္ဂလာရပ်ကွက် မိုင်တိုင်(၅၀/၅)အနီးတွင် နိုဝင်ဘာ ၁၂ ရက် ည ၁၀ နာရီ ၁၀ မိနစ်က ယာဉ်တစ်စီး မတော်တဆမှုဖြစ်ပွားရာ လူတစ်ဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒု- ရဲအုပ် မြင့်မြင့်ဆန်းသည် ယာဉ်မတော်တဆမှုဖြစ်ပွားကြောင်းသတင်းအရ သွားရောက်စစ်ဆေးကြည့်ရှုရာ မိတ္ထီလာမှ ကျောက်ပန်းတောင်းသို့ ယာဉ်မောင်း စောသောင်း ရှားပင်ကျေးရွာ ချောက်မြို့နေသူမောင်းနှင်လာသော ယာဉ်၏နောက်ဘက် ပစ္စည်းတင်ကိုယ်ထည် (ဘော်ဒီ)မှာနောက်သို့လန်ကျပြီး ယာဉ်ပေါ်တွင် စီးနင်းလိုက်ပါလာသူများမှာ ကားလမ်းမပေါ်သို့ ပြုတ်ကျခဲ့သည်။

အဆိုပါ ဖြစ်စဉ်ကြောင့် မောင်ရွှေလင်းအောင် အသက်(၇)နှစ် ရှားပင်ကျေးရွာ ချောက်မြို့နယ်နေသူမှာ ဦးခေါင်းနောက်စေ့ပေါက်ပြဲဒဏ်ရာ၊ နှာခေါင်းသွေးထွက်ဒဏ်ရာများဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ပြီး ရှားပင်ကျေးရွာနေ မအိအိမိုး၊ မောင်ကောင်းမြတ်ကျော်၊ ဒေါ်မြရွှေ၊ ဒေါ်ရီဌေးနှင့် မနော်နော်ဝင်းတို့တွင် ဒဏ်ရာများ(မစိုးရိမ်ရ)အသီးသီးရရှိခဲ့ကြပြီး အဆိုပါ လူနာများအား ကျောက်ပန်းတောင်း ဆေးရုံသို့ လွှဲပို့ကုသစေခဲ့ပြီး မဝင်းဌေး အသက် - ၃၀ နှစ် ရှားပင်ကျေးရွာနေသူမှာ ဝဲဂျိုစောင်းဖူးရောင်ပေါက်ပြဲဒဏ်ရာ(စိုးရိမ်ရ)ရရှိခဲ့သဖြင့် မန္တလေးဆေးရုံသို့ လွှဲပို့စေခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း စောသောင်းအား ကျောက်ပန်းတောင်းမြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

# ကလေးမြို့၌ ချောင်းအတွင်းမျောလာသည့် အလောင်းတစ်လောင်းတွေ့ရှိ

**စစ်ကိုင်း နိုဝင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် တောင်ဇလပ်ရပ်ကွက် အတွင်းရှိ စမ်းမြို့ ဘုန်းကြီးကျောင်းအနီးရှိ ချောင်းထဲတွင် မျောလာသည့် အသက် ၆၀ ကျော်ခန့် အမျိုးသား အလောင်း တစ်လောင်း တွေ့ရှိခဲ့ကြောင်း ကလေးမြို့ မြို့မရဲစခန်းမှ သိရသည်။

တောင်ဇလပ်ရပ်ကွက် စမ်းမြို့ ဘုန်းကြီးကျောင်းအနီး တံတားအောက်တွင် နိုဝင်ဘာ ၁၂ ရက် နံနက် ၇ နာရီကျော်ခန့်က အမျိုးသား အလောင်းတစ်လောင်း သောင်တင်နေသည်ကို ရပ်ကွက်နေပြည်သူများက တွေ့ရှိပြီး ၎င်းအမျိုးသားအလောင်းကို ကလေးမြို့ရှိ ကာယကံမေတ္တာ လူမှုကူညီရေးအသင်းက ကလေးမြို့နယ်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ကြောင်း ကလေးမြို့မ ရဲစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ကလေးမြို့မရဲစခန်းတွင် အမှုဖွင့်ထားပြီး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လူအောင်(ကသာ)**



# မင်းလှမြို့နယ်တွင် နေအိမ်သုံးလုံး မီးလောင်

**မင်းလှ နိုဝင်ဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် အလယ်ကုန်းကျေးရွာတွင် နိုဝင်ဘာ ၁၁ရက် မွန်းလွဲ ၂နာရီ ခွဲက ရေနွေးအိုးတည်ရာ နေအိမ်ထရံမှတစ်ဆင့် မီးစတင် လောင်ကျွမ်းပြီး နေအိမ်သုံးလုံး မီးကူးစက်လောင်ကျွမ်းမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဦးသိန်းအောင်သည် ၎င်း၏နေအိမ်တွင် ရေနွေးအိုးတည်ရာ နေအိမ်ထရံမှတစ်ဆင့် မီးစတင်လောင်ကျွမ်းခဲ့မှုကြောင့် ၎င်း၏သားများဖြစ်သူ ဦးနေဝင်းနှင့် ဦးအောင်ကျော်မိုး နေအိမ်တို့အား မီးကူးစက်လောင်ကျွမ်းခဲ့ပြီး မြို့နယ်မီးသတ်တပ်ဖွဲ့က အချိန်မီ မီးငြှိမ်းသတ်ခဲ့ရာ သုံးနာရီတွင် ငြှိမ်းသတ်နိုင်ခဲ့ပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက် သေဆုံးမှု မရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မင်းလှမြို့မရဲစခန်းက ဦးသိန်းအောင်အား အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပေါက်စ(မင်းလှ)**

# ကုန်တင်ယာဉ်နှင့် ဆိုင်ကယ်တိုက်မိ၍ တစ်ဦးသေဆုံး

**ရေတာရှည် နိုဝင်ဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့တောင်ဘက် ၂ မိုင်ခန့်အကွာ ရန်ကုန်-မန္တလေး ကားလမ်း လက်လံကွေ့တွင် နိုဝင်ဘာ ၁၀ ရက် ည ၈ နာရီခန့်က ၂၂ ဘီးကုန်တင်ယာဉ်နှင့် ဆိုင်ကယ်တိုက်မိပြီး ဆိုင်ကယ်မောင်းနှင်သူ သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဆွာနယ်မြေရဲစခန်းမှ တာဝန်မှူး ဒု-ရဲအုပ် မျိုးကျော်သူနှင့်အဖွဲ့က အခင်းဖြစ်ပွားသည့်နေရာသို့သွားရောက်စစ်ဆေးခဲ့ရာ ရန်ကုန်-မန္တလေးကားလမ်းအတိုင်း မြောက်မှတောင်သို့ အောင်မျိုးသိမ်း စီပင်အေးကျေးရွာနေသူမောင်းနှင်လာသော ဆိုင်ကယ်သည် မိုင်တိုင် ၁၈၄/၁ နှင့် ၂ အကြားအရောက် အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ရောက်ရှိကာ ရှေ့မျက်နှာချင်းဆိုင်ဘက်မှ စိုင်းစံသိန်း ၂ ရပ်ကွက် ကျောက်မဲမြို့ နေသူမောင်းနှင်လာသည့် ၂၂ ဘီးယာဉ်အား ဝင်တိုက်မိပြီး ရရှိသည့်ဒဏ်ရာများဖြင့် နေရာတွင်သေဆုံးသွားခဲ့၍ ဆိုင်ကယ်မောင်းနှင်သူ အောင်မျိုးသိမ်းအား ဆွာနယ်မြေရဲစခန်းက အမှုဖွင့်အရေးဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

Sales & Marketing Jobs

VAC® VALUE ADDED CONSULTANCY
မြန်မာပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်း

Sales Representative (FMCG) - 50 Posts

Salary : 300,000 ++ Job Ref No: 22P325

Visit to ....... www.vacjobsearch.com
.... See More Job Details

Email : cv@vacjobsearch.com Hotline : 01-8395922



## ပဲခူးတန်ဆောင်တိုင် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲ မီးပုံးပျံအလုံး ၁၅၀ လွှတ်တင်

**ပဲခူး နိုဝင်ဘာ ၁၂**

ပဲခူးမြို့ ရွှေမော်ဓောအနောက်ဘက်မုခ် ယာဉ်ရပ်နားကွင်းအတွင်း၌ နိုဝင်ဘာ ၁၁ ရက် ည ၇ နာရီက ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြို့မိမြို့ဖများ၊ စေတနာရှင်ပြည်သူများ ပူးပေါင်း၍ နဝမအကြိမ်မြောက် တန်ဆောင်တိုင် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲ ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်နှင့်ဇနီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေနှင့်ဇနီး၊ စာရင်းစစ်ချုပ် ဒေါ်သန်းသန်းဝင်း၊ ပွဲတော်ဖြစ်မြောက်ရေးနာယကအဖွဲ့ဝင်များက မီးပုံးပျံလွှတ်တင်ပူဇော်ခြင်း အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပဲခူးမြို့ပြည်သူများက မီးပုံးပျံအလုံး ၃၅၀ ကို တစ်ပြိုင်တည်း လွှတ်တင်ပေးကြသည်။

မီးပုံးပျံလွှတ်တင်ပူဇော်ရာတွင် နိုဝင်ဘာ ၁၀ ရက် (တန်ဆောင်မုန်းလဆန်း ၁၄ ရက်) ညပိုင်းကလည်း ပြည်သူများစုပေါင်း၍မီးပုံးပျံအလုံး ၁၅၀ ကို တစ်ပြိုင်တည်းစုပေါင်းလွှတ်တင်ပူဇော်ကြကြောင်း သိရသည်။

ထို့အပြင် ဖျော်ဖြေရေးအစီအစဉ်အနေဖြင့် နိုဝင်ဘာ ၁၀ ရက် ညတွင် နိုင်ငံကျော်တေးသံရှင်များက မြန်မာသံစဉ်များဖြင့် လည်းကောင်း၊ နိုဝင်ဘာ ၁၁ ရက် ညတွင် ခေတ်ပေါ်တေးသီချင်းများဖြင့်လည်းကောင်း ပရိသတ်များအား သီဆိုဖျော်ဖြေတင်ဆက်ကြသည့်အပြင် ပဲခူးမြို့ပေါ်ရပ်ကွက်အသီးသီးရှိ လမ်းအသီးသီးတွင်လည်း ဆီမီးထွန်းခြင်း၊ နိဗ္ဗာန်ဈေးလှူဒါန်းပေးခြင်း၊ စတုဒိသာကျွေးမွေးလှူဒါန်းခြင်းစသည့် ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြကြောင်းသိရသည်။

**တင်စိုး(ပဲခူး)**

## ရွှေဘိုမြို့၌ မီးပုံးပျံလွှတ်တင်ပွဲနှင့် ဆုချီးမြှင့်ပွဲ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် တက်ရောက်



**ရွှေဘို နိုဝင်ဘာ ၁၂**

(၁၀၅) ကြိမ်မြောက် ရွှေဘိုမြို့လုံးဆိုင်ရာ မဟာဘုံကထိန်ပွဲတော် ဒုတိယအကြိမ်မြောက် မီးပုံးပျံလွှတ်တင်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၁၀ ရက် ညနေ ၅ နာရီက ရွှေဘိုမြို့အမှတ်(၃) ရပ်ကွက်ရှိ ရန်ကြီးအောင်အားကစားကွင်း၌ ကျင်းပသည်။

ရွှေဘိုမြို့ရှိ ကျောင်းသားကျောင်းသူများက မီးပုံးပျံငယ်အလုံး ၁၅၀ ကို နိုဝင်ဘာ ၉ ရက် ည ၇ နာရီက တစ်ပြိုင်တည်းလွှတ်တင်၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

နိုဝင်ဘာ ၁၀ ရက် ညနေ ၅ နာရီတွင် မီးပုံးပျံပြိုင်ပွဲကို မြို့ပေါ် ၁၀ ရပ်ကွက်မှ ရပ်ကွက်အလိုက်ကျင်းပရာ မီးပုံးပျံအဖွဲ့များ ပါဝင်ယှဉ်ပြိုင်ကြသည့်အပြင် Mytelမှ မီးပုံးပျံကြီးတစ်လုံးနှင့် ရှမ်းပြည်နယ် တောင်ကြီးမီးပုံးပျံအဖွဲ့မှ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့အတွက် စိန်နားပန်မီးပုံးပျံကြီးတစ်လုံး စုစုပေါင်းမီးပုံးပျံကြီး ၁၃ လုံး လွှတ်တင်ပေးခဲ့ကြသည်။

ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲကျင်းပရေးကော်မတီ အတွင်းရေးမှူး ဦးစိုးဝင်းက မီးပုံးပျံပြိုင်ပွဲတွင် ပါဝင်ကူညီပေးခဲ့သော ခင်မွန်ကျေးရွာ၊ ဇော်တိကမီးပုံးပျံလွှတ်တင်ရေးအဖွဲ့အား ဂုဏ်ပြုဆုငွေကျပ်နှစ်သိန်းကိုလည်းကောင်း၊ ရွှေဘိုမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသောင်းဟိန်က တတိယဆု ငွေကျပ် နှစ်သိန်းကို အမှတ်(၄) ရပ်ကွက်မီးပုံးပျံအဖွဲ့အားလည်းကောင်း၊ ရွှေဘိုခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကိုကိုအောင်က ဒုတိယဆု ငွေကျပ် သုံးသိန်းကို အမှတ်(၈)ရပ်ကွက် မီးပုံးပျံအဖွဲ့အားလည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ပထမဆုငွေကျပ်ငါးသိန်းနှင့် ဆုတံဆိပ်ကို အမှတ်(၁)ရပ်ကွက် မီးပုံးပျံအဖွဲ့အားလည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ထွန်းကိုကို**
**(ယင်းမာပင်)**



## လှိုင်းဘွဲ့-ကြာအင်းချောင်းတံတားပန္နက်တင်မင်္ဂလာအခမ်းအနား ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် တက်ရောက်

**လှိုင်းဘွဲ့ နိုဝင်ဘာ ၁၂**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် မြို့ပြနှင့် ကျေးလက်တန်းတူညီမျှဖွံ့ဖြိုးရေး၊ ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်စေရေး၊ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေးစသည့် လူနေမှုဘဝများ ဖွံ့ဖြိုးတိုးတက်ခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖွံ့ဖြိုးလာစေရန် ရည်ရွယ်၍ လူမှုစီးပွားဖွံ့ဖြိုးရေးစီမံကိန်း၊ဂျပန်အခြေခံအဆောက်အအုံ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (JIP)မှ ကူညီထောက်ပံ့ တည်ဆောက်မည့် လှိုင်းဘွဲ့-ကြာအင်းချောင်းတံတား ပန္နက်တင်မင်္ဂလာအခမ်းအနားကို နိုဝင်ဘာ ၁၂ ရက် နံနက် ၇ နာရီခွဲတွင် ကျင်းပသည်။

လှိုင်းဘွဲ့ - ကြာအင်းချောင်းတံတား ပန္နက်တင် မင်္ဂလာအခမ်းအနားတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ်ဒေါ်နန်းခင်ထွေးမြင့်က အဖွင့်အမှာစကားပြောကြားပြီး ဂျပန်အခြေခံအဆောက်အအုံ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ဒုဥက္ကဋ္ဌ Mr. Asakura Hajime က တံတားတည်ဆောက်ပေးခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ဂျပန်အခြေခံအဆောက်အအုံ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ဒုဥက္ကဋ္ဌ Mr. Asakura Hajimeနှင့် ကြာအင်းကျောင်းတိုက်ဆရာတော် ဦးသူရိယတို့က လှိုင်းဘွဲ့-ကြာအင်းချောင်းတံတား တည်ဆောက်မည့်မြေနေရာကို ပန္နက်တင်ပေးသည်။

**ခင်စန်းမြင့်**
**(ပြန်/ဆက်)**

## ကေတုမတီ(တောင်ငူ) မြို့တည်နန်းတည် ၅၀၉ နှစ်ပြည့်ပွဲတော် ကျင်းပ

**တောင်ငူ နိုဝင်ဘာ ၁၂**

ကေတုမတီ(တောင်ငူ)မြို့တည်နန်းတည် ၅၀၉ နှစ်ပြည့်ပွဲတော်ဖွင့်ပွဲနှင့် ဘုရင့်နောင်မင်းတရားကြီးမှ ယိုးဒယားနိုင်ငံသို့ စစ်ချီသည့် ခမ်းနားကြီးကျယ်လှသော အောက်ဒိုးအော်ပရာဇာတ်ထုပ်ကြီးကို တစ်မူထူးခြားစွာ တောင်ငူခရိုင် ဘောလုံးကွင်းတွင် နိုဝင်ဘာ ၁၂ ရက် နံနက် ၈ နာရီက ကျင်းပခဲ့သည်။

ယင်းနောက် မြို့ရွှေမန်းသားလေးဖိုးချစ် ဦးစီးတင်ဆက်သည့် တပင်ရွှေထီးနှင့် ဘုရင့်နောင်မင်းတရားကြီး နောင်ရိုးတိုက်ပွဲဆင်နွှဲခဲ့ပုံ၊ ဘုရင့်နောင်မင်းတရားကြီး ယိုးဒယားနိုင်ငံသို့ စစ်ချီသည့်စစ်ပွဲပုံ အခင်းအကျင်းအောင်ပွဲခံပုံများကို ခမ်းနားလှသည့်ဆက်တင်များဖြင့် သရုပ်ပြသသည်။

ထို့နောက် ဝင်းခင်းသဘင် ဆင်ယင်ကျင်းပမှုကို တောင်ငူမြို့ဝင်မုခ်ဦးတွင် ဆက်လက်ကျင်းပရာ တောင်ငူခေတ်ယဉ်ကျေးမှုထီးနန်းရိုးရာအစဉ်အလာအတိုင်း ရာဇာဝင်းခင်း သဘင်ကြီးကို ရုပ်ရှင်သရုပ်ဆောင်များ၊ အနုပညာရှင်များက တောင်ငူခေတ်မြန်မာ့ရိုးရာအသုံးအဆောင် အဆင်အယင်များဖြင့် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများကို အနီးစပ်ဆုံးတူညီအောင် ရာဇဝင်ပါမင်းကြီးညို တပ်ခင်းခြင်း၊ သရုပ်ဖော်ပုံများထည့်သွင်းခြင်းများ ပါဝင်ပြုလုပ်ထားရာ လာရောက်ကြည့်ရှုသူများဖြင့် အလွန်စည်ကားခဲ့သည်။

တောင်ငူမင်းဆက် ၂၉ ဆက်မြောက် မင်းကြီးညိုသည် သက္ကရာဇ် ၈၄၇ ခုနှစ်တွင် တောင်ငူထီးနန်းကို စိုးစံပြီး မြဝတီ၊ ဒွါရဝတီ မြို့သစ်များကိုစတင်တည်ထောင်ခဲ့သည်။ ဒွါရဝတီထီးနန်းစိုးစံနေစဉ်မင်းကြီးညို၏ ဘုန်းတန်ခိုးများသည် အံ့ဩဖွယ်ရာ ကြီးမားခဲ့ပြီး လာရောက်မှီခိုသူများပြားလာသည့်အပြင် ဆင်၊ မြင်းနှင့်လက်နက်အင်အားတို့သည်လည်း များစွာတိုးပွားလာခဲ့သည်။ ထိုအင်အားတို့ကြောင့် ကျဉ်းမြောင်းနေသော ဒွါရဝတီမြို့အား နေရာရွှေးချယ်ကာ သက္ကရာဇ် ၈၇၂ခုနှစ်( အေဒီ-၁၅၁၀) တန်ဆောင်မုန်းလပြည့်နေ့ (အင်္ဂါနေ့) တွင် ကေတုမတီမြို့တော်ကြီးကို စတင်တည်ထောင်ခဲ့ကာ ယခုနှစ်ဆိုလျှင် ၅၀၉ နှစ် ပြည့်ပြီဖြစ်သည်။

ထို့ကြောင့် တောင်ငူမြို့ ကေတုမတီသမိုင်းကို နောက်ခံပြုလျက် သရုပ်ဆောင်များဖြင့် ဝင်းခင်းသဘင်ကိုကေတုမတီမုခ်ဦးအနီး ဗဟိုမဏ္ဍပ်မှ ဗိုလ်ဖိုးကွန်းလမ်းအတိုင်း တော်ဝင်ကေတုမတီဟိုတယ် ဘုရင့်နောင်ခန်းမအထိ ခမ်းနားစွာပြုလုပ်ခဲ့ရာ လာရောက် အားပေးကြသူများ ကြိတ်ကြိတ်တိုးစည်ကားခဲ့သည်။

**သူရ(တောင်ငူ)**





## တန်ဆောင်မုန်းလပြည့်နေ့တွင် ဝိုင်းမော်မြို့နယ် ဆဒုံးမြို့အနီးရှိ လန်နခရေတံခွန်သို့ လာရောက်လည်ပတ်သူများပြား

**ဝိုင်းမော် နိုဝင်ဘာ ၁၂**

အများပြည်သူရုံးပိတ်ရက်ဖြစ်သည့် နိုဝင်ဘာ ၁၁ ရက်(တန်ဆောင်မုန်းလပြည့်နေ့)တွင် ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ဆဒုံးမြို့ရှိ လန်နခရေတံခွန်သို့ လာရောက်အနားယူအပန်းဖြေသူများပြားလျက်ရှိသည်။

လန်နခ ရေတံခွန်သည် ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ဝိုင်းမော်မြို့နယ် ဆဒုံးမြို့အနီးတွင်တည်ရှိပြီး မြစ်ကြီးနားမြို့မှမိုင်၄၀ ခန့်ကွာဝေးသည်။ ရေတံခွန်ရှိရာသို့ကြိုးတံတားဖြင့်သွားရောက်ရသည်။ ဒေသခံများ၏ပြောကြားချက်အရ ရေတံခွန်မှာခုနစ်ဆင့်ရှိပြီး သုံးဆင့်ကိုသာမြင်တွေ့ရသည်။ အဆင့်တစ်ခုစီသို့ တက်ရောက်နိုင်ရန် သစ်သားလှေကားများ ပြုလုပ်ပေးထားကာ လာရောက်လည်ပတ်သူများ အနားယူအပန်းဖြေနိုင်စေရန်အတွက် အဆောင်များလည်းဆောက်လုပ်ပေးထားပြီး ယာဉ်ရပ်နားခမှာ ယာဉ်ငယ်တစ်စီးလျှင် ငွေကျပ် ၁၀၀၀ နှင့် တံတားဖြတ်သန်းခ လူတစ်ဦးလျှင် ငွေကျပ် ၅၀၀ သတ်မှတ်ထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## သန်လျင်ကျိုက်ခေါက်ဘုရား၌ ဘုရားဖူးများဖြင့် စည်ကား

**သန်လျင် နိုဝင်ဘာ ၁၂**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ ရှေးဟောင်းသမိုင်းဝင်ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ်ကြီးတွင် နိုဝင်ဘာ ၁၁ ရက် နံနက် ၉ နာရီက ဘုရားဖူးလာ ပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့မြင်ရသည်။

ကျိုက်ခေါက်စေတီတော်မြတ်ကြီး၏ မြောက်ဘက်မုခ်အနီးရှိ ရတုဘုရင်နတ်သျှင်နောင် ဂူစေတီအနီး၌ ရှင်မွေ့နွန်းပန်းခြံအား ဖွင့်လှစ်ထားရှိရာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ စိတ်လက်ချမ်းသာအပန်းဖြေလေ့လာလျက်ရှိကြောင်း သိရသည်။

**သက်ခိုင်(သန်လျင်)**



## တန်ဆောင်တိုင်ရုံးပိတ်ရက်များတွင် ဆယ်အိမ်တန်းကမ်းခြေ၌ အပန်းဖြေသူများဖြင့် စည်ကား

**ကွမ်းခြံကုန်း နိုဝင်ဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ကညင်ကုန်းကျေးရွာအုပ်စုအတွင်းရှိ ဆယ်အိမ်တန်းကျေးရွာကို ဖြတ်သန်းပြီး ကမ်းခြေတည်ရှိရာဖြစ်သော ဆယ်အိမ်တန်းကမ်းခြေ၌ တန်ဆောင်တိုင်ရုံးပိတ်ရက်များတွင် အနယ်နယ်အရပ်ရပ်မှ လာရောက်အပန်းဖြေကြသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

၂၀၁၇ ခုနှစ် နှစ်ဆန်းပိုင်းမှစပြီး လူသိပိုများလာသော ဆယ်အိမ်တန်းကမ်းခြေမှာ ရေသေရက်ရောက်ပြီဆိုလျှင် ရေတက်နောက်ကျသဖြင့် သဲပြင်ပေါ်ရေတက်ချိန်ရောက်မှ ယာဉ်များ၊ ဆိုင်ကယ်များဖြင့် လာရောက်အပန်းဖြေကြသူများပြားပြီး ကမ်းခြေသဲပြင်ပေါ် ရေမတက်ချိန်တွင်လည်း ဆော့ကစားကြကြောင်း သိရသည်။

နိုဝင်ဘာ ၉ ရက်မှစတင်၍ တစ်စတစ်စဖြင့် စတင်စည်ကားခဲ့သော ကမ်းခြေလာရောက်လည်ပတ်ကြသည့် ပြည်သူများမှာ နိုဝင်ဘာ ၁၀ ရက်တွင် ရေကစားကြသူများများပြားပြီး တန်ဆောင်မုန်းလပြည့်နေ့ နံနက်ပိုင်းမှ စတင်၍ လာရောက်အပန်းဖြေကြရာ မွန်းလွဲပိုင်းရေတက်ချိန်တွင် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

ညနေ နေဝင်ချိန်ဆိုလျှင် ကမ်းခြေမှာ အလွန်သာယာလှပသောကြောင့် ပန်းချီကားတစ်ချပ်သဖွယ်ဖြစ်နေ၍ ညနေ နေဝင်ဆည်းဆာအလှကို စောင့်ဆိုင်းကာ အမှတ်တရဓာတ်ပုံများရိုက်ကူးကြကြောင်း ကမ်းခြေတွင် စားသောက်ဆိုင်ဖွင့်လှစ်ထားသည့် ကိုအေးနိုင်က ပြောကြားသည်။

ဆယ်အိမ်တန်းကမ်းခြေ၌ အစိုးရရုံးပိတ်ရက်များနှင့် အခါကြီးရက်ကြီးပိတ်ရက်များအတွင်း လာရောက် အပန်းဖြေကြသူများဖြင့် အထူးများပြားစည်ကားပြီး ရန်ကုန်မြို့၏ တစ်ဖက်ကမ်း ဒလဆိပ်ကမ်းမှတစ်ဆင့် တစ်နာရီကျော်သာ ယာဉ်မောင်းနှင်ရသောကြောင့် နေ့ချင်းပြန်ခရီးသွားလုပ်ငန်းများလည်း ပေါ်ပေါက်လျက်ရှိကြောင်း သိရသည်။

**သတင်း-ပွင့်သစ္စာ**
**ဓာတ်ပုံ-စိုးမြင့်အောင်**



## လှိုင်ဂူကော်တွင် ဘုရားဖူးလာရောက်သူများ၊ လည်ပတ်သူများဖြင့် စည်ကား

**လှိုင်ကော် နိုဝင်ဘာ ၁၂**

တန်ဆောင်မုန်းလပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်များ၏ နေ့ထူးနေ့မြတ်ဖြစ်သည်နှင့်အညီ လှိုင်ကော်မြို့၏ ကျက်သရေဆောင်သီရိမင်္ဂလာတောင်တော်တောင်ကွဲစေတီတွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများအပြင် ရုံးပိတ်ရက်ကာလအတွင်း ဇာတိမြေသို့ ပြန်လာကြသူများနှင့် ပန်း၊ ရေချမ်း၊ ဆီမီးများ လာရောက်ကပ်လှူပူဇော်သူများဖြင့် စည်ကားလျက်ရှိသည်။

ထို့အတူ ပြည်နယ်အစိုးရအဖွဲ့က ယခုနှစ် တန်ဆောင်တိုင်ပွဲတော်ကို ယခင်နှစ်များနှင့်မတူ အထူးစည်ကားသိုက်မြိုက်အောင် ကြိုးပမ်းဆောင်ရွက်ပေးနေခြင်း၊ လှိုင်ကော်မြို့သည် အာဆီယံအသန့်ရှင်းဆုံးမြို့အဖြစ် ဆုရရှိခဲ့ခြင်းများကြောင့်လည်း ယခုနှစ် တန်ဆောင်တိုင်ပွဲတော်သို့ လာရောက်လည်ပတ်သူ များပြားလျက်ရှိသည်။ လှိုင်ကော်မြို့တန်ဆောင်တိုင်ပွဲတော်တွင် မီးပုံးပျံပြိုင်ပွဲများအပြင် နိုင်ငံကျော်အဆိုတော်များကလည်း ပွဲတော်ကာလအတွင်း တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြောင်း သိရသည်။

**လှိုင်ကော်သား**

## သမိုင်းဝင် ထီးပွင့်ကန်တော်တွင် ခရီးသွားပြည်သူများ လည်ပတ်မှုများပြား

**ဒီးမော့ဆို နိုဝင်ဘာ ၁၂**

တန်ဆောင်တိုင်ကာလ အများပြည်သူရုံးပိတ်ရက်တွင် အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူများသည် ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ငွေတောင်ကျေးရွာအုပ်စု ဒေါကလိုးခူကျေးရွာအနီးရှိ သမိုင်းဝင် ထီးပွင့်ကန်တော်သို့ (တန်ဆောင်မုန်းလပြည့်နေ့) နိုဝင်ဘာ ၁၁ ရက်တွင် လာရောက်လည်ပတ်မှု များပြားလျက်ရှိသည်ကို တွေ့ရသည်။

**ရီရယ်(ဒီးမော့ဆို)**



## တာချီလိတ်၌ မူခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**တာချီလိတ် နိုဝင်ဘာ ၁၂**

မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ်မြို့ဖြစ်သည့် တာချီလိတ်မြို့တွင် မြို့နယ်ရဲတပ်ဖွဲ့၏ မှုခင်းကျဆင်းရေးအသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၁၀ နာရီက မကာဟိုခမ်းရပ်ကွက်ရှိ မြို့နယ်ခမ္မာရုံ၌ ကျင်းပခဲ့ကြောင်းသိရသည်။

အသိပညာပေးဟောပြောပွဲတွင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ပေါ်ထွန်းက ဟောပြောပွဲပြုလုပ်ရခြင်းနှင့်စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှဦးနှင့် မြို့မရဲစခန်းမှူး ဒုတိယရဲမှူး သန်းထွန်းအောင်တို့က ဖြစ်ပွားကြုံတွေ့ခဲ့သည့် မှုခင်းဖြစ်စဉ်များ၊ လုယက်မှု၊ လိမ်လည်မှုများမခံရရေး၊ ဖောက်ထွင်းခံရမှုများ မဖြစ်စေရေး ကြိုတင်ကာကွယ်ရမည့်အချက်များ၊ မှုခင်းများလျော့နည်းကျဆင်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မသင်္ကာဖွယ်ရာပစ္စည်း၊ လူများအား တွေ့ရှိပါက ပူပေါင်းပါဝင်သတင်းပေးနိုင်ရေး အသိပညာပေး ဟောပြောသည်။

ယင်းနောက် တက်ရောက်လာသည့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရွှေတာချီခရီးသွားလုပ်ငန်းအဖွဲ့ဝင်များနှင့် ပြည်သူများက သိရှိလိုသည်များမေးမြန်းရာ ရဲတပ်ဖွဲ့ဝင်များက ပြန်လည်ဖြေကြားပေးပြီး၊ ဟောပြောပွဲတက်ရောက်လာသည့် ပြည်သူ ၁၅၀ဦးကျော်အား ရဲတပ်ဖွဲ့ဝင်များကိုဆက်သွယ်နိုင်မည့် ဖုန်းနံပါတ်များပါဝင်သည့် မှုခင်းအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

## မူဆယ်မြို့ လွယ်တိန်ခမ်းတောင် မဟာသန္တိသုခရပ်တော်မူဘုရား၌ကုသိုလ်ပြုသူများပြား

**မူဆယ် နိုဝင်ဘာ ၁၂**
ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ လွယ်တိန်ခမ်းတောင် မဟာသန္တိသုခရပ်တော်မူဘုရားသို့ နိုဝင်ဘာ ၁၁ ရက် နေ့လယ်ပိုင်းက မိသားစုအလိုက် လာရောက်ဘုရားဖူးသူများ၊ အပန်းဖြေသူများနှင့် သူငယ်ချင်းအုပ်စုလိုက် လာရောက်လည်ပတ်သူများဖြင့် စည်ကားလျက်ရှိသည်။

“ဒီနေ့လပြည့်နေ့မှာတော့ လွယ်တိန်ခမ်းတောင် မဟာသန္တိသုခရပ်တော်မူဘုရားမှာ လာရောက်လည်ပတ်သူတွေနဲ့ စည်ကားနေပါတယ်၊ ကြားရက်တွေမှာတော့ လူနည်းတယ်၊ ခါကြီးရက်ကြီးဖြစ်တဲ့ လပြည့်၊ လကွယ်နေ့တွေမှာ လာရောက်လည်ပတ်သူ တွေများပြားပါတယ်”ဟု မူဆယ်မြို့ လွယ်တိန်ခမ်းတောင် မှ ကိုမောင်မျိုးက ပြောကြားသည်။

တန်ဆောင်တိုင်အလုပ်ပိတ်ရက်ကာလတွင် မူဆယ်မြို့ လွယ်တိန်ခမ်းတောင် မဟာသန္တိသုခရပ်တော်မူဘုရားသို့ နံနက်ပိုင်းတွင် တစ်ဖက်နိုင်ငံမှ တရုတ်နိုင်ငံသားခရီးသွားဧည့်သည်များလည်း လာရောက်လည်ပတ်ကြပြီး ဘုရားဖူးခြင်း၊ အပန်းဖြေခြင်းနှင့် အလှဓာတ်ပုံများရိုက်ကူးကြကြောင်း သိရသည်။

**ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)**

## သထုံမြို့ ပေါ်တော်မူကျေးရွာ သမိုင်းဝင်ရွှေဆံတော်စေတီ ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပ

**သထုံ နိုဝင်ဘာ ၁၂**
မွန်ပြည်နယ် သထုံမြို့နယ် တန်ဆောင်တိုင်ကာလအတွင်း လူအစည်ကားဆုံးဖြစ်သည့် ပေါ်တော်မူကျေးရွာရှိ သမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီး (၁၃၂)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းက ကျင်းပသည်။



သထုံမြို့နယ်အတွင်းရှိ သံဃာတော်အရှင်သူမြတ်များနှင့် သီလရှင်အပါး ၁၂၀၀ တို့အား ရပ်ကွက်နှင့် ကျေးရွာများမှ အလှူရှင်များက ဆွမ်းတော်ကြီးလောင်းလှူခြင်း၊ စာရေးတံမဲများ ကပ်လှူပြီး ဘုရားဖူးလာရောက်သူများအား စတုဒိသာအစား သောက်များဖြင့် ဧည့်ခံကျွေးမွေးလျက် ရှိသည်။

ညနေ ၃ နာရီခန့်တွင် ရပ်ကွက်များမှ ကြာသကာန်းများ၊ လှူဖွယ်ပစ္စည်းများဖြင့် သမိုင်းဝင်ရွှေဆံတော်စေတီတော်မြတ်ကြီးအား ပူဇော်ကြပြီး ဇာတ်ပွဲများ၊ ရိုးရာလက်ဝှေ့ပွဲများနှင့် နှစ်ညတိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပကြောင်း သိရသည်။ **လှိုင်ထွန်းအောင်(သထုံ)**

## ရေနံချောင်း၌ LED မီးထွန်းပွဲနှင့် ဝက်ပါမီးထွန်းပွဲတော် လာရောက်လည်ပတ်သူများဖြင့် အထူးစည်ကား

**ရေနံချောင်း နိုဝင်ဘာ ၁၂**
ရေနံချောင်းမြို့ ဗိုလ်ချုပ်ပန်းခြံ LED မီးထွန်းပွဲတော်၊ ကျောက်စာရုံရှေ့ ကွင်းပြင်ရှိ ဝက်ပါမီးထွန်းပွဲတော်နှင့် ဘုရားစေတီပုထိုးများတွင် လာရောက်လည်ပတ်သူများ၊ ကောင်းမှုကုသိုလ်ပြုသူများဖြင့် နိုဝင်ဘာ ၁၁ ရက် (တန်ဆောင်မုန်းလပြည့်နေ့) ညနေ ၆ နာရီမှ စတင်၍ အထူးစည်ကားခဲ့ကြောင်း သိရသည်။



ယခုနှစ် တန်ဆောင်တိုင်ပွဲတော်ကာလတွင် ရေနံချောင်းမြို့သို့ လာရောက် လည်ပတ်သူများက ဗိုလ်ချုပ်ပန်းခြံနှင့် လွတ်လပ်ရေးကျောက်တိုင်တို့တွင် အလှဆင်ပုံဖော်ထားသော LED မီးများဖြင့် အမှတ်တရဓာတ်ပုံရိုက်ကူးခြင်း၊ ကျောက်စာရုံရှေ့ကွင်းပြင်ရှိ ဝက်ပါဆီမီးထွန်းပွဲတော်တွင် ဝင်ရောက်လည်ပတ်ကြခြင်း၊ လေးထပ်ကျောင်းဝင်းရှိ ဇေယျမှန်ကူဘုရားစေတီတွင် ဘုရားဖူး ကောင်းမှုကုသိုလ်ပြုသူများ၊ ရွှေသကၤန်းကို ပန်းရထားဖြင့် ဆက်ကပ်လှူဒါန်းကြသူများဖြင့် ယခင်နှစ်ကထက် ပိုမိုစည်ကားခဲ့ကြောင်း သိရသည်။

**ကိုစိုးကြီး**
**(ပြန်/ဆက်)**

## ရွှေတိဂုံစေတီတော်တစ်ဝိုက် ယာဉ်ကြောရှင်းလင်းပေးမှုကြောင့် အများပြည်သူ စိတ်အေးချမ်းသာစွာသွားလာနိုင်

**ရန်ကုန် နိုဝင်ဘာ ၁၂**
တန်ဆောင်မုန်းလပြည့်နေ့ နံနက်အရုဏ်မတက်မီတွင် ရွှေတိဂုံစေတီတော်မြတ်၌ မသိုးသင်္ကန်းကိုဆက်ကပ်ပူဇော်ရာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများဖြင့် စည်ကားခဲ့ပြီး ရွှေတိဂုံစေတီတော်မြတ်၏ မုခ်လေးခုရှိ ကားလမ်းများတွင် ဘုရားဖူးပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရန်နှင့် ယာဉ်သွားလာမှု အဆင်ပြေချောမွေ့စေရန် အနောက်ပိုင်းခရိုင် အမှတ်(၇) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ၁၀၈ ဦးဖြင့် ဆောင်ရွက်ခဲ့ရာ ယာဉ်အန္တရာယ်ကင်းဝေးစွာဖြင့် အများပြည်သူစိတ်အေးချမ်းသာစွာ သွားလာခဲ့ကြောင်း သိရသည်။

မီးတန်းယာဉ်၊ မီးတန်းဆိုင်ကယ်တို့ဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာနိုင်ရန် ယာဉ်ထိန်းတပ်ဖွဲ့ဝင်တို့က ရွှေတိဂုံစေတီတော်မြတ် အရပ်လေးမျက်နှာ၌ ယာဉ်ကြောများပိတ်ဆို့မှုမရှိစေရန် ဆောင်ရွက်ခဲ့ကြသည်။ တန်ဆောင်မုန်းလပြည့်နေ့ နံနက်ပိုင်းနှင့် ညပိုင်းတွင်လည်း ရွှေတိဂုံစေတီတော်မြတ်၊ ပြည်သူ့ဥယျာဉ်၊ တော်လှန်ရေးပန်းခြံ၊ ဦးဥတ္တမပန်းခြံ၊ ကန်တော်ကြီးနှင့် တိရစ္ဆာန်ဥယျာဉ်တို့တွင် ဘုရားဖူး အပန်းဖြေသူများဖြင့် အထူးစည်ကားခဲ့ရာ ယာဉ်၊ လမ်းရှင်းလင်းမှုအတွက် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များနှင့် ပလက်ဖောင်းပေါ်တွင် လမ်းဘေးဈေးသည်များ ပိတ်ဆို့မှုမရှိစေရန် စည်ပင်သာယာဝန်ထမ်းများက စောင့်ကြပ်ရှင်းလင်းမှုကြောင့် ယမန်နှစ်ထက် ယာဉ်ကြောပိတ်ဆို့မှု လျော့နည်းခဲ့ကြောင်း သိရသည်။ **သစ္စာ**

## တန်ဆောင်တိုင်ကာလ တိုင်းရင်းသားကျေးရွာ(ရန်ကုန်)သို့ လာရောက်လည်ပတ်သူများဖြင့် စည်ကား

**ရန်ကုန် နိုဝင်ဘာ ၁၂**
ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်) သို့ ယခုတန်ဆောင်တိုင်ပွဲတော်ကာလအတွင်း အမြို့မြို့အနယ်နယ်မှ လာရောက်လည်ပတ်လေ့လာသူ နေ့စဉ် လူဦးရေ ၈၀၀၀ နှင့် ၁၀၀၀၀ ကြားတွင်ရှိကြောင်း ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်) ရုံးမှ သိရသည်။

"တိုင်းရင်းသားကျေးရွာမှာက ရိုးရာအကဖျော်ဖြေပွဲတွေလည်း သတ်မှတ်ရက်အလိုက် ကျင်းပတယ်။ ဒါ့အပြင် တိုင်းရင်းသားကျေးရွာ ကြော်ငြာဆိုင်းဘုတ်ကြီးတွေကို ထင်သာမြင်သာတဲ့ နေရာတွေမှာ စိုက်ထူကြော်ငြာထားတဲ့အတွက် ယခင်ထက် ပိုမိုလာရောက်ကြတယ်။ အခုလို အခါကြီးရက်ကြီးတွေမှာကတော့ နေ့စဉ် လူဦးရေ တစ်သောင်းဝန်းကျင်ခန့် လာရောက်လည်ပတ်နေကြတာပါ"ဟု ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်)ရုံး ဒုတိယတာဝန်ခံ ဦးမျိုးဝင်းက ပြောကြားသည်။



ယခု အခါကြီးရက်ကြီးတန်ဆောင်တိုင်ကာလများ၏ နိုဝင်ဘာ ၁၀ ရက်တွင် လူဦးရေ ၅၂၀၀ ကျော်၊ နိုင်ငံခြားသား ၁၇၅ ဦး၊ နိုဝင်ဘာ ၁၁ ရက်တွင် လူဦးရေ ၁၃၀၀၀ ကျော်၊ နိုင်ငံခြားသား ၁၇၇ ဦး တို့ပုံမှန်ရက်ထက် တိုးမြင့်ဝင်ရောက်လေ့လာနေကြောင်း သိရသည်။ ဝင်ကြေးအနေဖြင့် ၁၀ နှစ်အောက်ကလေးများ အခမဲ့လေ့လာနိုင်ပြီး လူတစ်ဦးလျှင် ကျပ် ၅၀၀၊ နိုင်ငံခြားသားခရီးသွားများ အနေဖြင့် တစ်ဦးလျှင်ဝင်ကြေး ကျပ် ၃၀၀၀ ကောက်ခံကြောင်း သိရသည်။

လက်ရှိတွင်ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)၌ တိုင်းရင်းသားမျိုးနွယ်စု ရှစ်မျိုးနှင့် ဆလုံတိုင်းရင်းသားများ၏ပြခန်းများကို ပြသထားကြောင်း သိရသည်။ ယင်းတွင် တိုင်းရင်းသားလူမျိုးစုများ၏ နေအိမ်ပုံစံမတူကွဲပြားခြားနားမှု ပြကွက်များ၊ တိုင်းရင်းသားရိုးရာတူရိယာပစ္စည်းများ၊ ရိုးရာအဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများကို ပြသထားကြောင်း သိရသည်။ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များကလည်း တိုင်းရင်းသားလူမျိုးစုအလိုက် ရိုးရာအက ဖျော်ဖြေပွဲများကို သတ်မှတ်ရက်အလိုက်ကျင်းပပေးကြောင်း သိရသည်။ **မြင့်မောင်**



## ဟရိန်ခန်း-သီကီရ်(ခ)သွားကားလမ်း ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်

**ရန်ကုန် နိုဝင်ဘာ ၁၂**
ချင်းပြည်နယ် ထန်တလန်မြို့နယ်ရှိ ဟရိန်ခန်း-သီကီရ်(ခ)ကျေးရွာ ကားလမ်းသည် အရှည် ၁၇ မိုင်ရှိပြီး လမ်းအမျိုးအစားမှာ မြေသားလမ်းဖြစ်ပြီး သွားလာရန်ခက်ခဲနေသောကြောင့် ကျေးလက်လမ်းဦးစီးက ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်လျက်ရှိသည်။

အဆိုပါကျေးလက်လမ်းသည် ဟားခါး-ထန်တလန်-ဆာဆီချောက်လမ်းမကြီးနှင့် ဆက်သွယ်သောလမ်းဖြစ်ပြီး တောင်ကြောပေါ်ကျေးရွာများမှ အိမ်ခြေ ၅၄၆ အိမ်နှင့် လူဦးရေ ၂၈၉၃ တို့အတွက် ရာသီမရွေး သွားလာအသုံးပြုနိုင်မည့် ကျေးလက်လမ်းတစ်လမ်းဖြစ်ကြောင်း သိရသည်။

**ခရမ်းစိုးမြင့်**

ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေ သုံးခု အတည်ပြုပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်ခဲ့ကာ လွှတ်တော်တွင် ဆွေးနွေးဆဲဥပဒေတစ်ခုနှင့် ကော်မတီတွင် စိစစ်ဆဲဥပဒေတစ်ခုကို ဆောင်ရွက်လျက်ရှိပြီး အဆိုပါကော်မတီ၏ဆောင်ရွက်ချက်များကို ယခုတစ်ပတ် လွှတ်တော်ရေးရာကဏ္ဍအနေဖြင့် ဖော်ပြလိုက်ပါသည်-

# လွှတ်တော်ကဏ္ဍအနေနဲ့ကတော့ သယံဇာတနဲ့ သဘာဝပတ်ဝန်းကျင် ကိစ္စတွေမှာ ဥပဒေတွေနဲ့ပဲ ထိန်းညှိဆောင်ရွက်ရပါတယ်

## ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင်

ရှင်မင်း၊ ဓာတ်ပုံ-ကေကေ

ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်က စတင်ဖွဲ့စည်းခဲ့သည်။ လက်ရှိတွင် ကော်မတီအနေဖြင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေသုံးခု အတည်ပြုပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်ခဲ့ပြီး လွှတ်တော်တွင် ဆွေးနွေးဆဲဥပဒေတစ်ခုနှင့် ကော်မတီတွင် စိစစ်ဆဲဥပဒေတစ်ခုကို ဆောင်ရွက်လျက်ရှိသည်။ ကော်မတီ၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အဆိုပါ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို တွေ့ဆုံမေးမြန်းခဲ့သည်။



ဦးစိုးသူရထွန်း
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်



ဦးအေးနိုင်
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

**ဦးအေးနိုင် [ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်] သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ အတွင်းရေးမှူး**

**မေး။ ။ အရင်ဆုံးကော်မတီဖွဲ့စည်းထားမှုကို သိပါရစေ။**

**ဖြေ။** ။ ကော်မတီကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်ကနေစပြီး အဖွဲ့ဝင် ၁၅ ဦးနဲ့ စတင်တာဝန်ပေးဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ် ဩဂုတ် ၂၉ ရက်မှာ ဒုတိယအကြိမ် ဖွဲ့စည်းပုံပြင်ဆင်ပြီးတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးကို ကော်မတီဝင်အဖြစ်၊ တပ်မတော်သားကိုယ်စားလှယ် နှစ်ဦးကို လေ့လာသူအဖြစ် ထည့်သွင်းဖွဲ့စည်းခဲ့တဲ့အတွက် ၁၇ ဦး ဖြစ်သွားပါတယ်။

**မေး။ ။ ကော်မတီရဲ့တာဝန်တွေကိုလည်း ပြောပြပေးပါဦး။**

**ဖြေ။** ။ ကော်မတီမှာ တာဝန် ခြောက်ခု ရှိပါတယ်။ သယံဇာတနဲ့ သဘာဝပတ်ဝန်းကျင်လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဆောင်ရွက်ပေးဖို့၊ သယံဇာတတွေ စနစ်တကျထုတ်ယူသုံးစွဲရေးမှာ ကူညီဆောင်ရွက်ဖို့၊ ဒီလိုသယံဇာတတွေ ထုတ်ယူရာမှာ ဂေဟစနစ် မပျက်သုဉ်းစေရေးအတွက် စိစစ်ညှိနှိုင်းကူညီဆောင်ရွက်ပေးဖို့၊ သက်ဆိုင်ရာ နယ်ပယ်အသီးသီးမှာရှိတဲ့ ဌာန၊ အဖွဲ့အစည်းတွေမှာ ကျင့်သုံးလျက်ရှိတဲ့ ဥပဒေတွေကို လေ့လာပြီးတော့ ပယ်ဖျက်ဖို့၊ ပြင်ဆင်ဖို့၊ အသစ်ပြဋ္ဌာန်းနိုင်ဖို့ ဒါတွေစိစစ်ပြီး လွှတ်တော်ကို တင်ပြပေးနိုင်ဖို့ပါ။

တည်ဆဲဥပဒေအရ အဖွဲ့အစည်းတွေကနေ အခါအားလျော်စွာ ထုတ်ပြန်တဲ့ ဥပဒေတွေ၊ ညွှန်ကြားချက်တွေကို လက်ရှိအခြေအနေနဲ့ညီညွတ်ရင် အမိန့်ညွှန်ကြားချက်တွေကို လိုက်နာဆောင်ရွက်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးဖို့ပါ။ နောက်ဆုံးတစ်ခုကတော့ ပြည်သူတွေဆီက တင်ပြလာတဲ့ တင်ပြစာတွေ၊ တိုင်ကြားစာတွေ၊ အသနားခံစာတွေကို ကြားနာစိစစ်ပြီး လွှတ်တော်ကို တင်ပြဖို့ပါ။ ဒါက တာဝန် ခြောက်ခုပါ။

ဒီတာဝန်အပြင် ဥပဒေတွေနဲ့ပတ်သက်ပြီး ကော်မတီအနေနဲ့ စိစစ်ဖို့ တာဝန်ပေးထားတဲ့ ဥပဒေ ၁၁ ခု ရှိပါတယ်။ ဒီဥပဒေ ၁၁ ခုကတော့ The Explosives Substances Act၊ The Under Ground Water Act ၊ ဆားလုပ်ငန်းဥပဒေ၊ မြန်မာ့သတ္တုတွင်းဥပဒေ၊ မြန်မာ့ပုလဲလုပ်ငန်းဥပဒေ၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေ၊ လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေနဲ့ သစ်တောဥပဒေတို့ ဖြစ်ပါတယ်။

**မေး။ ။ ကော်မတီက တာဝန်ယူထားတဲ့ ဥပဒေတွေနဲ့ ပတ်သက်ပြီး ဆောင်ရွက်ချက်တွေကိုလည်း ပြောပြပေးစေလိုပါတယ်။**

**ဖြေ။** ။ လွှတ်တော်ကဏ္ဍအနေနဲ့ကတော့ သယံဇာတနဲ့ သဘာဝပတ်ဝန်းကျင်ကိစ္စတွေမှာ ဥပဒေတွေနဲ့ပဲ ထိန်းညှိဆောင်ရွက်ရပါတယ်။ သဘာဝပတ်ဝန်းကျင်ဆိုရင် သစ်တောဥပဒေ၊ ဒီဥပဒေက သစ်တောသယံဇာတကို ရေရှည်တည်တံ့ခိုင်မြဲစေရေးနဲ့ နိုင်ငံသူ နိုင်ငံသားတွေ သားစဉ်မြေးဆက် ထုတ်ယူသုံးစွဲနိုင်ရေးဆိုတဲ့ ရည်ရွယ်ချက်နဲ့ အသစ်ပြန်လည်ရေးဆွဲခဲ့ပါတယ်။ ၂၀၁၈ ခုနှစ် သစ်တောဥပဒေဆိုတာ ကော်မတီကရေးဆွဲပြီး လွှတ်တော်ကို တင်ပြအတည်ပြုခဲ့ခြင်းပဲ ဖြစ်ပါတယ်။

နောက်တစ်ခုက ရှားပါးတောရိုင်းတိရစ္ဆာန်တွေ၊ မျိုးစိတ်သစ်ပင်တွေ၊ သဘာဝနယ်မြေတွေ ထိန်းသိမ်းနိုင်ဖို့အတွက် ဇီဝမျိုးစုံမျိုးကွဲနဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာဥပဒေကို ကျွန်တော်တို့ကော်မတီက ရေးဆွဲတင်ပြခဲ့ပါတယ်။ ဒီဥပဒေကိုလည်း အတည်ပြုပြီးဖြစ်ပါတယ်။

မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်တဲ့ ဥပဒေကိုလည်း ကျွန်တော်တို့ကော်မတီအနေနဲ့ ပြင်ဆင်အတည်ပြုပြီးဖြစ်ပါတယ်။ အခုလွှတ်တော်မှာ ဆွေးနွေးနေဆဲ ဥပဒေကတော့ မြန်မာနိုင်ငံဘူမိသိပ္ပံကောင်စီဥပဒေပါ။ ကျွန်တော်တို့ကော်မတီကနေတင်ထားပြီး ဆွေးနွေးနေဆဲဖြစ်ပါတယ်။ ရေးဆွဲနေဆဲဥပဒေတစ်ခုလည်း ရှိပါတယ်။ ဒါကတော့ မြေအောက်ရေကြီးကြပ်ရေးဥပဒေပါ။ ဒီဥပဒေတွေ အကုန်လုံးက သယံဇာတရေရှည်တည်တံ့ခိုင်မြဲရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းနိုင်ရေး၊ သယံဇာတပစ္စည်းတွေ သားစဉ်မြေးဆက် ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ကျွန်တော်တို့ကော်မတီအနေနဲ့ ပါဝင်ဆောင်ရွက်မှုတွေပါ။

ဥပဒေတွေ ပြင်ဆင်နိုင်ဖို့အတွက် ကွင်းဆင်းလေ့လာမှုတွေလည်းလုပ်ရပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌရဲ့ ခွင့်ပြုချက်နဲ့ ဇီဝမျိုးစုံမျိုးကွဲနဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေများဥပဒေ ရေးဆွဲနိုင်ဖို့အတွက် ပူတာအို၊ မချမ်းဘော၊ နောင်မွန်းဒေသတွေကို သွားပြီးလေ့လာရပါတယ်။ ဒေသခံတွေနဲ့လည်း တွေ့ဆုံညှိနှိုင်းရပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနလည်း ပါပါတယ်။ ဒေသခံတွေအတွက် လိုအပ်နေတဲ့ ကြားခံနယ်မြေ (Buffer Zone) တွေ ထားနိုင်ဖို့အတွက်လည်း ဆွေးနွေးကြပါတယ်။ ဒီအတွက်ကိုလည်း ဥပဒေထဲမှာ ထည့်သွင်းရေးဆွဲခဲ့ပါတယ်။

ဒီလိုပဲ ကျောက်မျက်ရတနာဥပဒေအတွက် ဖားကန့်၊ မိုးကုတ် စတဲ့ဒေသတွေကို ကွင်းဆင်းရပါတယ်။ ဒီဒေသတွေမှာ ဒေသခံတွေက သယံဇာတထုတ်လုပ်မှုကို စနစ်တကျ ဖြစ်စေချင်ကြတယ်။ ရေရှည်တည်တံ့စေလိုကြတယ်။ ဒါကြောင့် ဥပဒေမှာ အကြီးစားလုပ်ကွက်တွေ လုပ်ကိုင်ခွင့် မပေးတော့ပါဘူး။ အလတ်စားနဲ့ အသေးစားလုပ်ကွက်၊ လက်လုပ်လက်စားလုပ်ကွက်တွေအတွက် ဥပဒေမှာ ပြဋ္ဌာန်းခဲ့တယ်။ ဥပဒေထဲမှာ ငါးကေထက် မပိုသော၊မြင်းကောင်ရေသတ်မှတ်ချက် ဘယ်လောက်ထက် မပိုသော ယာဉ်တွေ ဒီလိုမျိုးသတ်မှတ်ချက်တွေကိုလည်း ထည့်သွင်းခဲ့ပါတယ်။

သစ်တောဥပဒေနဲ့ပတ်သက်ပြီးတော့လည်း ပဲခူးရိုးမကို သွားရောက်ခဲ့ပါတယ်။ သစ်ခိုးထုတ်မှုတွေကို ကာကွယ်ဖို့ ဥပဒေမှာ ပြစ်မှုပြစ်ဒဏ်တွေ တိုးမြှင့်ခဲ့ပါတယ်။ ကျွန်တော်တို့ကော်မတီအနေနဲ့ စိစစ်ရမယ့် ဥပဒေနဲ့ သက်ဆိုင်တဲ့ကဏ္ဍတိုင်းအတွက် ကွင်းဆင်းမှုတွေလည်း လုပ်ခဲ့ပါတယ်။ ဥပဒေရေးဆွဲရာမှာလည်း သက်ဆိုင်ရာ ကဏ္ဍပေါင်းစုံက သဘောထားတွေ၊ အကြံဉာဏ်တွေ ပါအောင်လည်း ဆောင်ရွက်ခဲ့ပါတယ်။



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့် ကမ္ဘာ့ဘဏ်အုပ်စုမှ ပတ်ဝန်းကျင်ဆိုင်ရာဝါရင့်ကျွမ်းကျင်သူ Mr.Martin Fodor ဦးဆောင်သောအဖွဲ့တို့ လွှတ်တော်ရေးရာဆောင်အမှတ် (I-10) ၌ တွေ့ဆုံဆွေးနွေးကြစဉ်။

**မေး။ ။ ကော်မတီကို ပြည်သူတွေကပေးပို့လာတဲ့ တိုင်ကြားစာတွေ ဘယ်လောက်လက်ခံရရှိတယ်ဆိုတာ ပြောပြပေးပါဦး။**

**ဖြေ။** ။ ကျွန်တော်တို့ကော်မတီကိုပြည်သူတွေထံကနေ ပေးပို့လာတဲ့ တိုင်ကြားစာတွေ ရှိပါတယ်။ ကော်မတီ ပထမသက်တမ်းတစ်နှစ်အတွင်းမှာ တိုင်ကြားစာ ၇၈ ခု၊ ဒုတိယသက်တမ်းအတွင်းမှာ ၈၆ ခု၊ တတိယသက်တမ်းမှာ ၁၀၁ ခု၊ စတုတ္ထသက်တမ်းမှာ ၄၇ ခု စုစုပေါင်း ၃၁၂ ခုလက်ခံရရှိခဲ့ပါတယ်။ ဒီတိုင်ကြားစာတွေကို ကော်မတီက စိစစ်၊ လွှတ်တော်ဥက္ကဋ္ဌဆီ တင်ပြပြီး ဝန်ကြီးဌာနတွေနဲ့ ညှိနှိုင်းပေါင်းစပ်ဖြေရှင်းပေးခဲ့ပါတယ်။ ဒီအထဲက ၁၅၉ ခုကို စာနဲ့ဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဝန်ကြီးဌာနတွေနဲ့ ညှိနှိုင်းပေါင်းစပ်ဖြေရှင်းတာက ၁၀၁ ခုပါ။ ဆောင်ရွက်ဆဲ ၅၂ ခု ရှိပါတယ်။

**မေး။ ။ ပြည်သူတွေ သိရှိအောင် ဖြည့်စွက်ပြောကြားလိုတာရှိရင် ပြောကြားပေးပါဦး။**

**ဖြေ။** ။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ အဓိကတာဝန်က သုံးခုရှိပါတယ်။ ပြည်သူကိုကိုယ်စားပြုရေး၊ ဥပဒေပြုရေးနဲ့ စောင့်ကြည့်တည့်မတ်ရေးပါ။ ဒီတာဝန်တွေကို ကိုယ့်မဲဆန္ဒနယ်တွေအတွက် ဆောင်ရွက်ရသလို ဒီလိုကော်မတီတွေမှာလည်း ပေးအပ်တဲ့ တာဝန်တွေကို ကျေပွန်အောင် ဆောင်ရွက်ပါတယ်။



(၂၆-၉-၂၀၁၈)ရက်နေ့က သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးစိုးသူရထွန်းနှင့် အမေရိကန်နိုင်ငံ သံအမတ်ကြီး မစ္စတာ စကော့မာစီရယ်တို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ကျောက်မျက်မူဝါဒဆိုင်ရာ ကိစ္စရပ်များနှင့် အမေရိကန်နိုင်ငံမှ ကူညီပေးနိုင်သည့်ကိစ္စရပ်များအား ဆွေးနွေးကြစဉ်။

စာမျက်နှာ ၁၉ သို့ ❂



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ (၄-၁၂-၂၀၁၇ ရက်မှ ၈-၁၂-၂၀၁၇ ရက်အတွင်း) ကချင်ပြည်နယ် ခါကာဘိုရာဇီအမျိုးသားဥယျာဉ် တိုးချဲ့ဖွဲ့စည်းရေးနှင့် ယူနက်စကို အသိအမှတ်ပြု ကမ္ဘာ့အမွေအနှစ်နယ်မြေ သတ်မှတ်နိုင်ရေး ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံညှိနှိုင်းကြစဉ်။



ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီနှင့် သက်ဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ်များ ဥပဒေပြင်ဆင်ရေးဆွဲရေးဆိုင်ရာကိစ္စရပ်များကို ပြည်သူ့လွှတ်တော်ရေးရာဆောင်အမှတ် (I-10) အစည်းအဝေးခန်းမ၌ တွေ့ဆုံညှိနှိုင်းကြစဉ်။

❂ စာမျက်နှာ ၁၈ မှ

**ဦးစိုးသူရထွန်း**
**(ကွမ်းခြံကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)**
**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ**

**မေး။ ။ ကော်မတီအနေနဲ့ တိုင်ကြားစာတွေအပေါ်မှာ ဘယ်လို ဆောင်ရွက်ပေးနေတယ်ဆိုတာ သိပါရစေ။**

**ဖြေ။** ။ ကျွန်တော်တို့ကော်မတီအနေနဲ့ ပြည်သူတွေဆီက တိုင်ကြားစာတွေ လက်ခံရရှိပါတယ်။ ဒီလိုလက်ခံရရှိတဲ့ တိုင်ကြားစာတွေကို စိစစ်ရပါတယ်။ တိုင်ကြားစာတွေဟာ နိုင်ငံတော်အနေနဲ့၊ အစိုးရအနေနဲ့၊ သက်ဆိုင်ရာဝန်ကြီးဌာနတွေအနေနဲ့ ပြင်ဆင်တည့်မတ်ဆောင်ရွက်ပေးသင့်တယ်ဆိုရင် သက်ဆိုင်ရာတွေဆီကို ပို့ပါတယ်။ ဒီလိုပေးပို့ရာမှာ ကျွန်တော်တို့ကော်မတီနဲ့ သက်ဆိုင်တဲ့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတစ်ခုတည်းတင် မဟုတ်ပါဘူး။ ဥပမာဆိုရင် မြစ်ချောင်းကမ်းပါးတွေ ပြိုတဲ့ကိစ္စတွေဆိုရင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့နဲ့ ဆက်သွယ်ရတာမျိုးရှိပါတယ်။ လုံခြုံရေးအားနည်းတဲ့နေရာမှာ တရားမဝင်သတ္တုတူးလို့ ပတ်ဝန်းကျင်ပျက်စီးနေတာမျိုးဆိုရင် ပြည်ထဲရေးဝန်ကြီးဌာနနဲ့ ဆက်သွယ်ညှိနှိုင်းရပါတယ်။

တချို့ပြည်သူတွေက တင်ပြလာတဲ့ ကိစ္စတွေဟာ အချိန်ယူရတဲ့လုပ်ငန်းတွေ ရှိပါတယ်။ သက်ဆိုင်ရာတွေနဲ့ အကြိမ်ကြိမ်ညှိနှိုင်းဆောင်ရွက်ပေးတယ်။ လွှတ်တော်ရဲ့ သဘောသဘာဝအရ သူတို့ ဆောင်ရွက်နေတာတွေကိုတော့ သွားပြီးစစ်ဆေးတာမျိုး မလုပ်ပါဘူး။ ဥပဒေရေးဆွဲရေး အတွက်၊ ပြည်သူတွေရဲ့အသံတွေ နားထောင်ဖို့အတွက် အဓိကပါ။ ပြည်သူတွေကတင်ပြလာရင်တော့ သက်ဆိုင်ရာ ဝန်ကြီးဌာနတွေကို စစ်ဆေးဆောင်ရွက်ဖို့ အကြောင်းကြားပေးပါတယ်။ တစ်ခါတလေမှာ တစ်ကြိမ်စစ်ဆေးရုံနဲ့ အဖြေမှန်မထွက်ဘူးဆိုရင် ဘယ်လိုလုပ်မလဲဆိုပြီး နောက်ထပ်နည်းလမ်းတစ်မျိုးနဲ့ ပြန်ပြီးဆောင်ရွက်ရတာ မျိုးရှိပါတယ်။ ဒီလိုအကြိမ်ကြိမ်လုပ်ရတာမျိုးကျတော့ အချိန်နည်းနည်းကြာတာရှိပါတယ်။

ဒါပေမယ့် ကျွန်တော်တို့ကော်မတီ တာဝန်ယူခဲ့တဲ့ ကာလတစ်လျှောက်မှာ ကူညီဆောင်ရွက်ပေးနိုင်တာတွေ အများကြီးရှိပါတယ်။ ပြည်သူတွေက နစ်နာမှု တင်ပြလာလို့ ညှိနှိုင်းရင် ဒီလိုနစ်နာမှုအတွက် တာဝန်ရှိတဲ့ ဝန်ထမ်းတွေ ဌာနဆိုင်ရာ အရေးယူခံရမှုတွေလည်း ရှိပါတယ်။

ကျွန်တော်တို့ကော်မတီကိုပေးပို့လာတဲ့ တိုင်ကြားစာတွေအတွက် ဆောင်ရွက်မှုအခြေအနေတွေကို သက်ဆိုင်ရာပြည်သူတွေဆီကို ပြန်ကြားစာ ပြန်ပို့ပေးပါတယ်။ ကျွန်တော်တို့အနေနဲ့ အခြေခံပြီးဖြေရှင်းပေးတဲ့ နည်းလမ်းက ဥပဒေနဲ့ဖြေရှင်းပေးတာပါ။ ကျွန်တော်တို့က တခြားမဏ္ဍိုင်တွေကို စွက်ဖက်ရာမရောက်ဘဲ ပြေလည်အောင် ဖြေရှင်းပေးတဲ့ သဘောပါ။



၆-၁၂-၂၀၁၇ ရက်နေ့က သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ နောင်မွန်းမြို့နယ် သစ်တောဦးစီးဌာန အုပ်ချုပ်ရေးရုံးခွဲတွင် ခါကာဘိုရာဇီအမျိုးသားဥယျာဉ်ထိန်းသိမ်းရေးအတွက် လုပ်ငန်းညှိနှိုင်းဆွေးနွေးကြစဉ်။

**မေး။ ။ ကော်မတီက တာဝန်ယူထားတဲ့ သယံဇာတနဲ့ သဘာဝပတ်ဝန်းကျင်ကဏ္ဍတွေကို ပြည်သူတွေ စိတ်ဝင်စားမှုရှိပါတယ်။ ကော်မတီအနေနဲ့ ဒီကဏ္ဍနှစ်ခုအတွက် ဥပဒေရေးဆွဲရာမှာ၊ ပြည်သူတွေရဲ့ တိုင်ကြားစာတွေ ဖြေရှင်းဆောင်ရွက်ရာမှာ တွေ့ကြုံရတဲ့အခြေအနေကိုလည်း ပြောပြပေးစေလိုပါတယ်။**

ဖြေ။ ။ ကျွန်တော်တို့ကော်မတီအနေနဲ့ ဆောင်ရွက်ရတဲ့ သယံဇာတနဲ့ သဘာဝပတ်ဝန်းကျင်ကဏ္ဍနှစ်ခုဟာ တစ်ခါတလေမှာ ဆန့်ကျင်ဘက်အဖြစ် တည်ရှိနေတတ်တယ်။ သယံဇာတကို နိုင်ငံအတွက်၊ ပြည်သူအတွက် အကျိုးရှိအောင် စနစ်တကျထုတ်သုံးဖို့ လိုတယ်။ ဒါပေမယ့် ဒီလိုထုတ်ယူတဲ့အခါ သဘာဝပတ်ဝန်းကျင်ကို မထိခိုက်ဖို့လိုတယ်။ စနစ်တကျထုတ်သုံးဖို့နဲ့ ပတ်ဝန်းကျင်မထိခိုက်ဖို့ကို ဘက်ညီမျှတအောင် ဆောင်ရွက်နိုင်ဖို့ ကျွန်တော်တို့ကော်မတီအနေနဲ့ တတ်အားသမျှ ပါဝင်ဆောင်ရွက်ပေးနေပါတယ်။

ဒီလိုပါဝင်ဆောင်ရွက်ရာမှာ လွှတ်တော်ကဏ္ဍဖြစ်တဲ့အတွက် ဥပဒေပြုရေးနဲ့ ထိန်းကျောင်းတည့်မတ်ရေး နည်းလမ်းတွေနဲ့ ပါဝင်ဆောင်ရွက်နေပါတယ်။ သယံဇာတထုတ်ယူရာမှာ နိုင်ငံတော်က ထုတ်ယူတာရှိတယ်၊ သက်ဆိုင်ရာလုပ်ငန်းရှင်တွေဆီက နိုင်ငံအတွက် အခွန်ကောက်ခံပြီး ထုတ်ယူတာရှိတယ်။ ဒီလိုတွေ ထုတ်ယူရာမှာ ဒေသခံပြည်သူတွေ မထိခိုက်ဖို့၊ အကျိုးရှိဖို့ ဒါတွေကိုလည်း မျှမျှတတဖြစ်အောင် ဆောင်ရွက်ရပါတယ်။ ဒီအတွက် ကော်မတီအနေနဲ့ ကြိုးပမ်းဆောင်ရွက်ရပါတယ်။

သတ္တုတူးဖော်တဲ့အခါ လုပ်ငန်းအကြီးကြီးတွေက သဘာဝပတ်ဝန်းကျင်ထိခိုက်ဖို့တွေရှိလာရင် ဥပဒေနဲ့အညီ ထိန်းကျောင်းရတာလွယ်တယ်။ လုပ်ငန်းငယ်တွေကျတော့ ထိန်းကျောင်းရခက်တာတွေ ရှိပါတယ်။ ဥပမာ ရွှေကျင်တယ်ဆိုရင် ခွက်နဲ့ ကျင်တာလည်းရှိတယ်၊ ရေစုပ်စက်နဲ့ ကျင်တာလည်းရှိတယ်၊ မျှောတိုက်တာလည်းရှိတယ်။ ဒီလိုကျင်ပြီးတဲ့ ရေတွေကိုချောင်းထဲကို ပြန်မစွန့်ပစ်ဖို့ တားဆီးရလည်း ခက်ပါတယ်။ သူတို့ လိုက်နာနိုင်ဖို့ သက်ဆိုင်ရာအဖွဲ့အစည်းတွေအားလုံးပါဝင်ပြီး ပတ်ဝန်းကျင်စီမံခန့်ခွဲမှုတွေ ရေးဆွဲပြီး တည့်မတ်ပေးတာ ရှိပါတယ်။

ကျွန်တော်တို့ကော်မတီအနေနဲ့ ကျန်တဲ့ လွှတ်တော်သက်တမ်းကာလမှာ ဆက်ပြီးလုပ်ဆောင်သွားမယ့် အရာတွေရှိပါတယ်။ မြေအောက်ရေဥပဒေလည်း ပါပါတယ်။ ၁၉ ရာစု နှောင်းပိုင်း ဗြိတိသျှအစိုးရလက်ထက်မှာ ရန်ကုန်မြို့ မြေအောက်ရေထုတ်ယူမှုအတွက် ဥပဒေပြဋ္ဌာန်းခဲ့တာ ရှိပါတယ်။ အခုကတော့ တစ်နိုင်ငံလုံးမှာ ထုတ်ယူသုံးစွဲမှုတွေရှိလာပြီ။ စနစ်တကျထုတ်ယူဖို့နဲ့ ရာသီဥတုပြောင်းလဲလာမှု အတွက် ဒီဥပဒေကို ပြင်ဆင်ရေးဆွဲဖို့ လုပ်နေတာ အရှိန်ရနေပါပြီ။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (၂၀၁၂) ကို လည်း ပြင်ဆင်ဖို့ ဆွေးနွေးလျက်ရှိပြီး မြန်မာ့သတ္တုတွင်း ဥပဒေကိုလည်း ဥပဒေပြုပြီးနောက် စိစစ်ရေးလုပ်ငန်းစဉ်နဲ့ လေ့လာလျက်ရှိပါတယ်။

ကျွန်တော်တို့ကော်မတီက ဆောင်ရွက်ရတဲ့ နောက်ထပ်တာဝန်လည်း ရှိပါတယ်။ ဒါက ဘဏ္ဍာငွေအရအသုံး စိစစ်တဲ့ကိစ္စပါ။ နှစ်စဉ်ပြည်ထောင်စုလွှတ်တော်ကို နိုင်ငံတော်အစိုးရက အမျိုးသားစီမံကိန်းဥပဒေနဲ့ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကို အမြဲတင်ပါတယ်။ တင်တဲ့အခါ သက်ဆိုင်ရာကဏ္ဍအလိုက် အဖွဲ့တွေဖွဲ့ပြီး စိစစ်ရပါတယ်။ ကျွန်တော်တို့ ကော်မတီအနေနဲ့ အမျိုးသားလွှတ်တော်မှာရှိတဲ့ ကျွန်တော်တို့ကော်မတီလို ဖွဲ့စည်းထားတဲ့ အလားတူ ကော်မတီနဲ့ ပူးပေါင်းပြီး ဘဏ္ဍာငွေအရအသုံး စိစစ်ရေးပူးပေါင်းအဖွဲ့တွေနဲ့ စိစစ်ရပါတယ်။ သက်ဆိုင်ရာဌာနတွေရဲ့ စီမံကိန်းတွေနဲ့ ရငွေ၊ သုံးငွေတွေကို စိစစ်ရပါတယ်။

နောက်တစ်ခုက နိုင်ငံတကာအဖွဲ့အစည်းတွေ၊ သံတမန်တွေနဲ့ ပူးပေါင်းဆောင်ရွက်မှုပါ။ ဒီလို လာရောက်တွေ့ဆုံတဲ့အခါ ကျွန်တော်တို့ဆောင်ရွက်နေတာတွေ၊ လိုအပ်နေတာတွေ ဒါတွေနဲ့ပတ်သက်ပြီးတော့လည်း ဆွေးနွေးကြပါတယ်။

**မေး။ ။ ဖြည့်စွက်ပြောကြားလိုတာရှိရင် ပြောကြားပေးပါဦး။**

**ဖြေ။** ။ ကျွန်တော်တို့ကတော့ လွှတ်တော်ကဏ္ဍဖြစ်တဲ့အတွက် ဥပဒေပြုရေးက ပထမ ဦးစားပေးဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့အနေနဲ့ ပြည်သူအတွက် အလုပ်လုပ်ပေးဖို့ ဒီနေရာကို ရောက်ရှိနေတာဖြစ်တဲ့အတွက် ကျွန်တော်တို့ကော်မတီနဲ့ သက်ဆိုင်တဲ့ သယံဇာတအမျိုးမျိုးနဲ့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြည်သူတွေရဲ့အခက်အခဲတွေ၊ နစ်နာမှုတွေကိုလည်း ကျွန်တော်တို့ကော်မတီကို ပေးပို့လို့ရပါတယ်။ ကော်မတီရဲ့ Facebook Page ကိုလည်း စတင်ဖွဲ့စည်းခဲ့တဲ့ ၂၀၁၆ ခုနှစ်ကတည်းက တင်ထားခဲ့ပြီး ပြောကြားလိုတာ၊ တိုင်ကြားလိုတာတွေကို ရေးသားပေးပို့နိုင်ကြပါတယ်။ ပုံနှိပ်မီဒီယာတွေကနေတစ်ဆင့် တွေ့ရှိလာတဲ့ ပတ်ဝန်းကျင်ထိခိုက်မှုတွေကိုလည်း သတင်းရင်းမြစ်ကို ရှာဖွေစိစစ်ပြီး ဖြေရှင်းပေးလျက်ရှိပါတယ်။




သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ (၂၇-၁၀-၂၀၁၈ ရက်မှ ၃၁-၁၀-၂၀၁၈ ရက်အတွင်း) တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ သတ္တုတူးဖော်ရေးလုပ်ငန်းများနှင့် သဘာဝနယ်မြေများသို့ လေ့လာရေးသွားရောက်ခဲ့စဉ်။



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ တာဝန်ရှိသူများ ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးများကျင်းပစဉ်ကာလများတွင် ဝန်ကြီးဌာန၏ အစည်းအဝေးခန်းမ၌ တွေ့ဆုံညှိနှိုင်းကြစဉ်။




## မန်ယူအသင်းက ဇာဟာကို ပေါင်သန်း ၇၀ နဲ့ ခေါ်ယူမည်

မန်ယူအသင်းဟာ ခရစ္စတယ်ပဲလေ့စ်တောင်ပံကစားသမား ဇာဟာကို နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ ပြောင်းရွှေ့ကြေးပေါင်သန်း ၇၀ နဲ့ ခေါ်ယူဖို့ စီစဉ်နေပြီး အခုတစ်ကြိမ်ကြိုးပမ်းလာခြင်းဟာ ဒုတိယအကြိမ်လည်း ဖြစ်ပါတယ်။

အိုင်ဗရီကို့စ်ကြယ်ပွင့် ဇာဟာကို မန်ယူအသင်းက နည်းပြဖာဂူဆန်လက်ထက်မှာ ခေါ်ယူခဲ့တာဖြစ်ပြီး ၂၀၁၃ ခုနှစ်က ဖာဂူဆန်မထွက်ခွာမီ နောက်ဆုံးခေါ်ယူခဲ့တဲ့ကစားသမားလည်းဖြစ်ပါတယ်။ ဒါပေမယ့် နည်းပြ ဒေးဗစ်မိုယက်လက်ထက်မှာ နည်းပြနဲ့ အဆင်မပြေလို့ မန်ယူအသင်းကနေ ထွက်ခွာခဲ့တာဖြစ်ပါတယ်။

မန်ယူအသင်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီကလည်း တောင်ပံကစားသမားဇာဟာကို ခေါ်ယူဖို့ စီစဉ်ခဲ့ပေမယ့် ခရစ္စတယ်ပဲလေ့အသင်းက နောက်တန်းကစားသမား ဘစ်ဆာကာကို ပြောင်းရွှေ့ကြေး ပေါင်သန်း ၅၀ နဲ့ မန်ယူအသင်းကို ရောင်းချခဲ့ပြီးဖြစ်လို့ ရန်ပုံငွေမလိုအပ်တဲ့အတွက်ဇာဟာကို မရောင်းချခဲ့တာဖြစ်ပါတယ်။

လက်ရှိအချိန်မှာတော့ ဇာဟာကို ရောင်းချမယ်ဆိုတဲ့သတင်းတွေ ထွက်နေတာဖြစ်ပြီး ခရစ္စတယ်ပဲလေ့ အသင်းဟာ ဇာဟာကို ၂၀၁၅ ခုနှစ်က မန်ယူအသင်းကနေ ပေါင်လေးသန်းနဲ့ ခေါ်ယူခဲ့တာဖြစ်ပါတယ်။

မန်ယူအသင်းအနေနဲ့ ဇာဟာကို ခေါ်ယူဖို့ပစ်မှတ်ထားနေတဲ့အပြင် စပါးအသင်းမှ ဒိန်းမတ်ကွင်းလယ်ကစားသမား အဲရစ်ဆင်ကိုလည်း လာမယ့်ဇန်နဝါရီ အပြောင်းအရွှေ့ကာလအတွင်းမှာ ပြောင်းရွှေ့ကြေးပေါင် ၄၂ သန်းနဲ့ ခေါ်ယူဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။

## ပရီမီယာလိဂ်ဖလားလုဘက် လီဗာပူးအသင်းကို ရှုံးနိမ့်ခဲ့ရခြင်းကြောင့် မန်စီးတီးက ဇန်နဝါရီဈေးကွက်တွင် ပေါင်သန်း ၁၀၀ အထိ သုံးစွဲမည်

မန်စီးတီးအသင်းနည်းပြ ဂွာဒီယိုလာဟာ ပြီးခဲ့တဲ့ တစ်ပတ်က လီဗာပူးအသင်းကို သုံးဂိုး–တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့ရတာကြောင့် လာမယ့်ဇန်နဝါရီဈေးကွက်အတွင်း ကစားသမားခေါ်ယူမှုအတွက် ပေါင်သန်း ၁၀၀ အထိ သုံးစွဲသွားမယ်လို့ဆိုပါတယ်။



မန်စီးတီးအသင်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီကုန်က အသင်းခေါင်းဆောင် ကွန်ပနီ ကစားသမားဘဝကနေ အနားယူသွားခဲ့ပေမယ့် ကွန်ပနီနေရာကို အစားထိုးဖို့မစီစဉ်ခဲ့တဲ့အပြင် အခုလက်ရှိမှာလည်း နောက်တန်းခံစစ်ကြောင်းမှာ လာပေါ့တီ ဒဏ်ရာရရှိနေခဲ့လို့ မန်စီးတီးအသင်းရဲ့ နောက်တန်းခံစစ်က ယိမ်းယိုင်မှုတွေရှိနေခဲ့တာ ဖြစ်ပါတယ်။

ဒါကြောင့် ကွန်ပနီနေရာအတွက် နောက်တန်းကစားသမားတစ်ဦးကို ခေါ်ယူဖို့ စီစဉ်နေပြီး ကွင်းလယ်ပိုင်းမှာဆိုရင်လည်း ဒေးဗစ်ဆေးလ်ဗားနေရာနဲ့ တိုက်စစ်ပိုင်းမှာ အဂူရိုတို့ကိုလည်း အစားထိုး ကစားသမားတွေခေါ်ယူသွားဖို့စီစဉ်နေတယ်လို့ဆိုပါတယ်။ ဒေးဗစ်ဆေးလ်ဗားရဲ့ စာချုပ်သက်တမ်းဟာ အခုရာသီကုန်မှာ ကုန်ဆုံးမှာဖြစ်သလို အဂူရိုရဲ့ စာချုပ်သက်တမ်းကတော့ ၂၀၂၁ မှာ ကုန်ဆုံးမှာဖြစ်ပါတယ်။

လက်ရှိမန်စီးတီးအသင်း ကြုံတွေ့နေရတဲ့ အခက်အခဲက နောက်တန်းခံစစ်ဖြစ်ပြီး အဲဒီနောက်တန်း ပြဿနာကို လီဗာပူးအသင်းက အကောင်းဆုံး အသုံးချနိုင်ခဲ့လို့ သုံးဂိုး–တစ်ဂိုးနဲ့ မန်စီးတီးအသင်း ရှုံးနိမ့်ခဲ့တာလို့လည်း နည်းပြဂွာဒီယိုလာက ယုံကြည်ထားတာဖြစ်ပါတယ်။ လီဗာပူးအသင်းဟာ ပရီမီယာလိဂ် ၁၂ ပွဲကစားအပြီးမှာ တစ်ပွဲသာ သရေကျခဲ့ပြီး ၁၁ ပွဲ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ ဂိုးသမားအီဒါဆင်နဲ့ နောက်ခံလူ လာပေ့ါတီတို့ ဒဏ်ရာရနေတာကြောင့် အဲဒီကစားသမားနှစ်ဦးဟာ ဖေဖော်ဝါရီလရောက်မှသာ အသင်းနဲ့အတူ ပြန်လည်ပွဲထွက်ကစားနိုင်မှာဖြစ်လို့ အဓိကပစ်မှတ် အနေနဲ့ နောက်တန်းခံစစ်ကြောင်းအတွက် ပေါင်သန်း ၁၀၀ အထိသုံးစွဲဖို့ စီစဉ်နေတာ ဖြစ်ပါတယ်။


**ငွေကြယ်– စုစည်းသည်**

**အနုပညာ**




နိုဝင်ဘာ ၁၁ ရက်က နယူးယောက်မှာ ပြုလုပ်ခဲ့တဲ့ Stranger Things ရုပ်သံဇာတ်လမ်းတွဲရဲ့ ယခုနှစ်ရာသီအတွက် စာနယ်ဇင်းမိတ်ဆက်ပွဲကို တက်ရောက်လာတဲ့ မင်းသမီး မီလီဘော်ဘီဘရောင်း။

## Charlie's Angels ရုပ်ရှင်အထူးပွဲ ပြသ



တစ်ချိန်က အလွန်ကို ကျော်ကြားတဲ့ ရုပ်ရှင်တစ်ခုဖြစ်တဲ့ Charlie's Angels ကို ပြန်လည်ဆန်းသစ်ဖန်တီးထားတဲ့ ရုပ်ရှင်သစ်ကို လတ်တလောမှာ လော့စ်အန်ဂျလိစ်မှာ အထူးပွဲ ပြသခဲ့တာဖြစ်ပါတယ်။ ဒီအခမ်းအနားကို ရုပ်ရှင်ရဲ့ အဓိကဇာတ်ဆောင်မင်းသမီး သုံးဦးလုံးတက်ရောက်ခဲ့ကြောင်း မေးလ်အွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လာမယ့် သောကြာနေ့မှာ အဆိုပါရုပ်ရှင်ကို ကမ္ဘာတစ်ဝန်းစတင်ရုံတင်မှာဖြစ်ပြီး ဒီလို ပြသခြင်းမပြုမီ လေးရက်အလိုမှာ အထူးပွဲ ပြသပေးခဲ့တာ ဖြစ်ပါတယ်။ အဆိုပါ အခမ်းအနားရဲ့ ကော်ဇောနီပေါ်ကို ရုပ်ရှင်ရဲ့ အဓိကဇာတ်ဆောင်တွေဖြစ်ကြတဲ့ မင်းသမီး ခရစ်စတင်းစတူးဝပ်၊ နာအိုမီစကော့ထ်နဲ့ အယ်လာတို့ သုံးဦးစလုံးတက်ရောက်ကာ အတူဓာတ်ပုံရိုက်ခဲ့တာကိုလည်း တွေ့ရပါတယ်။

ဒီအခမ်းအနားကို ခရစ်စတင်းစတူးဝပ်က မီနီဝတ်စုံကို ဝတ်ဆင်တက်ရောက်ခဲ့ပြီး ယခင်တွေ့မြင်နေကျ ပုံစံတွေနဲ့ မတူဘဲ ဒီတစ်ကြိမ်မှာတော့ အမျိုးသမီးဆန်ဆန် ပြင်ဆင်ထားတာကိုလည်း တွေ့ရပါတယ်။ နာအိုမီစကော့ထ်ကတော့ အနက်ရောင်ဝတ်စုံနဲ့ လှပနေပြီး အယ်လာကတော့ အသားရောင်ဂါဝန်ရှည်ကြီးကို ဝတ်ဆင်တက်ရောက်ခဲ့တာလည်း ဖြစ်ပါတယ်။ တိုက်ခိုက်ရေးရုပ်ရှင်အမျိုးအစားဖြစ်တဲ့ Charlie's Angels မှာ အပြိုင် သရုပ်ဆောင်ထားကြတဲ့ မင်းသမီး သုံးဦးဟာ အထူးပွဲ ပြသတဲ့ အခမ်းအနားရဲ့ ကော်ဇောနီပေါ် လျှောက်လှမ်းစဉ်မှာ အပြိုင်အဆိုင် ဆွဲဆောင်မှုရှိစွာ လှပနေကြကြောင်းလည်း သိရပါတယ်။

## ကိုယ်အလေးချိန်တက်လာတာကြောင့် ပရိသတ်တွေရဲ့ ဝေဖန်တိုက်ခိုက်မှုတွေခံနေရတဲ့ ဆယ်လီနာဂိုမက်ဇ်

အမေရိကန်ပေါ့ပ်ကြယ်ပွင့် ဆယ်လီနာဂိုမက်ဇ်ဟာ ကိုယ်အလေးချိန်တက်လာခဲ့တာကြောင့် ပရိသတ်တွေရဲ့ ပစ်တင်ဝေဖန်မှုတွေနဲ့ ကြုံနေရကြောင်း လတ်တလောမှာ ထုတ်ဖော်ပြောကြားလာတာ ဖြစ်တယ်လို့ အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဆယ်လီနာဂိုမက်ဇ်ဟာ ပြီးခဲ့တဲ့ နှစ်တွေအတွင်း ဘဝရဲ့ခက်ခဲတဲ့အချိန်တွေကို ဖြတ်သန်းခဲ့ရတယ်လို့ ဆိုရမှာပါ။ ကျန်းမာရေးပြဿနာတွေနဲ့ ကြုံခဲ့ရပြီး ကိုယ်အလေးချိန်တွေလည်း တက်လာခဲ့ပါတယ်။ အတော်လေး ကိုယ်အလေးချိန် တက်လာတဲ့အခါမှာတော့ အချို့သော ပရိသတ်တွေ သူ့ရဲ့ခန္ဓာကိုယ်အလှနဲ့ပတ်သက်ပြီး ဝေဖန်တိုက်ခိုက်တာတွေ ကြုံတွေ့ခဲ့ရကြောင်း လတ်တလောမှာ ပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာ ဖြေကြားခဲ့တာ ဖြစ်တယ်လို့ သိရပါတယ်။

လတ်တလောမှာ အသက် ၂၇ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဆယ်လီနာဂိုမက်ဇ်က သူဟာ ပြီးခဲ့တဲ့နှစ်တွေအတွင်း အရေပြား ရောင်ရမ်းမှုကိုခံစားရပြီး ဒီရောဂါအတွက် ကုသမှုတွေ ခံယူကာ ဆေးတွေသောက်ခဲ့ရတဲ့အခါမှာ ဘေးထွက် ဆိုးကျိုးအဖြစ် ကိုယ်အလေးချိန် တက်လာခဲ့တာ ဖြစ်တယ်လို့ ဆိုပါတယ်။ ဒီလို ကိုယ်အလေးချိန် တက်လာခဲ့တာကြောင့် ပရိသတ်တွေရဲ့ ဝေဖန်မှုတွေနဲ့ရင်ဆိုင်ခဲ့ရပြီး နောက်ပိုင်းမှာ စိတ်ကျန်းမာရေးကိုပါ ထိခိုက်လာကြောင်း သူကဆိုပါတယ်။ ပေါ့ပ်ကြယ်ပွင့်ဟာ စိတ်ကျန်းမာရေးနဲ့ပတ်သက်ပြီး ကုသမှုတွေလည်း ခံယူခဲ့ပါတယ်။

ဆယ်လီနာဂိုမက်ဇ်ဟာ ပရိသတ်တွေရဲ့ ဝေဖန်တိုက်ခိုက်မှုတွေနဲ့ ကြုံခဲ့ရပြီး နောက်ပိုင်းမှာ သူ့ရဲ့ လူမှုကွန်ရက်မီဒီယာကို အသုံးပြုမှု နည်းပါးလာခဲ့ပါတယ်။



နောက်ပိုင်းမှာတော့ လုံးဝအသုံးမပြုတာမျိုးတောင် လုပ်ခဲ့တယ်လို့ ဆိုပါတယ်။ ကုသမှုတွေ ခံယူခဲ့ပြီးနောက်ပိုင်းမှာ ပြန်လည်အသုံးပြုခဲ့ပေမယ့် လက်ရှိအချိန်မှာတောင် သူ့ရဲ့ တိုင်းမ်လိုင်းကို လုံးဝကြည့်လေ့ မရှိဘူးလို့လည်း ဆယ်လီနာက ဖွင့်ဟခဲ့ပါတယ်။ ဆယ်လီနာက လက်ရှိမှာ သူဟာ လူမှုကွန်ရက်မီဒီယာပေါ်မှာ သူ့ရဲ့လှုပ်ရှားမှုတွေနဲ့ပတ်သက်ပြီး ဓာတ်ပုံတွေဖော်ပြကြောင်း၊ သို့သော် သူဖော်ပြခဲ့တဲ့အရာတွေကို ပြန်လည်ကြည့်ရှုတာမျိုး မရှိဘူးလို့လည်း ရင်ဖွင့်ခဲ့ပါတယ်။

**အေးပြည့် စုစည်းသည်**



## ပွင့်ဖြူမြို့နယ်၌ တန်ဆောင်မုန်းလပြည့်နေ့ ကုသိုလ်ကောင်းမှုပြုသူများနှင့် စတုဒိသာကျွေးမွေးလှူဒါန်းသူများဖြင့် စည်ကား

**ပွင့်ဖြူ နိုဝင်ဘာ ၁၂**
မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ တန်ဆောင်မုန်းလပြည့်နေ့ အခါသမယတွင် မြို့ပေါ်ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများနှင့် ဘုရားစေတီပုထိုးများတွင် ကုသိုလ်ကောင်းမှုပြုကြသူများ၊ စေတနာရှင်ပြည်သူများက အဖွဲ့လိုက် စတုဒိသာ ကျွေးမွေးလှူဒါန်းကြသူများဖြင့် စည်ကားလျက်ရှိသည်။

"ကျွန်မတို့မြို့နယ်မှာ နှစ်စဉ်နှစ်တိုင်း ယခုလို တန်ဆောင်မုန်းလပြည့်နေ့ရောက်တိုင်း မြို့ပေါ်ရပ်ကွက်လေးရပ်ကွက်ရှိဒေသခံပြည်သူတွေက မိမိတို့ရပ်ကွက်အလိုက် စတုဒိသာကျွေးမွေးလှူဒါန်းခြင်းနဲ့ ဘုရားစေတီပုထိုးတွေကိုသွားရောက်ပြီး ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်ကြသူတွေနဲ့ အလွန်စည်ကားပါတယ်။ ယခုနှစ်မှာဆိုရင် ကျွန်မတို့ ပွင့်ဖြူမြို့ အနောက်ပိုင်းရပ်ကွက်က ဦးဆောင်ပြီး လောကမာန်အောင်ဘုရားကြီးမှာ မြို့နယ်အတွင်းရှိဒေသခံပြည်သူတွေကို သာဂူကျို၊ မုန့်ပျားသလက်၊ အကြော်မျိုးစုံနှင့် ကြာဆံဟင်းခါးတွေကို ပြုလုပ်ပြီး စတုဒိသာကျွေးမွေးလှူဒါန်းပါတယ်။ လာရောက်အားပေးသုံးဆောင်ကြတဲ့သူတွေနဲ့ အလွန်ကိုစည်ကားပါတယ်။ ဒါ့အပြင် ည ၇ နာရီမှာလည်း စေတနာရှင်ပြည်သူတွေ ထည့်ဝင်လှူဒါန်းငွေနဲ့ လောကမာန်အောင်ဘုရားကြီးကို ဆီမီး ၁၀၀၀ ကပ်လှူပူဇော်ပွဲကိုလည်း ကျင်းပပါတယ်" ဟု ပွင့်ဖြူမြို့ အနောက်ပိုင်းရပ်ကွက်မှ ဒေသခံအမျိုးသမီးတစ်ဦးက ပြောကြား သည်။ **ရဲဝင်းနိုင် (ညောင်ဦး)**

## သုဝဏ္ဏဝတီမြို့ သမိုင်းဝင် ရွှေဘုံသာစေတီတော် ဗုဒ္ဓပူဇနိယပွဲတော် စည်ကား



**သုဝဏ္ဏဝတီ နိုဝင်ဘာ ၁၂**
